# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုမပြုမိအောင်ထိန်းချုပ်**

မကောင်းမှုကို ပြုမိသောသူသည် ထိုမကောင်းမှုကို နောက်တစ်ကြိမ် မပြုမိအောင် စိတ်အလိုဆန္ဒကို ထိန်းချုပ်ရာ၏။ မကောင်းမှုပွားများခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သောကြောင့်တည်း။ မကောင်းမှုကို ဝေးစွာ ရှောင်ရှားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၇)


၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ 31, Wednesday August 2016 (၈၆၇၀)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် အိန္ဒိယနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ယနေ့နံနက်ပိုင်းတွင် နယူးဒေလီမြို့ရှိ India Gate ကို သွားရောက်လေ့လာကြပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

India Gate သည် ပထမကမ္ဘာစစ် ၁၉၁၄ ခုနှစ်မှ ၁၉၂၁ ခုနှစ်အတွင်း ကျဆုံးခဲ့သည့် အိန္ဒိယတပ်မတော်မှ စစ်သည် ၈၂၀၀၀ အတွက် အမှတ်တရပြုလုပ်ထားသော နေရာတစ်ခုဖြစ်သည်။ ဗြိတိန်နိုင်ငံမှ စစ်သည်များနှင့် အရာရှိများအပါအဝင် ဝန်ထမ်း ၁၃၃၀၀ ၏ အမည်များကိုလည်း မှတ်တမ်းတင်ဖော်ပြထားသည်။ India Gate ၏ ပုံစံကို Sir Edwin Lutyens က ပုံဖော်ခဲ့ပြီး ယင်းဂိတ်မှာ စစ်ဘေးအထိမ်းအမှတ်ဖြစ်သော်လည်း triumphal arch ဗိသုကာပုံစံဖြင့် တည်ဆောက်ထားကြောင်း သိရသည်။

ထို့နောက် Akshardham သို့ ရောက်ရှိပြီး အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနှင့် ဟိန္ဒူဘာသာရေး အမွေအနှစ်များဖြစ်သည့် ကျောက်သားအဆောက်အအုံများ၊ ကျောက်သားများပေါ်တွင် ရုပ်လုံးဖော်တည်ဆောက်ထားသည့် အနုပညာလက်ရာများ၊ ပန်းချီကားများနှင့် ရုပ်တုများကို လှည့်လည်ကြည့်ရှုပြီး Hall of Values and Cultural Boat Ride အတွင်း လှေစီး၍ လေ့လာကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် အိန္ဒိယနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိရာ နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

# ရခိုင်ပြည်နယ်အခြေအနေသည် နက်ရှိုင်းရှုပ်ထွေးသည့်အတွက် ပြဿနာအရင်းအမြစ်များ ဖြေရှင်းရာတွင် စိန်ခေါ်မှုများရှိနေဟု သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ပြောကြား



**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့သည် ယနေ့ ညနေ ၆ နာရီ ၅ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအပေါ် ကုလသမဂ္ဂမှ ဆက်လက်ကူညီပံ့ပိုးရန်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီရန်အသင့်ရှိမှု၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား လက်ရှိနှင့်အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲကို ကျင်းပရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက မြန်မာနိုင်ငံ၌ လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ရှေးဟောင်းသာသနိကအဆောက်အအုံများစွာ

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)




## ကြေးမုံ

# မြန်မာနိုင်ငံ၏ ထာဝရပန်းတိုင်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ယနေ့စတင်ကျင်းပပြီ။ မြန်မာနိုင်ငံနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်စောင့်စားအလေးထားသည့် ထိုအစည်းအဝေးဖွင့်ပွဲ ပထမနေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌ နှစ်ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ခေါင်းဆောင်တစ်ဦး၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်တစ်ဦးတို့က အဖွင့်အမှာစကားပြောကြားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အကြိမ်ကြိမ်ကျင်းပခဲ့ရာ ယခုကျင်းပသော ညီလာခံသည် အရပ်သားအစိုးရက ပထမဆုံးဦးစီးကျင်းပသည့် (၂၁)ရာစုပင်လုံညီလာခံဖြစ်ပြီး ထူးခြားလေးနက်မှုအသွင်ဆောင်သည်။ ယခုကျင်းပသည့်ညီလာခံမှာ မြန်မာနိုင်ငံအတွက် အရေးကြီးသည်သာမက နိုင်ငံတကာကပင် အလေးအနက်ထားလေ့လာစောင့်ကြည့်နေပေရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းလည်း ဖွင့်ပွဲနေ့သို့တက်ရောက်ပြီး အမှာစကားပြောကြားမည်ဖြစ်သည်။

ယင်းကိုထောက်ရှုသော် ကုလသမဂ္ဂအဖွဲ့အစည်း၏ခေါင်းဆောင်ဖြစ်သူက ကမ္ဘာ့နိုင်ငံများကိုယ်စား လွတ်လပ်သော မြန်မာနိုင်ငံအပေါ်တွင် မေတ္တာထားကြသည်ဟူ၍ ယူဆနိုင်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် စစ်မက်မဖြစ်ပွားဘဲ တိုင်းပြည်တကာတို့ ငြိမ်းငြိမ်းချမ်းချမ်းရှိကြဖို့အရေးကို နိုင်ငံအများက လိုလားကြသည့်နည်းတူ ကျွန်ုပ်တို့နိုင်ငံအနေဖြင့်လည်း ယခုပြုလုပ်လျက်ရှိသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှတစ်ဆင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို အဆုံးသတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ထိုကဲ့သို့ နိုင်ငံအများက ငြိမ်းချမ်းရေးလိုလားနေသောအချိန်၌ ကိုလံဘီယာနိုင်ငံတွင် အစိုးရနှင့် လက်နက်ကိုင်ခဲ့ထွက်ရေးအဖွဲ့ FARC တို့ကြားတွင် ရယူထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ပြီးခဲ့သည့်ရက်က စတင်ဖော်ဆောင်နိုင်ခဲ့ကြောင်း ကြားသိလိုက်ရသည်။ ကိုလံဘီယာနိုင်ငံတွင် ၅၂ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သော ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်မည့် ငြိမ်းချမ်းရေးသဘောတူညီမှုကို ရယူနိုင်ခဲ့ခြင်းမှာ ကိုလံဘီယာပြည်သူများအတွက် ကြီးကျယ်သော အောင်ပွဲတစ်ရပ်ပင်ဖြစ်သည်။ ကိုလံဘီယာအစိုးရနှင့် FARC လက်နက်ကိုင်အဖွဲ့တို့သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို လေးနှစ်ကြာပြုလုပ်ခဲ့ပြီးနောက် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ရယူနိုင်ခဲ့ပြီး လာမည့်လ၌ ငြိမ်းချမ်းရေးသဘောတူညီမှုစာချုပ်ကို အပြီးသတ်လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်သည်။

ထိုကဲ့သို့ အောင်မြင်မှုရရှိခဲ့သည့်အတွက် ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရယ်ဆန်တို့စ်က "ကျွန်တော်တို့နိုင်ငံအတွက် အနာကျင်ရဆုံး စာမျက်နှာတွေ အဆုံးသတ်တော့မှာဖြစ်ပါတယ်။ သမိုင်းဝင်ခြေလှမ်းမျိုး လှမ်းနိုင်အောင် ပူးပေါင်းပါဝင်ခဲ့သူအားလုံးကို ကျေးဇူးတင်ရပါလိမ့်မယ်" ဟု ပြောကြားခဲ့သည်။ နှစ်ပေါင်း ၅၀ ကျော်ကြာ ငြိမ်းချမ်းမှုနှင့်အလှမ်းဝေးခဲ့ရပြီး စစ်ဘေးစစ်ဒဏ်ခံခဲ့ကြသော ကိုလံဘီယာနိုင်ငံတွင် ပြည်တွင်းစစ်လုံးဝပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်းနှင့် ပြည်တွင်းစစ်ကြောင့် နိုင်ငံအတွင်း ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် တောင်းပန်ပါကြောင်း၊ ကိုလံဘီယာနိုင်ငံသားများအနေဖြင့် ညီရင်းအစ်ကိုတမျှ ချစ်ကြည်ရင်းနှီးစွာ အတူတကွယှဉ်တွဲနေထိုင်ဖို့ကိုလည်း တောင်းဆိုပါကြောင်း FARC လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်က ပြောကြားခဲ့သလို ကိုလံဘီယာတပ်မတော်ဘက်ကလည်း ထာဝရအပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့သည်။

ကိုလံဘီယာနိုင်ငံအတွက် ဝမ်းမြောက်ပီတိဖြစ်မိသည်။ ငြိမ်းချမ်းရေးနှင့်နှစ်ပေါင်း ၆၀ ကျော် အလှမ်းဝေးနေသေးသည့် မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်တွင်းစစ်များ ထာဝရချုပ်ငြိမ်းရေးအတွက် ငံ့လင့်နေကြသည်။ ယခုအခါ ပစ်ခတ်တိုက်ခိုက်မှုများ အပြီးတိုင်ရပ်ဆိုင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို မြင်တွေ့နေရသည်။ နှစ်ဖက်ခေါင်းဆောင်များ ရင်ကြားစေ့ကာ ပြည်သူများအကျိုးကို ရှေးရှုဆောင်ရွက်ခဲ့သည့် ကိုလံဘီယာမှာ ပြရုပ်တစ်ခုဖြစ်သည်။ အနေအထားမတူသော်လည်း မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအနေဖြင့်လည်း မဝေးတော့သည့်ကာလတွင် ထာဝရငြိမ်းချမ်းရေးရရှိအောင် ညီညီညွတ်ညွတ် ရင်ကြားစေ့နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံထောက်ခံပွဲ ပခုက္ကူ၌ကျင်းပ

**ပခုက္ကူ ဩဂုတ် ၃၀**

ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် ရည်ရွယ်ကျင်းပလျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကြိုဆိုထောက်ခံပွဲကို ယနေ့နံနက် ၈ နာရီက ပခုက္ကူမြို့၌ ကျင်းပသည်။

ပခုက္ကူမြို့ အမှတ် (၁၁)ရပ်ကွက်နေသူ ဦးသက်ကြူ ဦးဆောင်၍ ဒေသခံရဟန်းရှင်လူပြည်သူများ၊ အဖွဲ့အစည်းများပါဝင်သောအဖွဲ့သည် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် ပခုက္ကူမြို့ အမှတ် (၁၅)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံစုရပ်မှ မြို့မလမ်းအတိုင်း ပြည်ထောင်စုကြီး စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအောင်မြင်ရေး ကြွေးကြော်သံများ၊ ဗီနိုင်းဆိုင်းဘုတ်များကိုင်ဆောင်၍ အမှတ် (၈)ရပ်ကွက် လွတ်လပ်ရေးပန်းခြံအထိ ချီတက်ကြသည်။

ထို့နောက် လွတ်လပ်ရေးကျောက်တိုင်ရင်ပြင်၌ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ထောက်ခံပွဲ မုံရွာမြို့၌ ကျင်းပ

**မုံရွာ ဩဂုတ် ၃၀**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ကြိုဆိုထောက်ခံပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာများသမဂ္ဂ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခိုင်မျိုးထွန်း၊ ရှမ်းတိုင်းရင်းသားများနှင့် အထက်ချင်းတွင်းဥရုဒေသ လူမှုကူညီရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်၊ ရှမ်းတိုင်းရင်းသားများ ယဉ်ကျေးမှုဗဟိုကော်မတီ တက္ကသိုလ်များမုံရွာမှ ဦးစိုင်းခွန်ယီခမ်း၊ နာဂတိုင်းရင်းသား ဟော့ချဲအဖွဲ့ကိုယ်စားလှယ်၊ (၈၈)မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း (မုံရွာ)မှ ဒေါ်နု၊ ချင်းအမျိုးသားများ ကြယ်မာအဖွဲ့မှ ကိုယ်စားလှယ်၊ ကချင်စာပေနှင့် ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသားများအဖွဲ့မှ ဂွမ်ဆိုင်းဆန်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ်မှ ကိုခန့်ဝေဖြိုး၊ မုံရွာစီးပွားရေးတက္ကသိုလ် ကျောင်းသားများအဖွဲ့အစည်းပေါင်းစုံမှ ကိုယ်စားလှယ် ကိုထူးခေါင်၊ စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက်မှ ကိုယ်စားလှယ် ကိုဝေမိုးနိုင်တို့က (၂၁)ရာစုပင်လုံညီလာခံအပေါ် သဘောထားကြေညာချက်များကို အသီးသီးဖတ်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါကြိုဆိုထောက်ခံပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ လူငယ်ကွန်ရက်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ လူမှုကူညီရေးအသင်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**







## ငြိမ်းချမ်းရာရပ်ဝန်းဆီ

လာသူငယ်ချင်း
မင်းလည်းလူ
ငါလည်းလူမို့
လူ့ဘဝ
ခဏရခိုက်မှာ
အချင်းမများ
ဘေးမပွားဘဲ
ငြိမ်းချမ်းရေးတွက်
တစ်စားပွဲတည်းထိုင်
ဆွေးနွေးကြမယ်
မတူတာတွေ ဘေးဖယ်
တူတာတွေ ရွေးချယ်လို့
ညီညီညာလှမ်းလျှောက်ကြပါစို့
နောင်မျိုးဆက်
အကျိုးမျှော်ကာ
နှိုးဆော်တယ် သူငယ်ချင်း
လက်တွဲကာတူပေါင်းစုံလို့
ငြိမ်းချမ်းရေးပန်းတိုင်ကို
လှမ်းကိုင်ဖို့ အရေး
ငြိမ်းချမ်းရေး ရပ်ဝန်းဆီသို့
သွားကြစို့ သူငယ်ချင်း ။ ။

ဇော်လင်းဦး(အောင်စံ)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ထောက်ခံဂုဏ်ပြုအပ်ပါသည်။

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်တွင်းရေးရာ

**❂ နိုင်ငံတော်သမ္မတမှ**

Akshardham ကို ၂၀၀၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းမှ စေတနာ့ဝန်ထမ်း ၈၀၀၀ ကျော်က ပါဝင်ဆောက်လုပ်ခဲ့သည်။ ယင်းကို သဲကျောက်၊ စကျင်ကျောက်တို့ကို ထွင်းထုဖန်တီးတည်ဆောက်ထားပြီး ဘာသာရေးဆိုင်ရာပြပွဲများ၊ ရေပန်းများ၊ ဥယျာဉ်များဖြင့်အလှဆင်ပြသထားသည်။ ဟိန္ဒူဘာသာရေးဆိုင်ရာ ယုံကြည်မှုဓလေ့ထုံးတမ်းများနှင့် ရှေးဟောင်းတည်ဆောက်ပုံများ၊ အနုပညာလက်ရာများကို ထုဆစ်ထားကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် အိန္ဒိယနိုင်ငံမှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အိန္ဒိယသံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

## India Gate လေ့လာ

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ နယူးဒေလီမြို့ရှိ India Gate ကို သွားရောက်လေ့လာကြစဉ်။

**(သတင်းစဉ်)**





## Akshardham လှည့်လည်ကြည့်ရှု

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့ Akshardham ရှိ အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို လှည့်လည်ကြည့်ရှုစဉ်။**

(သတင်းစဉ်)

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း အလုပ်သဘောခရီးဖြင့် နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၃၀

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် ဇနီးတို့သည် အလုပ်သဘောခရီးဖြင့် ယနေ့ ညနေ ၅ နာရီ ၂၂ မိနစ်တွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးတို့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဇနီး ဒေါက်တာမြသီတာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းနှင့် ဇနီး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေနမ်ဘီးယား၊ ကုလသမဂ္ဂညှိနှိုင်းရေးမှူး၊ UNDP ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



မစ္စတာ ဘန်ကီမွန်းသည် မြန်မာနိုင်ငံသို့ ၂၀၀၈ ခုနှစ်၊ ၂၀၀၉ ခုနှစ်၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ရောက်ရှိခဲ့ဖူးပြီး ယခုအကြိမ်သည် ပဉ္စမအကြိမ်ဖြစ်သည်။ ၎င်းသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်မှု သက်တမ်းကုန်ဆုံးပြီဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ဂုတ်တွင်းလမ်းခြောက်ထပ်ကွေ့တွင် လမ်းပြုပြင်ချိန် ယာဉ်အသွားအလာ ခေတ္တပိတ်မည်

**ကျောက်မဲ ဩဂုတ် ၃၀**

မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ နောင်ချိုနှင့်ကျောက်မဲမြို့နယ်ကြား ဂုတ်တွင်းလမ်းခြောက်ထပ်ကွေ့၌ ဩဂုတ် ၃၁ ရက်တွင် လမ်းပြုပြင်မည်ဖြစ်သည်။

မော်တော်ယာဉ်ကြီးများ မကြာခဏယာဉ်မတော်တဆမှုဖြစ်ပွားပြီး ကားလမ်းပိတ်လေ့ရှိသော အဆိုပါ ကျောက်မဲဘက်ခြမ်းမှ ခြောက်ထပ်ကွေ့နေရာကို သက်ဆိုင်ရာကုမ္ပဏီက လမ်းပြုပြင်သွားမည်ဖြစ်၍ ယင်းလမ်းပြင်ဆင်ချိန်အတွင်း မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ ယာဉ်အသွားအလာများ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်းသိရသည်။ **သီပေါကိုလတ်**



# ဘန်ကီမွန်းအား စင်ကာပူအမျိုးသားတက္ကသိုလ်က ပါရဂူဘွဲ့ပေးအပ်ချီးမြှင့်



**စင်ကာပူ ဩဂုတ် ၃၀**
စင်ကာပူနိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ်ခရီးရောက်ရှိလာသည့်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်းအား စင်ကာပူအမျိုးသားတက္ကသိုလ်က ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ဩဂုတ် ၃၀ ရက်တွင် ပေးအပ်ချီးမြှင့်ခဲ့သည်။

ဘန်ကီမွန်းအား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို စင်ကာပူသမ္မတ စင်ကာပူအမျိုးသား တက္ကသိုလ် အဓိပတိ တိုနီတန်ကန်ယမ်းက ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့သည် ဘန်ကီမွန်း၏ ကမ္ဘာလုံးဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားအားထုတ် ဆောင်ရွက်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ပေးအပ်ချီးမြှင့်ခြင်းဖြစ်သည်။

ဘန်ကီမွန်း၏ ခေါင်းဆောင်မှုသည် ကမ္ဘာတစ်ဝန်းလုံးရှိ လူသားအားလုံး၏အကျိုးစီးပွားကို ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်ခဲ့ကြောင်း၊ ယနေ့ လူသားများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းရန် ဘန်ကီမွန်း၏ ကြိုးစားအားထုတ်မှုများကို ကျွန်တော်တို့ ချီးကျူးဂုဏ်ပြုပါကြောင်း စင်ကာပူအမျိုးသားတက္ကသိုလ် ပါမောက္ခချုပ် တန်ချီချွမ်က ပြောကြားသည်။ ဘန်ကီမွန်းက စင်ကာပူအမျိုးသားတက္ကသိုလ်၏ ချီးကျူးဂုဏ်ပြုမှုကို ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားသည်။

" လွန်ခဲ့တဲ့ဆယ်စုနှစ်အတွင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တစ်ယောက်အနေနဲ့ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ တံ့ပြန်ဆောင်ရွက်ချက်တွေ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့အတွက်သာမက ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်အောင်လည်း ကျွန်တော်ကြိုးစားခဲ့ပါတယ်။ ကျွန်တော်တို့ လူသားတွေကြားမှာ စာနာရိုင်းပင်းကူညီမှုတွေ ပိုမိုလိုအပ်နေသလို နိုင်ငံတွေကြားမှာလည်း စည်းလုံးညီညွတ်မှုတွေလိုအပ်နေပါတယ်။ ကျွန်တော်တို့တွေ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့ကမ္ဘာကြီးကို ဖန်တီးနိုင်မှာဖြစ်ပါတယ်ဟု" ဟု ဘန်ကီမွန်းက ပြောကြားသည်။

**ဆင်ဟွာ။**

# အီရတ်တွင် မင်္ဂလာပွဲတစ်ခု တိုက်ခိုက်ခံရမှုကြောင့် ၁၇ ဦးသေဆုံး

ကာဘလာ ဩဂုတ် ၃၀

**အီရတ်နိုင်ငံအလယ်ပိုင်း ကာဘလာမြို့အနီးတွင် မင်္ဂလာပွဲတစ်ခုကို သေနတ်သမားများက တိုက်ခိုက်မှုကြောင့် ၁၇ ဦးသေဆုံးခဲ့ရသည်။ အစ္စလာမ္မစ်နိုင်ငံ(အိုင်အက်စ်)တို့နှင့် ဆက်နွယ်မှုရှိသည့် Amaq သတင်းဌာနက အဆိုပါသွေးထွက်သံယိုတိုက်ခိုက်မှုနောက်ကွယ်တွင် လက်နက်ကိုင်စစ်သွေးကြွများ ရှိနေသည်ဟု ပြောကြားသည်။**



တနင်္ဂနွေနေ့ညတွင် လက်နက်ကိုင်စစ်သွေးကြွ ငါးဦးက မင်္ဂလာဆောင်အခမ်းအနားကို စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး အသေခံဗုံးဖောက်ခွဲမှုတစ်ခုပြုလုပ်ခဲ့သည်။ နောက်ဆုံးရရှိသည့် သတင်းများအရ အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူ ၁၇ ဦးသေဆုံးပြီး ၂၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ကာဘလာမြို့သည် ရှီးယားမွတ်စလင်တို့၏ အထွတ်အမြတ်ထားရာမြို့တစ်မြို့ဖြစ်ပြီး အိုင်အက်စ်စစ်သွေးကြွများက ဒေသခံရှီးယားမွတ်စလင်တစ်ဦးကိုလည်း သတ်ဖြတ်သွားခဲ့သည်ဟု Amaq သတင်းဌာနက ပြောကြားသည်။

အမေရိကန်နိုင်ငံက ထောက်ပံ့ပေးထားသည့် အီရတ်တပ်ဖွဲ့များ၏ လက်ဦးမှုယူ တိုက်ခိုက်မှုများကြောင့် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများသည် နယ်မြေများဆုံးရှုံးကာ ဆုတ်ခွာထွက်ပြေးနေကြရသည်။ အီရတ်တပ်ဖွဲ့များသည် ဖော်လူဂျာမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး ယခုအခါ အိုင်အက်စ်တို့အခိုင်အမာ ခြေကုပ်ယူထားသည့် မိုလ်ဆူးမြို့ကို ပြန်လည်သိမ်းပိုက်ရန် တိုက်ခိုက်လျက်ရှိသည်။ သို့သော် အိုင်အက်စ်စစ်သွေးကြွများက အီရတ်နိုင်ငံတစ်ဝန်းတွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ အရှိန်မြှင့်ပြုလုပ်လာနိုင်သည်ဟု ယူဆရသည်။

**အင်န်အိတ်ချ်ကေ။**

# ယီမင်နိုင်ငံတောင်ပိုင်း အေဒင်ဆိပ်ကမ်းမြို့၌ အသေခံဗုံးခွဲတိုက်ခိုက်၊ ၄၅ ဦးသေဆုံး၊ ၆၀ ကျော်ဒဏ်ရာရ

**အေဒင် ဩဂုတ် ၃၀**
ယီမင်နိုင်ငံတောင်ပိုင်းရှိ အေဒင်ဆိပ်ကမ်းမြို့တွင် ဩဂုတ် ၂၉ရက်က ဒေသတွင်းရှိ ပြည်သူ့စစ်များထိန်းချုပ်ထားသော အဆောက်အအုံတစ်လုံး၏ ခြံစည်းရိုးတစ်ခုအတွင်းသို့ လူတစ်ဦးကဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသော ကားတစ်စီးဖြင့်မောင်းဝင်ကာ အသေခံဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ လူ၄၅ဦး ထက်မနည်းသေဆုံးသွားကြောင်း ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူ ဆန်စ်ရောင်တီယာကပြောကြားသည်။ ယင်းအသေခံဗုံးဖောက်ခွဲမှုမှာ အေဒင်ဆိပ်ကမ်းမြို့၌ လူအသေပျောက်အများဆုံးအသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ၆၀ကျော်ကို အေဒင်မန်ဆောဂရာ ခရိုင်ရှိ ကုသိုလ်ဖြစ်ဆေးကုသရေးအဖွဲ့၏ ဆေးရုံသို့တင်ပို့ပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အဆိုပါ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကမျှ တာဝန်ယူပြောကြားခြင်းမရှိသော်လည်း ယင်းမြို့တွင် ယခင်ကဖြစ်ပွားခဲ့သော အစ္စလာမ္မစ်နိုင်ငံ(အိုင်အက်စ်)တို့၏အသေခံဗုံးဖောက်ခွဲမှုနှင့် အလားသဏ္ဌာန်တူညီကြောင်း သတင်းတွင်ဖော်ပြသည်။

နိုင်ငံတကာထောက်ခံမှုပေးထားသည့် ယီမင်သမ္မတအဗ္ဗဒူရာကူမန်ဆောဟာဒီ၏မဟာမိတ်တပ်ဖွဲ့မှ စစ်သားစုဆောင်းရေးဌာန အခြေစိုက်ထားသည့် စာသင်ကျောင်းတစ်ခုကို အသေခံဗုံးဖောက်ခွဲသူက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း၊ တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် ၎င်းတို့မှာ နံနက်စာစားသုံးရန်စုဝေးနေချိန်ဖြစ်ကြောင်း ယီမင်လုံခြုံရေးတာဝန်ရှိသူများက



ပြောကြားကြသည်။

ပေါက်ကွဲမှုဖြစ်ပွားရာမှ လွင့်ပျံလာသောအပျက်အစီးအစိတ်အပိုင်းများသည် လူနေရပ်ကွက်အတွင်းသို့ လွင့်ပျံကျလာပြီး လူအများမှာ ထွက်ပြေးတိမ်းရှောင်ကြရကြောင်း မျက်မြင်တွေ့ရှိသူများကပြောကြားကြသည်။ ဟူသီသူပုန်များနှင့် သမ္မတ ဟာဒီအားထောက်ခံသူများအကြားဖြစ်ပွားသည့် သက်တမ်းဝ၈လရှည်ကြာလာသည့် ပြည်တွင်းစစ်ကိုအခွင့်ကောင်းယူ၍ အိုင်အက်စ်တို့က ယီမင်အထက်တန်းအရာရှိများ၊ ဘာသာရေးခေါင်းဆောင်များ၊ လုံခြုံရေးတပ်ဖွဲ့များနှင့် သမ္မတဟောင်းဟာဒီအားထောက်ခံသည့် ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့တို့၏ခြံဝင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

## တရုတ်ကွန်မြူနစ်ပါတီညီလာခံမကျင်းပမီ ပါတီရာထူးနေရာများ၌ အပြောင်းအလဲပြုလုပ်

**ပေကျင်း ဩဂုတ် ၃၀**
တရုတ်နိုင်ငံ၌ လာမည့်နှစ်တွင် ပါတီညီလာခံကို ကျင်းပရန်ရှိနေစဉ် ကွန်မြူနစ်ပါတီ၏ပြည်နယ်အဆင့် ပါတီခေါင်းဆောင်နေရာ သုံးနေရာအတွက် ရာထူးနေရာအပြောင်းအလဲများပြုလုပ်ရန် သမ္မတရှီကျင့်ဖျင်က ညွှန်ကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၌ အာဏာရကွန်မြူနစ်ပါတီ၏ ပါတီညီလာခံကို ငါးနှစ်လျှင် တစ်ကြိမ်ကျင်းပသည်။ လာမည့်ဆောင်းဦးပေါက်ရာသီ၌ ကျင်းပမည်ဟု မျှော်လင့်ရသောပါတီညီလာခံတွင် သမ္မတရှီကျင့်ဖျင်က ၎င်း၏အာဏာပိုင်စိုးမှု ခိုင်မြဲစေရေးအတွက် ကြိုးပမ်းမည်ဟု နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။ သမ္မတရှီသည်အဖွဲ့ဝင် ၂၅ဦးပါ နိုင်ငံရေးဦးဆောင်အဖွဲ့(ပေါ်လစ်ဗျူရို)နှင့် အဖွဲ့ဝင်ခုနစ်ဦးပါ ပေါ်လစ်ဗျူရိုအမြဲတမ်းကော်မတီတို့တွင် ၎င်း၏မဟာမိတ်များပါဝင်ခွင့်ရရှိခြင်းအတွက် ကြိုးပမ်းမည်ဟု မျှော်လင့်ရသည်။

ကွန်မြူနစ်ပါတီ၏ အကြီးအကဲလည်းဖြစ်၊ စစ်ရေးစစ်ရာအကြီးအကဲလည်းဖြစ်သူရှီသည် ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီကို ဦးဆောင်လျက်ရှိသည်။ အဆိုပါကော်မတီသည် တရုတ်နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းများအနက် အမြင့်ဆုံးအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

တရုတ်နိုင်ငံ၏အရေးကြီးသော ပြည်နယ်များ၏ပါတီအကြီးအကဲရာထူးနေရာများနှင့် အစိုးရအဖွဲ့ဆိုင်ရာ ရာထူးနေရာများတွင် ရှီ၏မဟာမိတ်များကို ခန့်အပ်ဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

## ထိုင်းနိုင်ငံ၌ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများ အစ္စလာမ္မစ်သူပုန်များနှင့်ဆက်နွယ်နေဟုဆို

**ဗန်ကောက် ဩဂုတ် ၃၀**
ထိုင်းနိုင်ငံ၌ ဩဂုတ်လအတွင်း ကမ္ဘာလှည့်ခရီးသွားများအလည်အပတ်လာရောက်လေ့ရှိသောမြို့များတွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ တတိယမြောက်မသင်္ကာရသူတစ်ဦးကို ရဲတပ်ဖွဲ့က မည်သူမည်ဝါဖြစ်သည်ဟု ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံ၌ ဩဂုတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများကြောင့် လေးဦးသေဆုံးခဲ့ရသည်။ ယင်းအကြမ်းဖက်တိုက်ခိုက်မှုများသည် ထိုင်းနိုင်ငံတောင်ပိုင်း၌ လှုပ်ရှားနေသောခွဲထွက်ရေးဝါဒီ အစ္စလာမ္မစ်သူပုန်များနှင့်ဆက်နွယ်မှုမရှိဟု အာဏာပိုင်များက အစောပိုင်းတွင် ပြောကြားခဲ့ကြသည်။

သို့ရာတွင် ဗုံးခွဲတိုက်ခိုက်မှုများနှင့်ပတ်သက်၍ တတိယမြောက်မသင်္ကာရသူတစ်ဦးကိုဖမ်းဆီးနိုင်ရန် ရဲတပ်ဖွဲ့ကဆောင်ရွက်နေပြီး ရဲတပ်ဖွဲ့က စစ်ဆေးမေးမြန်းလိုသူ သုံးဦးစလုံးမှာ ယခင်ကဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများအတွက် တာဝန်ရှိသူများဖြစ်သည်ဆို၏။

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ပြည်နယ်များ၌ ယခင်ကဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများအတွက် အစ္စလာမ္မစ်သူပုန်များကို ပြစ်တင်ရှုတ်ချခဲ့သည်။ ဩဂုတ်လအတွင်းဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများနှင့်ပတ်သက်၍ ပါဝင်ပတ်သက်နေသူတစ်ဦးအဖြစ် မသင်္ကာရသူ တတိယမြောက်အမျိုးသားတစ်ဦးမှာ အဆာမင်ကာတေးမာဒီဆိုသူဖြစ်ကြောင်း၊ ၎င်းကို ၂၀၁၅ ခုနှစ်က ကမ္ဘာလှည့်ခရီးသည်များလာရောက်လေ့ရှိရာ ဆာမွေကျွန်း၌ ဗုံးခွဲတိုက်ခိုက်မှုအတွက် ရဲတပ်ဖွဲ့ကအလိုရှိနေသူဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် ပြည်တွင်းမှ တတ်၊ သိ ပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း အရေးကြီးအဆိုတင်သွင်း

**နေပြည်တော် ဩဂုတ် ၃၀**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ် ပေါက်တောမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံက အရေးကြီးအဆိုတစ်ရပ် တင်သွင်းသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ဩဂုတ် ၂၄ ရက် သတင်းထုတ်ပြန်ချက်အရ ဖွဲ့စည်းသွားမည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် နိုင်ငံခြားသားသုံးဦး ပါဝင်နေခြင်းသည် မိမိနိုင်ငံ၏ ပြည်တွင်းရေးပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးပေးရာရောက်စေပါသဖြင့် အဆိုပါကော်မရှင်တွင် ပြည်တွင်းမှ တတ်၊ သိ ပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း နိုင်ငံတော်အစိုးရသို့တိုက်တွန်းသည့် အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံက တင်သွင်းပြီး ရခိုင်ပြည်နယ် ဘူးသီးတောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေက ထောက်ခံဆွေးနွေးသည်။ ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကာ အဆိုကို ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာသည်။


ဦးအောင်ကျော်ဇံ


ဦးမြင့်လွင်

တံ့တေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၏ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား လွတ်လပ်သော ကုန်သွယ်ရေးနယ်မြေစာချုပ် ချုပ်ဆိုထားခြင်း ရှိ၊ မရှိ နှင့် ရောမစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်သော ကုန်သွယ်မှုဒေသခြောက်ခုတွင် ပါဝင်အကောင်အထည်ဖော်လျက်ရှိပြီး ယင်းတို့မှာ အာဆီယံဒေသတွင်းလွတ်လပ်သော ကုန်သွယ်မှုဒေသ၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ၊ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ၊ အာဆီယံ-ဂျပန် လွတ်လပ်သောကုန်သွယ်မှုဒေသ၊ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ၊ အာဆီယံ-အိန္ဒိယ လွတ်လပ်သော ကုန်သွယ်မှုဒေသတို့ ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရေးထိုးထားသည့် လွတ်လပ်သော ကုန်သွယ်မှုဒေသသဘောတူစာချုပ်မရှိပါကြောင်း၊ နိုင်ငံတကာရာဇဝတ်ခုံရုံး၏ ကျောရိုးဖြစ်သည့် ရောမစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရန် သင့်၊ မသင့်ကို မိမိနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လေ့လာသုံးသပ်ပြီးမှသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားသည်။

လေရှီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေး၏ အစိုးရဝန်ကြီးဌာနများ၏ ဘတ်ဂျက်များ ခွဲဝေချထားရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ အမှန်တကယ် ဒေသပေါက်ဈေးနှင့်အညီ တွက်ချက်ခွဲဝေချထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဘတ်ဂျက်ရေးဆွဲရာတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများကိုလည်းကောင်း မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်များနှင့်ပတ်သက်ပြီး ဒေသပေါက်ဈေးနှုန်းဖြင့် တွက်ချက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဘတ်ဂျက်ကို လျာထားရေးဆွဲကာ အဆိုပြုတင်ပြနိုင်ပါကြောင်း၊ သက်ဆိုင်ရာကော်မတီများက စိစစ်သည့်အခါတွင်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ထောက်ခံထားသည့် ဒေသန္တရဈေးနှုန်းများကို အသုံးပြု၍ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ဘတ်ဂျက်ခွဲဝေချထားရာတွင် ဌာနအဖွဲ့အစည်းများသည် ဒေသဈေးနှုန်းများဖြင့် လျာထားတွက်ချက်တင်ပြလာပါက သက်ဆိုင်ရာကော်မတီများက စိစစ်ပြီး ခွဲဝေချထားပေးလျက်ရှိပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာကော်မတီများသို့လည်း ထပ်မံအတည်ပြုအကြောင်းကြား၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းရာ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျိုင်းတုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်က ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယနေ့တွင် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပုဂံဒေသတွင်ပျက်စီးခဲ့သည့် ရှေးဟောင်းအမွေအနှစ်ဘုရား၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ် တစ်ရက်စာကို ပေးလှူရန် လွှတ်တော်၏ သဘောတူညီမှုကို ရယူပြီး စုပေါင်းလှူဒါန်း ငွေကျပ် သိန်း ၁၅၀ ကို ပေးလှူမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**(သတင်းစဉ်)**

# ရှေးဟောင်းစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ်ကို စုပေါင်းလှူဒါန်း

**နေပြည်တော် ဩဂုတ် ၃၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၃)ရက်မြောက်နေ့တွင် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဒေသရှိ ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို စုပေါင်းလှူဒါန်းရန် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုခဲ့သည်။


ဦးခွန်သိန်းဖေ

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ၏ "တောင်ကြီးမြို့နယ်အတွင်းရှိ ဂနိုင်ရွေး-ဖက်ကွန်-လင်းလေလမ်းအား ကတ္တရာလမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဂနိုင်ရွေး-ဖက်ကွန်-လင်းလေလမ်းပိုင်း၌ပါဝင်သော ဂနိုင်ရွေး-ကန်လောင်းလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် (၁၉၂ ဒသမ ၃၆၇)သန်း အသုံးပြု၍ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အဆိုပါလမ်းပိုင်း၌ ပါဝင်သော ကန်လောင်း-ဇလဲလမ်း ၁၀ မိုင် ၇ ဖာလုံကို ဂျာမန်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် (KFW) စီမံကိန်း Phase II နှင့် Phase III တွင် ထည့်သွင်းဆောင်ရွက်နိုင်ရန်အတွက် လျာထားတင်ပြ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်၏ "ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ကိုးသောင်းဘုရားလမ်းကို အရည်အသွေးပြည့်မီသော ကတ္တရာလမ်းအဖြစ် ပြန်လည်ပြုပြင်ပေးရန်အစီအစဉ်ရှိ၊ မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက မြောက်ဦးမြို့ ကိုးသောင်းဘုရားလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် ခန့်မှန်းတန်ဖိုးငွေကျပ် (၂၃၆ ဒသမ ၈၈)သန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၏ "ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အတွင်းရှိ အပေါက်ဝကျေးရွာမှ နေပူခံကျေးရွာ၊ ဒုက္ကံချောင်းကျေးရွာ၊ ဗိုလ်မင်းကျေးရွာ၊ ဘရာဝါကျေးရွာနှင့် ကြောင်ဖိုကျေးရွာ အထိ ကျေးရွာချင်းဆက်လမ်းသို့မဟုတ် ကျောက်ချောလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အပေါက်ဝ-နေပူခံ-ဒုက္ကံချောင်း၊ ဗိုလ်မင်း-ဘရာဝါ-ကြောင်ဖို ကျေးရွာချင်းဆက်လမ်း၏ လက်ရှိအခြေအနေသည် ကျောက်ချောလမ်း တစ်မိုင် နှစ်ဖာလုံ၊ မြေသားလမ်း လေးမိုင် လေးဖာလုံနှင့် သစ်သားတံတားတစ်စင်း၊ ရေပြွန်ခြောက်စင်းရှိပြီး ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၁၈၃၄ လုံး၊ လူဦးရေ ၈၃၃၈ ဦးတို့အား အကျိုးပြုလျက်ရှိပါကြောင်း။

အဆိုပါ အပေါက်ဝ-နေပူခံ-ဒုက္ကံချောင်း၊ ဗိုလ်မင်း-ဘရာဝါ-ကြောင်ဖို ကျေးရွာချင်းဆက်လမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ်မူတည်၍ လျာထားတင်ပြပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးမိုး၏ "ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငွေဆောင်မြို့အထိ ရာသီမရွေး သွားရောက်နိုင်သည့် မြို့နယ်ချင်းဆက် ကမ်းခြေပတ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ငွေဆောင်-ဆင်မ-ငရုတ်ကောင်း-ဖောင်တိုးလမ်း အရှည် ၆၆ မိုင် ၂ ဖာလုံတွင် မြေသားလမ်းအဆင့်မှ စတင်ဖောက်လုပ်ပေးရန် ၂၆ မိုင် ၂ ဖာလုံ ကျန်ရှိပါကြောင်း၊ ထို့အတူ လမ်းပေါ်တွင် တံတားစုစုပေါင်း ၂၉ စင်းနှင့် Box Culvert နှစ်စင်းရှိသည့်အနက် တံတား ၁၂ စင်း ဆောင်ရွက်ပေးရန်ကျန်ရှိပါကြောင်း။


ဒေါက်တာထွန်းဝင်း

ငပုတောမြို့နယ် ငရုတ်ကောင်းမြို့နှင့်တောင်ဘက် ဖောင်တိုးကျေးရွာအုပ်စုမှ ပုသိမ်မြို့နယ် ငွေဆောင်မြို့အထိ ရာသီမရွေးသွားရောက်နိုင်သည့် မြို့နယ်ချင်းဆက် ကမ်းခြေပတ်လမ်း ဖောက်လုပ်ပေးရန် ကိစ္စနှင့်ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဦးစားပေး လျာထားတင်ပြမှုအပေါ်မူတည်၍ လျာထားတင်ပြပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ်၏ "ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ ရဲရုပ်ပြင်၊ ခမောင်းတော၊ ကံချောင်းကျွန်းပတ်တာတမံကိုဖို့ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အလယ်၌ ရေချိုကန်ပါသော အသက်ကယ်ကုန်းမြင့်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ကျေးရွာ ခုနစ်ရွာကို အကျိုးပြုလျက်ရှိပြီး အလျား ၁၄ မိုင်ရှိသည့် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ရဲရုပ်ပြင်၊ ခမောင်းတော၊ ကံချောင်းကျွန်းပတ်တာကို ပြုပြင်ရန်လိုအပ်သည့် အလျား ခုနစ်မိုင်ကို ပုံစံကျပြုပြင်ခြင်းနှင့် ကွန်ကရစ်ရေတံခါး သုံးပေါက်တည်ဆောက်ခြင်း၏ ခန့်မှန်းကုန်ကျငွေကျပ် (၈၈၈ ဒသမ ၉၆၃)သန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေတွင်လျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

## ဦးကိုကိုလတ်အား ဘာရိန်းနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုလတ်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘာရိန်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## 4TV DTH (Direct to Home) စနစ်တွင် လွှတ်တော်ရုပ်သံလိုင်းကို ထည့်သွင်းထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၃၀**

လွှတ်တော်အရပ်ရပ်၏ ဆောင်ရွက်ချက်များကို မြန်မာတစ်နိုင်ငံလုံးရှိ အများပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်အတွက် လွှတ်တော်ရုပ်သံလိုင်းကို Forever Group ၏ 4TV DTH (Direct to Home) စနစ်တွင် စက်တင်ဘာ ၁ ရက်မှစတင်၍ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးသည် ပျားရည်ကဲ့သို့ချို . . .

**ဇင်ဝိုင်း**

ဆရာမြို့မငြိမ်းရေးခဲ့တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး သီချင်းရဲ့အစ စာသားလေးပါ။ ပျားအုံတို့မည်သည် - တမာပင်၊ သရက်ပင် ဘယ်အပင်မှာပဲစွဲစွဲ . . .၊ ထွက်လာတဲ့ ပျားရည်ကတော့ ချိုစမြဲပါလို့တင်စားခဲ့ခြင်းပါ။

မနေ့က မြို့ထဲကအပြန်လမ်းမှာ (၂၁) ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံကို ထောက်ခံကြိုဆိုကြတဲ့ အခမ်းအနားတွေ၊ လှည့်လည်တာတွေကို တွေ့ခဲ့ရပါတယ်။ ကျွန်တော်စီးလာတဲ့ ကားကို မောင်းလာတဲ့ယာဉ်မောင်းလေးက အဲဒီလောက်လိုအပ်လို့လား။ အရေးကြီးလို့လား ဦးရယ်လို့ ကျွန်တော့်ကို မေးပါတယ်။ သူ့ကြည့်လိုက်တော့ အသက် (၂၀)သာသာ လူငယ်လေးတစ်ယောက်ပါ။ ကျွန်တော်စိတ်မကောင်းစွာနဲ့ သူ့ကို ပြန်ရှင်းပြရပါတယ်။ အတန်အသင့်တော့ သဘောပေါက်သွားပုံရပါရဲ့။

ယခု ဒီစာစုလေးကို အဲဒီလူငယ်လေးလို ငြိမ်းချမ်းရေးဆိုတာ ငါတို့နဲ့မဆိုင်၊ အရေးမကြီးလို့ယူဆနေကြတဲ့ အချို့သော သူများကို ရည်ရွယ်ပြီး ရေးလိုက်ပါတယ်။ အတွေ့အကြုံအရ ရေးမှာမို့ ဘောင်ကျဉ်းနေရင်လည်း မေတ္တာရှေ့ဆောင်တဲ့ စကားမို့ခွင့်လွှတ်ပေးကြပါ။

ငြိမ်းချမ်းရေးလို့ စပြောလိုက်တာနဲ့ ဦးဆုံးအမှတ်ရမိတာက . . . ကျွန်တော်ငယ်နုစဉ်အသက် (၈) နှစ်အရွယ်က "အဖေရှေ့တန်းမှာကျဆုံး"ဆိုတဲ့ သတင်းကို သိရတဲ့အချိန်ကိုပါ။ အဖေဟာ အသက် (၁၄) နှစ်သားထဲက BIA လို့ ခေါ်တဲ့ မြန်မာ့တပ်မတော်ထဲကို သာမန်တပ်သားလေးဘဝနဲ့ ဝင်ခဲ့သူပါ။ ၁၉၇၀ ပြည့်နှစ် အဖေတာဝန်ယူထားရတဲ့ ရှမ်းပြည်အရှေ့မြောက် တရုတ်ပြည်နယ်စပ်နားက မုံးပေါ်စခန်းကို ရန်သူများက အဆမတန် များပြားတဲ့အင်အားနဲ့ ဝင်တိုက်ပြီး ခုနစ်ရက်အကြာမှာ အထက်ပါသတင်းကို ကြားရခြင်းပါပဲ။ ဝင်လာတဲ့ ကြေးနန်းက

ဒုရင်းမှူး ဗိုလ်မှူးစိန်လွင်
တပ်စုမှူး ဗိုလ်မင်းဆွေ
တပ်ကြပ်စံတင်(လက်နက်ကြီးတပ်စု)
ဒုတပ်ကြပ် . . . .
တပ်သား. . .
တပ်သား. . . .
စသည်ဖြင့် အယောက် (၂၀) ကျော်ပါ။

ကျန်ခဲ့တဲ့ မိသားစုတွေရဲ့ တက်ချက်သွားတဲ့ ငိုကြွေးပူဆွေးမှုတွေ

အဖေကသေ၊ စေ့စပ်ထားတဲ့ ကိုယ့်ချစ်သူ ကိုယ်တိုင်သေမှန်းရှင်မှန်းမသိတဲ့ ကျွန်တော့်အစ်မကြီးရဲ့ ပရိဒေဝ၊

"အဲ့ဒီကောင်တွေကို ငါပြန်သတ်မယ်". . ."အဲ့ဒီကောင်တွေကို ငါပြန်သတ်မယ်"လို့ . . . ငိုကြွေးရင်းအော်ဟစ်နေတဲ့ ကျွန်တော့်အစ်ကိုကြီးရဲ့ သောကနဲ့ယှဉ်တဲ့ဒေါသ၊

ကိုယ့်ထက်ငယ်ရွယ်တဲ့ ရဲမေမိသားစုတွေကြား အပူရုပ်ကိုဟန်လုပ်ရင်း . . . "ငါတို့ဟာ စစ်သားမယားတွေ၊ သူတို့အတွက် ဂုဏ်ယူရမယ်". . . "မငိုကြနဲ့. . . မငိုကြနဲ့". . . လို့ လိုက်အားပေးနေတဲ့ အမေ့ရဲ့ မျက်နှာ. . . .

ပြီးတော့ . . အဖေသေပြီ အဖေမရှိတော့ပါလား ဆိုတဲ့အသိနဲ့ အမေ့ထဘီစကိုဆွဲရင်း အားကိုးရာမဲ့ ငိုကြွေးနေမိတဲ့ ကျွန်တော်။

နောက်ပိုင်းမှာ အဖေမသေဘဲ ပျောက်ဆုံးရယ်လို့ ကြေးနန်းထပ်ဝင်ခဲ့ပါတယ်။ အဲဒီလိုကြုံခဲ့ရပေမယ့် ဒီအဖြစ်နဲ့ ငြိမ်းချမ်းရေးဆိုတာ ဆက်စပ်တွေးခေါ်နိုင်တဲ့ အသိတရားမျိုး ကျွန်တော့်မှာ မရှိခဲ့ပါဘူး။

ကျွန်တော်(၁၂) နှစ်သားလောက်ကစပြီး ကျွန်တော်တို့ညီအစ်ကိုတစ်တွေ အမေ့ရဲ့ဇာတိမြို့ဖြစ်တဲ့ ကချင်ပြည်နယ် ဗန်းမော်မြို့ကို နွေကျောင်းပိတ်ရက်တိုင်း ပြန်ကြပါတယ်။ အဲဒီ ၁၉၇၀ ကျော်ကာလများဆီက ဗန်းမော်မြို့ဆိုတာအညိုရောင်နယ်မြေပါ။ ညနေ ၆ နာရီမှ မနက် ၆ နာရီ ညမထွက်ရ။ ရုပ်ရှင်မပြ၊ ဇာတ်၊ အငြိမ့်မရှိ၊ ဘုရားပွဲမလုပ်နိုင်၊ ခုလို တီဗွီတွေ၊ အင်တာနက်တွေဆိုတာဝေးပေါ့. . . ဒီတော့လူငယ်အတော်များများက ထွက်ပေါက်အနေနဲ့ အရက် ဒါမှမဟုတ် ဘိန်းကို မှီဝဲကြပါတယ်။ ကျွန်တော့်ညီအစ်ကိုဝမ်းကွဲအများစုလည်း အတူတူပါပဲ။

ကျွန်တော်တို့မြို့ပြန်ရောက်ရင် အစ်ကိုဝမ်းကွဲတွေက အရက်သောက်မလား၊ ဘိန်းရှူမလား မေးခွန်းနဲ့ကြိုပါတယ်။ သူတို့မှာလည်း ဒါပဲဧည့်ခံစရာရှိတာကိုး . . . အနာဂတ်မဲ့နေတဲ့ လူငယ်တွေ။ ဒီလိုနဲ့ ကျွန်တော့်အထက်က အစ်ကို ကိုလွင်လွင်က ဘိန်းကိုကြိုက်သွားလိုက်တာ။ တစ်ဆင့်တက်တော့နံပါတ် 4 သမားဖြစ်၊ နောက်ဆုံး . . . HIV ရောဂါနဲ့ ကွယ်လွန်ရှာပါတယ်။ ဘိန်းရှူရတာ မကြိုက်တဲ့ ကျွန်တော်ကတော . . . . .၊

ထူးမခြားနားပါခင်ဗျား . . . အရက်ကို စွဲလမ်းခဲ့တာမှ နေ့ရောညပါမက၊ တရေးနိုးတောင် ထသောက်တဲ့ ဘဝမျိုးနဲ့ ၂၅ နှစ်လောက်ကျင်လည် . . .၊ အဲဒီနွံက ကံကောင်းလို့ မနည်းရုန်းထွက်နိုင်ခဲ့တာပါ . . . အဲ့လိုမှ မဟုတ်ရင်ဖြင့် . . . . . ခုချိန်ဇင်ဝိုင်းဆိုတာ ဘယ်ရှိနိုင်ပါတော့မှာလဲ . . . . . အဲဒီအချိန်ထိလည်း ဒီဖြစ်ရပ်နဲ့ ငြိမ်းချမ်းရေး ကျွန်တော် မဆက်စပ်မိသေးပါဘူး။

အသက်အရွယ်လေးလည်းရ၊ ချင့်ချိန်နိုင်တဲ့ အသိဉာဏ်လေးလည်း အတန်အသင့်ရှိလာတဲ့အခါမှာတော့ ဒီဖြစ်ရပ်တွေဟာ ပြည်တွင်းစစ်မီးလျှံတွေကြောင့်၊ တစ်နည်းအားဖြင့် မငြိမ်းချမ်းခြင်းကြောင့်လို့ ဆက်စပ်တွေးခေါ်နိုင်ခဲ့ပါပြီ. . . . .။

စစ်ဘေးရှောင်ဒုက္ခသည်စခန်းတွေကို သွားရောက်ကူညီတဲ့အခါမှာ. . . . . တိုက်ပွဲကြား လင်သားကို ဆုံးရှုံးခဲ့လို့ ကျွန်တော့်ကို ဖက်ရင်းငိုရှာတဲ့ တိုင်းရင်းသူမုဆိုးမလေးကို နှစ်သိမ့်ရင်း၊ စာမအံ့ရရှာဘဲ ကျည်ဆန်တွေကြားက အသက်လုပြေးလာကြရတဲ့ ကျွန်တော့်မြေးအရွယ် ကလေးငယ်လေးတွေကို ထွေးပွေ့ရင်းနဲ့ သူတို့နဲ့အတူ ကျွန်တော် ကြေကွဲရသလို . . . . .၊ ကျွန်တော့်နှလုံးသားထဲမှာလည်း "ငြိမ်းချမ်းရေး ငြိမ်းချမ်းရေး" ဆိုတဲ့ အသံဟာ နှလုံးစည်းချက်နဲ့အတူ တုန်ဟည်းလို့နေပါတယ်။

ကြာခဲ့ပြီ။
အလွန့်အလွန်ကြာခဲ့ပြီ။
နှစ်ပေါင်း ၆၀ ကြာခဲ့ပါပြီ။

လွတ်လပ်ရေးနဲ့အတူ ဖွားဖက်တော်လို ပေါ်လာခဲ့တဲ့ ပြည်တွင်းစစ်မီးလျှံ . . .၊ ဝါဒရေး . . . လူမျိုးရေး . . . စစ်ပွဲတွေ၊ အနိဋ္ဌာရုံတွေ. . . . . ဆုံးရှုံးပျက်စီးမှုတွေ

တွက်ကြည့်ရအောင်လား မိတ်ဆွေ . . . . .။

နှစ်ပေါင်း (၆၀) တိုင်းရင်းသားညီအစ်ကိုချင်း သတ်ခဲ့ကြရတဲ့ စစ်မီးလျှံကြားမှာ ဆုံးရှုံးခဲ့ရတဲ့ အိုးအိမ်စည်းစိမ်တွေ . . . . .။

စစ်လက်နက်ပစ္စည်းတွေအတွက် တပ်မတော်အပါအဝင် တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးက သုံးစွဲကုန်ကျခဲ့ရတဲ့ ငွေကြေးတွေ. . . . .၊ စစ်ရေးစရိတ်တွေ. . . . .။

ကျွန်တော် မမှန်းဆတတ်ပါ. . . . .။

အလွန့်အလွန်များပြားခဲ့မှာတော့ အသေအချာပါ။

ဒီငွေကြေးတွေကိုများ၊ ကျွန်တော်တို့တိုင်းရင်းသားပြည်သူတွေအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စတဲ့ ကဏ္ဍတွေမှာ သုံးခဲ့ရင် ကျွန်တော်တို့နိုင်ငံကြီး . . . . .။

ဒီရုပ်ဝတ္ထုပစ္စည်း၊ ငွေကြေးတွေကို ပြန်အစားထိုးလို့ရတယ်ထား. . . . .။ နှစ်ပေါင်း (၆၀) ကျော် စစ်မီးလျှံကြီးထဲမှာ လွတ်လပ်ရေးရခါစ ၁၉၄၈ ခုနှစ် ပဲခူးခရိုင် ကုန်းတန်းကြီးတိုက်ပွဲမှာ ပြည်တွင်းစစ်ကြောင့် တပ်မတော်ကနေ ပထမဆုံး အသက်ပေးခဲ့ရတဲ့ သေနတ်ကိုင်တပ်ရင်း (၆)က ကရင်တိုင်းရင်းသား -

-တပ်ကြပ်ကလေး စောမောင်ထွန်း . . . နောက်
-ဗိုလ်စိန်မှန်
-ဆရာဝန်ကြီး မွန်ထော်သက်ညွှန့်
-အောင်ဆန်းသူရိယ ဗိုလ်မှူးအေးချို
- အောင်ဆန်းသူရိယ
တပ်သားလှသောင်း. . . . . တို့ကအစ
-ဗိုလ်ချုပ်အယ်လ်ခွန်ဖန်
-ဒုဗိုလ်မှူးကြီး သီဟသူရကျော်ညွှန့် . . . . .
တို့အလယ်

ဒီနေ့ဒီအချိန်ထိ တောကြိုအုံကြားမှာ ပြည်တွင်းစစ်ကြောင့် လူမသိသူမသိ. . .၊ လူသိသူသိ. . .၊ အသက်ပေးခဲ့ရတဲ့ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားတွေ ဘယ်လောက်ရှိခဲ့ပါပြီလဲ။ ဒီလိုပါပဲ တစ်ဖက်ကြည့်ပြန်တော့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ထိပ်ဆုံးကရှိခဲ့တဲ့. . . .။

သခင်စိုး လို
သခင်သန်းထွန်း လို
ဗိုလ်ဇေယျ(ရဲဘော်သုံးကျိပ်)
သခင်ဇင်

သခင်ချစ် လိုကအစ ဒီနေ့အထိ ဝါဒစွဲကြောင့် လက်နက်စွဲကိုင်ရင်း အသက်ပေးခဲ့ကြတဲ့. . . .၊ သူပုန်လို့ အခေါ်ခံရတဲ့. . .၊ ကျွန်တော်တို့ညီနောင်များ ဘယ်လောက်များနေခဲ့ပြီလဲ. . ။

နောက်။
စောဘဦးကြီး လို
ကာနယ်မင်းမောင် လို
ဇော်တူး လို
ဇော်ဆိုင်း လို

တိုင်းရင်းသားခေါင်းဆောင်တွေကအစ ယနေ့ထိ အသက်ပေးသွားကြတဲ့ အခြားအခြားသော တိုင်းရင်းသားခေါင်းဆောင်များနဲ့ ငယ်သားတွေ. . . ။

ပြီးတော့. . . .

နယ်စွန်နယ်ဖျားမှာ ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ရတဲ့ကျောင်းသားလူငယ်တွေ. . . ။

ပြီးတော့. . .

တပ်မတော်အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးက မသေပေမယ့် ကျိုးခဲ့ပြတ်ခဲ့ဒုက္ခိတဖြစ်ခဲ့ရသူတွေ . . . . .။

ပြီးတော့ . . . .
လင်သားဆုံးခဲ့ရတဲ့ ဇနီးမယားတွေ
ပြီးတော့ . . .
ဖခင်မရှိတော့တဲ့ အဖမဲ့ကလေးတွေ
ပြီးတော့ . . .
သားဆုံးရတဲ့ မိခင်တွေ
ပြီးတော့ . . .
. . . . . . . . . . . . . . . . . . . . . . . .
ပြီးတော့ . . .

. . . . . . . . . . . . . . . . . . . . . . . . . . . .

ကျွန်တော်ဆက်မရေးနိုင် မရေးရက်. . . . . မရေတွက်နိုင် မရေတွက်ရက်တော့ပါ . . . . .။

ဒါတွေကို ဘာနဲ့များပြန်အစားထိုးလို့ ရနိုင်ပါ့မလဲ။ ဘာနဲ့မှ အစားထိုးမရနိုင်တာကလည်း သေချာမှုတစ်ခုပါ။ အစားထိုးမရတဲ့အရာများ၊ နောက်ထပ်မဆုံးရှုံးစေချင်တော့ပါ . . . . .။

တကယ်တော့ ဒီလူတွေအားလုံးဟာ အမိမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ ညီနောင်တိုင်းရင်းသားတွေပါ . . . . .။

ရပ်ခဲ့သင့်ပါပြီ . . . . .။

ရပ်သင့်ပါပြီ . . . . .။

ရပ်သင့်တာကြာခဲ့ပါပြီ၊ ပြည်တွင်းစစ်မီးလျှံ . . . . .။

ခု ဒီရာစုနှစ် တစ်ဝက်ကျော် ညီအစ်ကိုချင်း သတ်ကြတဲ့ ပြည်တွင်းစစ်ပွဲကြီးကို ရပ်တန့်ဖို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို အစပြုပါတော့မည်။

စစ်မှန်တဲ့ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများ တန်းတူညီမျှရေး၊ ခိုင်မာတဲ့ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး . . . စတာတွေအတွက်. . . တစ်ချိန်က ရန်သူဖြစ်ခဲ့ကြ . . . စစ်မြေပြင်မှာ တိုက်ခဲ့ကြသူတွေက . . .။ စားပွဲဝိုင်းမှာ မျက်နှာချင်းဆိုင်ပြီး . . . ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းကြပါတော့မယ်။

အချိန်ကြာကောင်း ကြာနိုင်ပါတယ်။ သို့သော်. . . ငြိမ်းချမ်းရေးကို တကယ်လိုချင်တဲ့ ဆန္ဒပြင်းပြနေမယ်ဆိုရင်ဖြင့်. . . မရမရှိနိုင်ဘူးလို့လည်း ယုံကြည်မိပါတယ်. . . . .။

သမ္မတဦးသိန်းစိန် အစိုးရလက်ထက်ငြိမ်းချမ်းရေးအတွက် အစပြုကြိုးပမ်းခဲ့တာကို အသိအမှတ်ပြုရမှာဖြစ်သလို . . . ဒါကို လက်ဆင့်ကမ်းကျယ်ပြန့်စွာပြင်ဆင်. . . . .

ခု ဒီညီလာခံကြီးဖြစ်လာအောင် ဦးဆောင်ခဲ့တဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ပါဝင်ကြမယ့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်များ၊ ပါတီအဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်များကို အားပေးဝန်းရံကြဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်. . . . .။ ထေ့ကြ၊ ငေါ့ကြ၊ သရော်ကြရမယ့် အချိန်မဟုတ်ပါ။ ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲတွေကို ဖယ်ရှားလို့စစ်မှန်သော စိတ်စေတနာကောင်းနဲ့ ကိုယ်တတ်နိုင်တဲ့ဘက်က ကူညီကြဖို့ အချိန်ရောက်ပါပြီ။

အိမ်တစ်အိမ်ကို မီးလောင်လို့ ဘယ်နေရာမှာပဲ လောင်လောင် တစ်အိမ်လုံးပြာကျခဲ့ရင် ဒီအိမ်တွင်းနေထိုင်သူတွေအားလုံး ဒုက္ခရောက်ကြမှာမို့ . . . ဒီမီးကို ငြှိမ်းသတ်ဖို့ အိမ်သူအိမ်သားတိုင်းမှာ တာဝန်ရှိပါတယ်။

ငြိမ်းချမ်းရေးအတွက် ကျွန်တော့်မှာ တာဝန်ရှိတယ်။

သင့်မှာလည်း တာဝန်ရှိတယ်။

အမိမြန်မာပြည်မှာ မှီတင်းနေထိုင်ကြသူအားလုံးမှာ တာဝန်ရှိပါတယ်ခင်ဗျား. . . ။

ဆရာမြို့မငြိမ်း စာသားလေးနဲ့ပဲ အဆုံးသတ်ပါရစေ. . ။

ငြိမ်းချမ်းရေးသည် ပျားရည်ကဲ့သို့ချို. . . တမာပင်၊ သရက်ပင် ဘယ်အပင်စွဲစွဲ ချိုသောအရသာ ပေးစမြဲပါတဲ့ . . ။

ငြိမ်းချမ်းရေးဟူသည်လည်း . . . . .။
ဘယ်လူမျိုးဖြစ်ဖြစ်
ဘယ်ဘာသာဖြစ်ဖြစ်
ဘယ်ပါတီဝင်ဖြစ်ဖြစ်
ဘယ်အဖွဲ့အစည်းကိုဖြစ်ဖြစ် ငြိမ်းအေးသော သုခချမ်းသာကိုသာ ပေးစမြဲပါခင်ဗျာ။

အမိမြန်မာပြည် ပျားရည်ကဲ့သို့ ချိုပါစေသတည်း။

**စစ်မှန်တဲ့ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများ တန်းတူညီမျှရေး၊ ခိုင်မာတဲ့ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး . . . စတာတွေအတွက် . . . တစ်ချိန်က ရန်သူဖြစ်ခဲ့ကြ . . . စစ်မြေပြင်မှာ တိုက်ခဲ့ကြသူတွေက . . .။ စားပွဲဝိုင်းမှာ မျက်နှာချင်းဆိုင်ပြီး . . . ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းကြပါတော့မယ်။**




# မရေးချင်တော့တဲ့ ဒိုင်ယာရီ

**မင်းကိုနိုင်**

ဖားကန့်မှ အထက်တန်းကျောင်းသူ မဂျာဆိုင်းအိမ်၊ ကျောင်းကအိမ်အပြန်၊ လမ်းတွင် သေနတ်သံများကြား လဲကျ၊ အသက်ဆုံးသွားရ။ နောက်ဘဝများတိုင် သူ့စိတ်ထဲ ကျောင်းသွားလျှင် သေနတ်မှန် သေတတ်သည်ဟုများ စွဲမှတ်သွားလေမည်လား။

****

ဗန်းမော်မန်ဝိန်းကြီးလမ်းနံဘေး "စိန့်ပက်ထရစ်" ဘုရားကျောင်းနံဘေး၊ ဆမ်မိုင်အမည်ရှိ (၁၄) နှစ်အရွယ် (၇)တန်းကျောင်းသားလေး။ ရေခဲအောင်ချမ်းလွန်း၍ အနွေးထည်လိုချင်၊ တောထဲမှာသစ်ခွရိုင်းတစ်မျိုး တစ်ပိဿာ ခုနစ်သောင်းပေးဝယ်သူရှိ၊ အနွေးထည်ဝယ်ရန် သစ်ခွခူးရောင်းဖို့ တောထဲသွား၊ အုန်းခနဲ မြောက်တက်သွားပြီး၊ နားတွေကန်းကုန်၊ သတိရလာတော့ ခြေတစ်ဖက်မရှိတော့။

****

ရှမ်း/မြောက်ဒေသ ဟိုက်ပါ-ဝမ်ဟိုင်းက စစ်ရှောင်စခန်းရှိ ကလေးများထံပို့ရန် ကစားစရာအရုပ်များ အလှူခံ၊ ကလေးမလေးတစ်ဦးက သူ့မောင်လေး ယူလာသည့် ကစားစရာသေနတ်ကို တွေ့သော် ထိတ်ထိတ်ပျာပျာ အိတ်ထဲပြန်ထည့်ရင်း သူ့မောင်လေးကိုပြော

"တခြားအရုပ်တွေပဲပေး၊ သေနတ်တော့မပေးပါနဲ့ မောင်လေးရယ်"

****

ဟိုက်ပါ-ဝမ်ဟိုင်းမှ စစ်ရှောင်ကလေးတွေ၊ လက်ဆောင်အရုပ်တွေရသွားလို့ ပျော်နေကြ၊ သူတို့အတွက်အားပေးတဲ့စာ၊ မိတ်ဖွဲ့စာတွေတွေ့လို့ ဝမ်းသာနေကြ၊ ဘယ်ကလာပို့တာလဲမေး။ ရန်ကုန်ကလို့ဖြေတော့ ရန်ကုန်မှာ စစ်မတိုက်ကြဘူးလားလို့ ထပ်မေး။

****

ပြည်မ, မြို့ကြီးပေါ်က ကလေးတွေက ရေးတဲ့စာထဲမှာ "စိတ်ဓာတ်မကျနဲ့ သူငယ်ချင်း၊ ငါတို့အရုပ်လေးတွေ ဖက်အိပ်ပြီး၊ အိပ်မက်ထဲမှာ မိသားစုနဲ့ ပျော်ရွှင်ပါစေ၊ အိမ်ကိုအမြန်ဆုံးပြန်၊ ကျောင်းတက်နိုင်ပါစေ"တဲ့။

စစ်ဘေးရှောင်စခန်းက ကလေးကပြန်ရေး

"ကျေးဇူးတင်ပါတယ်၊ ငါလည်းကျောင်းတက်ချင်တယ်"၊

****

"သူငယ်ချင်းရေ အရမ်းချမ်းနေလား၊ ငါ့အနွေးထည်ထည့်ပေးလိုက်တယ်၊ မချမ်းပါနဲ့တော့ကွာ တက္ကသိုလ်ရောက်ရင်တွေ့မယ်နော်"

ဘုန်းထွဋ်ခေါင်(ပြည့်လျှံဖြိုး)
တတိယတန်း(H) အထက(၁) ဒဂုံ

သူငယ်ချင်းရေ ဘုန်းထွဋ်ခေါင်

မင်းပေးတဲ့လက်ဆောင်ငါရပါတယ်၊ ကျေးဇူးတင်ပါတယ်ကွာ၊ တက္ကသိုလ်ရောက်ရင်တွေ့မယ်နော်

စိုင်းဆိုင်လီ
မူလွန် ဟိုက်ပါကျေးရွာ

****

လုံးခင်းရှိစစ်ဘေးရှောင်စခန်း၊ ကလေးတွေ အစာစားနေ၊ ပြောင်းကြမ်းကိုခေါနဲ့ခြစ်ပြုတ်ရည်ကျဲကျဲ၊ ကလေးတစ်ယောက်က သောက်နေရင်း မော့ကြည့်၊ သူ့မျက်လုံးတွေက အရောင်မတောက်။

****

ကလေးနို့တိုက်နေ တိုင်းရင်းသူတစ်ယောက်ကိုမေး၊

"အိမ်မပြန်ချင်ဘူးလား။"

"ပြန်ချင်တာပေါ့။ သူတို့ခဏခဏ ရန်ဖြစ်တယ်လေ၊ ကြောက်စရာကြီး၊ သေကြတယ်၊ မီးလောင်ကုန်တယ်လေ၊ ရန်မဖြစ်ဖို့ပြောပေးလို့ရမလား"တဲ့။

****

တော့ဆန်ကျေးရွာအုပ်စုအားလုံး၊ ကျောက်မဲကို ထွက်ပြေးလာကြ၊ ညဘက်မီးရောင်မြင်ရင် ပစ်မှာစိုးလို့ ထော်လာဂျီကို မီးမှိတ်မောင်းတော့၊ ချောက်ထဲထိုးကျပြန်၊ ကျောက်မဲကဘုရားရင်ပြင်ပေါ် စာကျက်နေတဲ့ကလေးတွေ၊ ဆယ်တန်းတွေက ဘယ်မှာဖြေရမှန်းမသိ။ "တော့ဆန်" အထကမှ ဆရာ/မတွေထွက်မပြေးဘဲ၊ တပည့်တွေနဲ့ အတူလိုက်လာ စစ်ရှောင်ဇရပ်တွေမှာပဲ စာသင်ပေးနေ။ ကျောက်မဲစာစစ်ဌာနစာရင်းထဲ သူတို့ကို ထည့်ပေးလို့ရမလား။ မရေရာလှတဲ့ အခြေအနေမှာ ကလေးတစ်ယောက်လှတ်ခနဲမေး။

"စာမေးပွဲပြီးမှ စစ်တိုက်လို့မရဘူးလား"

****

ဖားကန့်မှာ ညရောက်တော့ တစ်မြို့လုံး အိမ်ရှေ့လမ်းတွေပေါ် ရောက်နေကြတာတွေ့ရ၊ လူတွေသာမက ခွေးကလေး၊ ကြောင်ကလေးတွေပါ ထွက်လာနေကြ၊

"အခုမှ တိုက်ပွဲရပ်သွားတာကိုး အရင်ရက်တွေက အိမ်ထဲမှာပဲ ပုန်းနေကြတာလေ၊ အခုမှ အသက်ဝဝရှူနိုင်တာကိုး" ဟု တစ်ယောက်က ရှင်းပြ။

ကလေးတွေလည်း ခုမှလမ်းပေါ် ပြေးလွှားကစားခွင့်ရ၍ ပျော်နေကြဟန်၊ ကလေးတစ်ယောက်က ဘောင်းဘီလေးမ,တင်ရင်း ငြင်း၊

"ဟော့အေး၊ စစ်တိုက်တမ်းတော့ မကစားဘူးကောင်ရေ့"

****





## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာ

**နေပြည်တော် ဩဂုတ် ၃၀**

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၅) အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်တိန့်ယိန်း၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးယောနာက ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုဖြင့် လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဩဂုတ် ၃၀ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှု အမှတ် (၁၁/၂၀၁၆) ဆုံးဖြတ်ချက်တွင် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၅) အတွက် ဦးဇခုန်တိန့်ယိန်းအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည်ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးယောနာဖြစ်ကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ် ၇၅(က) အရ ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်၍ ဦးဇခုန်တိန့်ယိန်းသည်ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းနှင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၅)၏ လွှတ်တော်ကိုယ်စားလှယ်မှာဦးယောနာ[၅/ခတန(နိုင်)၀၁၁၃၁၁] ဖြစ်ကြောင်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅(ခ) အရသတ်မှတ်ကြေညာလိုက်ကြောင်း ယနေ့ရက်စွဲဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာလိုက်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ



**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ပြည်ထောင်စုလွှတ်တော်က ထောက်ခံကြိုဆိုကြောင်း ကြေညာချက်ကို ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဒသမနေ့တွင် လွှတ်တော်၏ အတည်ပြုချက်ရယူ၍ ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ထောက်ခံကြိုဆိုကြောင်း ပြည်ထောင်စုလွှတ်တော်၏ ထုတ်ပြန်ကြေညာချက်(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ဖတ်ကြားပြီး လွှတ်တော်၏သဘောထားရယူရာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်သန်းစိုးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကြိုဆိုထောက်ခံသော်လည်း ထုတ်ပြန်ကြေညာချက်တွင် ပါသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုသည့် စကားရပ်ကို ပြင်ဆင်ထုတ်ပြန်သင့်ကြောင်း တင်ပြခဲ့သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်နာယက က စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ(၃၉၀)၊ ကန့်ကွက်မဲ(၁၈၄)မဲ၊ ကြားနေမဲ(၅)မဲရရှိပြီး ထောက်ခံမဲများသည့်အတွက် ယင်းထုတ်ပြန်ကြေညာချက်ကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်း(၁)ခု၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဆိုင်ရာ လုပ်ငန်း(၂)ခုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဆိုင်ရာလုပ်ငန်း(၁)ခု စုစုပေါင်းလုပ်ငန်း (၄)ခုအတွက် စုစုပေါင်းငွေကျပ် ၅၆၄၈ ဒသမ ၂၃ သန်း ခွဲဝေသုံးစွဲထားမှုကို မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပေးပို့ထားသော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့်စပ်လျဉ်း၍ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်က ဒုတိယအခြေပြစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းသည် အာဆီယံဒေသတွင်း ဘက်စုံရင်းနှီးမြှုပ်နှံမှုများကို ထဲထဲဝင်ဝင်ပူးပေါင်းဆောင်ရွက်ရန် ကတိကဝတ်ပြုခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍကို ဒေသတွင်းနှင့်နိုင်ငံတကာ၏ ကုန်ထုတ်လုပ်မှုကွင်းဆက်များတွင် ထိရောက်စွာပါဝင်နိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အားပေးခြင်းသည် တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးရာရောက်ပြီး ဂျီဒီပီတိုးတက်မှုနှင့်လည်း တိုက်ရိုက်အချိုးကျကြောင်း ထောက်ခံဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုးက နိုင်ငံတကာဆက်ဆံရေးတွင် ထာဝရမိတ်ဆွေမရှိဘဲ ထာဝရအကျိုးစီးပွားသာရှိပါကြောင်း၊ စာချုပ်များနှင့်ပတ်သက်ပြီး နိုင်ငံရေးအရတရားဝင်မှုကို အလေးပေးရမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံ၏ ထာဝရအကျိုးစီးပွားကိုလည်း ဦးစားပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားအကျိုးစီးပွားရှုထောင့်မှ ချဉ်းကပ်အဖြေရှာရန်လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေများသည် မူရင်းနိုင်ငံသားများ၏အကျိုးကဲ့သို့ အခွင့်တူခံစားခွင့်ပေးမည်ဖြစ်ကြောင်းကို ယခုသဘောတူညီချက်စာချုပ်ထဲတွင် ထည့်သွင်းထားသည်ကို တွေ့ရပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေသည် နိုင်ငံသားများအတွက် အခွင့်အရေးပိုရရန်၊ အကာအကွယ်ပေးရန်၊ မြေတောင်မြှောက်ပေးရန် ဘာတွေပြင်ဆင်ထားသလဲဆိုသည်ကို အမျိုးသားအကျိုးစီးပွားရှုထောင့်ကနေ ကြည့်ရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေက မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်အပေါ်တွင် အခြေတည်သည့်စီးပွားရေးကို စဉ်းစားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အာဆီယံအတွင်း စီးပွားရေးနှင့်သက်ဆိုင်သည့် စာချုပ်များကို ဆောင်ရွက်သည့်အခါ လူငယ်များအလုပ်အကိုင်ရရှိရေးအတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ယင်းအာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကိုပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရအဖွဲ့၏လိုငွေအား ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်(၃)ဦးတို့က ဆွေးနွေးခဲ့ကြသည်။

မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်းက နိုင်ငံတော်၏လိုငွေများကို ဗဟိုဘဏ်မှ ချေးယူမည်ဆိုပါက ဈေးကွက်အတွင်းသို့ ငွေကြေးအလုံးအရင်း စီးဝင်လာပြီး ငွေကြေးဖောင်းပွမှုဖြစ်ပေါ်လာနိုင်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် ဗဟိုဘဏ်မှ အစိုးရကတိုက်ရိုက်ငွေချေးယူခြင်းကို ပိတ်ပင်ထားပါကြောင်း၊ ငွေကြေးဖောင်းပွမှုရှိလာပါက ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရဲမည်မဟုတ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း လာရောက်မည်မဟုတ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်မည်ဆိုပါက ငွေကြေးဖောင်းပွမှုကို မည်မျှအတိုင်းအတာအထိ ခန့်မှန်းထားသည်ကို ရှင်းပြသင့်ပါကြောင်း၊ အခြေခံစားသောက်ကုန်ပစ္စည်းတက်လာမည့် တန်ဖိုးကို မည်မျှဖောင်းပွမှုရှိမည်၊ မည်မျှအထိ ထိန်းချုပ်နိုင်မည်ကို ပွင့်ပွင့်လင်းလင်းအစီရင်ခံပြီးမှသာ ချေးငွေကို ရယူသင့်ပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုးက မိမိတို့နိုင်ငံသည် ငွေသားအခြေပြုသည့် စီးပွားရေးဖြစ်ပါကြောင်း၊ ငွေသားအခြေပြုစီးပွားရေးစနစ်ဖြင့် ရပ်တည်နေသည့်အချိန်တွင် နိုင်ငံ၏ စီးပွားရေးပြဿနာများကို ဖြေရှင်းရန်အတွက် ငွေစက္ကူရိုက်နှိပ်ထုတ်ဝေသည့်နည်း၊ အစိုးရငွေတိုက်လက်မှတ်များကို ဗဟိုဘဏ်က ရိုက်နှိပ်ထုတ်ရောင်း၍ ငွေရှာသည့်နည်း၊ အစိုးရက အမြဲတမ်းအကူအညီပေးနေသည့်နည်းများကို သုံးနေမည်ဆိုပါက စီးပွားရေးပြဿနာများကို ဖြေရှင်းရာတွင် ခက်ခဲမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန်ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး(၁၁)ရက်မြောက်နေ့တွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဂျာမနီနိုင်ငံ FNF ၏ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံဆိုင်ရာ စီမံကိန်းဒါရိုက်တာအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျာမနီနိုင်ငံ Friedrich-Naumann-Foundation for Freedom (FNF) ၏ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံဆိုင်ရာ စီမံကိန်းဒါရိုက်တာ Mrs. Katrin Bannach နှင့် အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## စာပေအကြောင်း သိကောင်းစရာများဟောပြော

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မရမ်းတလင်း အယူတော်မင်္ဂလာခြံတည်နေရာခန်းမ၌ အမှတ်စဉ်(၁၁) အခမဲ့ပညာဒါန ဗေဒင်ပညာသင်တန်းသို့ တက်ရောက်နေသော အနယ်နယ်အရပ်ရပ်မှ သင်တန်းသား သင်တန်းသူများနှင့် စာပေစိတ်ဝင်စားသူများအား ဩဂုတ် ၂၇ ရက် ညနေ ၆ နာရီတွင် ဆရာထက်ဦးလှိုင်(ကမ္ဘာအေး)၊ ဆရာမောင်နွယ်မြင့်(အင်းစိန်)၊ ဆရာ ရန်မိုးအောင်(အင်းစိန်)တို့က စာရေးနည်း၊ ဝတ္ထုရေးနည်း၊ ဆောင်းပါးရေးနည်းနှင့် စာပေအကြောင်း သိကောင်းစရာများကို ဟောပြောပေးခဲ့ကြောင်း သိရသည်။ **(လမင်းအောင်)**

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ထောက်ခံကြိုဆိုကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုလွှတ်တော်က ယနေ့ရက်စွဲဖြင့် "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ" ထောက်ခံကြိုဆိုကြောင်း ကြေညာချက်တစ်စောင်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**

**ထုတ်ပြန်ကြေညာချက်အမှတ်(၃/၂၀၁၆)**

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်**
**(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)**

**"ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ"**
**ထောက်ခံကြိုဆိုကြောင်း ထုတ်ပြန်ကြေညာချက်**

၁။ **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ** ကို နေပြည်တော်၌ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ညီလာခံသို့ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီများပါဝင်သည့်အဖွဲ့နှင့် အရပ်ဘက်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂။ **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ** သည် (၂၁)ရာစု မြန်မာ့နိုင်ငံရေးအခြေအနေအရ ပေါ်ပေါက်လာခြင်းဖြစ်ပြီး "နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းနိုင်ရန်၊ ပြည်တွင်းငြိမ်းချမ်းရေးမှတစ်ဆင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန်အထိရည်ရွယ်ပြီး တိုင်းရင်းသားများ၏ အခြေခံအခွင့်အရေး၊ တန်းတူညီမျှရေးတို့အတွက်ဆောင်ရွက်သွားမည့် အရေးကြီးသည့်လုပ်ငန်းစဉ်" ဖြစ်ပါသည်။

၃။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် ပါဝင်သင့်ပါဝင်ထိုက်သောပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများပူးပေါင်းပါဝင်ဆွေးနွေးကြပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် မဟာဗျူဟာမြောက်ဖြေရှင်းချက်ဖြစ်သည့် **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ** ကို ပြည်ထောင်စုလွှတ်တော်က လှိုက်လှဲစွာထောက်ခံကြိုဆိုပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်**

❒ ရခိုင်ပြည်နယ်အခြေအနေမှ

ပျက်စီးခဲ့သည့်အပြင် အသက်သေဆုံးခဲ့ကြသူများ၊ ထိခိုက်ဒဏ်ရာရရှိခဲ့သောသူများအတွက် များစွာဝမ်းနည်းမိကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်သော အစိုးရအဖွဲ့အနေဖြင့် အမြန်ဆုံးလုပ်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် သက်တမ်းကာလအတွင်း မိမိအနေဖြင့် မြန်မာအစိုးရ၊ မြန်မာပြည်သူများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအချိန်တွင်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် ပူးပေါင်းဆောင်ရွက်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဒီမိုကရေစီရရှိရေးအတွက် ဒေါ်အောင်ဆန်းစုကြည်၏ ကြိုးပမ်းမှုများကို စဉ်ဆက်မပြတ်ပံ့ပိုးကူညီခဲ့ပါကြောင်း၊ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကျရောက်ခဲ့စဉ်ကလည်း နိုင်ငံတကာအကူအညီရရှိအောင် မိမိလုပ်ဆောင်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံသို့ မိမိလာရောက်ခဲ့သည်မှာ ငါးကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်က လွှတ်တော်၌မိန့်ခွန်းပြောကြားရန်အတွက် မိမိအားမြန်မာနိုင်ငံသို့လာရောက်ရန် ဖိတ်ကြားခဲ့ကြောင်း။

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့စဉ် မိမိလာရောက်၍မိန့်ခွန်းပြောကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ကမ္ဘာ့နိုင်ငံများက အံ့အားသင့်ခဲ့ရကြောင်း၊ ပြီးခဲ့သောနိုဝင်ဘာလက ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ၏ စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်မှုကိုတွေ့ရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သောအစိုးရအနေဖြင့် မြန်မာနိုင်ငံ၌ အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

စီးပွားရေးနှင့်နိုင်ငံရေးနယ်ပယ်မှပုဂ္ဂိုလ်များ၊ တပ်မတော်နှင့်အရပ်ဘက်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို ချီးကျူးပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အစိုးရ၌ စိန်ခေါ်မှုများစွာရှိပါကြောင်း၊ ယခုကျင်းပမည့် (၂၁)ရာစု ပင်လုံညီလာခံအောင်မြင်ရန် အလားအလာများစွာရှိပါကြောင်း၊ တက်ရောက်မည့်အဖွဲ့အစည်းများ၏ စိတ်ရှည်သည်းခံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို ချီးကျူးဂုဏ်ပြုပါကြောင်း။

ရခိုင်ပြည်နယ်ဆိုင်ရာ နောက်ဆုံးဖြစ်စဉ်ဖြစ်ရပ်များကို မိမိတို့ဆွေးနွေးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်အခြေအနေသည် နက်ရှိုင်းရှုပ်ထွေးသည့်အတွက် အစိုးရအနေဖြင့် ပြဿနာအရင်းအမြစ်များကိုဖြေရှင်းရာတွင် စိန်ခေါ်မှုများရှိနေကြောင်း၊ မြန်မာနိုင်ငံသား မည်သည့်တိုင်းရင်းသား၊ မည်သည့်ဘာသာဝင်ဖြစ်စေ ပိုမိုကောင်းမွန်သော လူမှုစီးပွားအခြေအနေရရှိလိုသည်ဆိုသည်ကို မိမိနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဆွေးနွေးခဲ့ကြကြောင်း၊ IDP စခန်းများရှိ ထောင်ပေါင်းများစွာသောပြည်သူများ၏ ဆင်းရဲကျပ်တည်းစွာနေထိုင်ကြရခြင်းနှင့် ပတ်သက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းက စိုးရိမ်မှုရှိကြောင်းကို မိမိပြောပြခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၌နေထိုင်လာခဲ့သောပြည်သူများအတွက် တူညီသောအခွင့်အလမ်းများရရှိသင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းထောက်များ၏မေးမြန်းချက်များကို ဖြေကြားရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ စိန်ခေါ်မှုများသည် ရှုပ်ထွေးနက်နဲပါကြောင်း၊ ယင်းတို့မှာ လူမှုရေး၊ စီးပွားရေးကိုအခြေခံသည့် နက်ရှိုင်းသောဘက်ပေါင်းစုံပြဿနာဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းပြဿနာများကို စောင့်ကြည့်စစ်ဆေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဦးဆောင်သော ကော်မရှင်ဖွဲ့စည်းမှုကို ဝမ်းသာမိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းနေပြည်သူများ၏ စီးပွားရေးနှင့်လူမှုရေးအခြေအနေမှာ နိမ့်ကျနေပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ IDP စခန်းများနေ ပြည်သူများမှာလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လိုအပ်နေသည့်အပြင် ငြိမ်းချမ်းရေးရရှိရန်လည်း လိုအပ်ပါကြောင်း မစ္စတာ ဘန်ကီမွန်းက ဖြေကြားသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် ဇနီးတို့အား Park Royal ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် ဇနီးတို့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

## တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက မိုးညိုမြို့နယ် ရေဘေးဒုက္ခသည်များအား သွားရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၃၀**

တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက မိုးညိုမြို့နယ်အတွင်းရှိ မြစ်မခမြစ်ကမ်းတာကျိုးပြီး ရေဘေးဒုက္ခခံစားနေရသော ဥဩတန်း၊ ငါးကြီးကျေးရွာများရှိ အိမ်ထောင်စု ၂၀၀ ကျော်တို့အား ဩဂုတ် ၂၈ ရက်က ဆန်၊ ဆီ၊ လက်ဖက်၊ ငါးသေတ္တာ၊ ငါးပိကြော်၊ ခေါက်ဆွဲ၊ ခေါက်မီး၊ စတီးပန်းကန်နှင့် ဇလုံတို့ကို သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါတာကျိုးစဉ်က နေအိမ်များရေထဲမျောပါပျက်စီးခဲ့သည့် အိမ်ထောင်စု ၅၉ စုတို့အား တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၅၃ သိန်းကျော်ရှိ အလှူငွေနှင့်ပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခင်မောင်ချို)**



ဩဂုတ် ၂၉ ရက်က မြန်မာနိုင်ငံ ကင်းထောက် လူငယ်မောင်မယ်များက"ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအကြိမ် အစည်းအဝေးကို မြန်မာနိုင်ငံ ကင်းထောက်လူငယ်များက ကြိုဆိုထောက်ခံပါသည်" စာတန်းကို ကိုင်ဆောင်၍ ကြိုဆိုထောက်ခံပွဲ ကျင်းပစဉ်။ (ကိုလတ်-သတင်းစဉ်)



## ဆင်သေချောင်းရေကြီးတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျ၍ နေအိမ်အချို့ရွှေ့ပြောင်းထားရ

**နေပြည်တော် ဩဂုတ် ၃၀**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဇီးကုန်းကျေးရွာအုပ်စု ကုလားရွာကျေးရွာကို ဖြတ်သန်းစီးဆင်းနေသော ဆင်သေချောင်းသည် ဩဂုတ် ၂၈ ရက် ညသန်းခေါင်အချိန်မှစ၍ ရေတိုးလာကာ နံနက်ပိုင်းတွင် ကမ်းပါးသည် ၁၀ ပေခန့် စတင်ပြိုလာသောကြောင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကမ်းပါးနှင့် အနီးအနားတွင် နေထိုင်လျက်ရှိသော အန္တရာယ်ရှိသည့်နေအိမ် ၁၁ လုံးအနက် ကမ်းပါးနှင့်အနီးဆုံး နေအိမ် သုံးလုံးကို စတင်ရွှေ့ပြောင်းခဲ့ကြောင်း သိရသည်။

ရွှေ့ပြောင်းခဲ့သည့် နေအိမ်သုံးလုံးကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန နေပြည်တော်တိုင်းရုံးမှ ဩဂုတ် ၂၉ ရက်တွင် တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀၊ ကျား/မဝတ်လုံချည်များ၊ တဘက်၊ ကာဘော်လိပ်ဆပ်ပြာတောင့်၊ စောင်၊ ခြင်ထောင်၊ ဒန်အိုး၊ ဇလုံ၊ ပလတ်စတစ်ပုံး၊ ရေသန့်ဆေးတို့ကို တစ်မျိုးလျှင် သုံးခု၊ တီရှပ်အကျီ ခြောက်ထည်ပါဝင်သည့် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးနှင့် လူတစ်ဦး ဆန်နို့ဆီဘူး နှစ်ဘူးနှုန်းဖြင့် သုံးရက်စာထောက်ပံ့ပေးခဲ့သည်။

အဆိုပါချောင်းရေသည် ယနေ့နံနက်ပိုင်းတွင် ၁၅ ပေခန့် ထပ်မံတိုက်စားပြိုကျလျက်ရှိရာ နေအိမ်နှစ်လုံးနှင့် နွားတင်းကုပ်နှစ်ခုတို့ကို ဆက်လက်ရွှေ့ပြောင်းပေးလျက်ရှိပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ ကြက်ခြေနီအသင်းဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများက တတ်အားသရွေ့ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။ မြို့နယ်ကျန်းမာရေးဌာနမှ သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး ပျက်စီးဆုံးရှုံးမှုနှင့် အသေအပျောက် တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

လက်ရှိတွင် စောင့်ကြည့်အနေအထားဖြင့် နေအိမ်များမပျက်စီးမဆုံးရှုံးရေးနှင့် အသက်အန္တရာယ်မရှိစေရေးအတွက်သာ ကြိုးစားလုပ်ဆောင်နေရပြီး ကျေးရွာလူထုက မိမိတို့အစီအစဉ်ဖြင့် ကျန်ရှိနေသေးသည့် ကမ်းပါးတစ်လျှောက် မီးသီး၊ မီးချောင်းများ တပ်ဆင်လျက်ရှိပြီး ရေကင်းစောင့်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုလင်း(ပြန်/ဆက်)**

# အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် ဆဋ္ဌမအကြိမ် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် ဆဋ္ဌမအကြိမ် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စာရင်းနှင့်စာရင်းစစ်ပြပွဲ (၂၀၁၆)**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စာရင်းစစ်ချုပ် ဦးမော်သန်းက ရက် ၁၀၀ အတွင်း လုပ်ငန်းစဉ် လေးခု ဆောင်ရွက်ခဲ့ပါကြောင်း၊ စာရင်းနှင့်စာရင်းစစ်ပြပွဲ (၂၀၁၆) ကို ရန်ကုန်မြို့တွင် ကျင်းပခြင်း၊ ပုဂ္ဂလိကကဏ္ဍတွင် ကုမ္ပဏီများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အကြီးစားနှင့် အလယ်အလတ်စား အခွန်ထမ်းကုမ္ပဏီများ၏ နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်း စံများကို လိုက်နာကျင့်သုံးမှုအခြေအနေအား အစီရင်ခံတင်ပြခြင်း၊ အစိုးရကဏ္ဍ နိုင်ငံတကာစာရင်းစံများ လိုက်နာကျင့်သုံးမှုနှင့် အစိုးရငွေစာရင်းထားနည်းစနစ်အား ငွေသားစီးဆင်းမှုအခြေခံမှ စာရင်းစနစ်အခြေခံသို့ အဆင့်ဆင့် ကူးပြောင်းဆောင်ရွက်ခြင်းနှင့် ပုံမှန်စစ်ဆေးရေးအစီအစဉ်လုပ်ငန်းရပ်များကို တင်ပြခြင်းတို့ဖြစ်ပါကြောင်း။

**နမူနာကောက်ရွေးချယ်နည်း**

စာရင်းနှင့်စာရင်းစစ်ပြပွဲကို ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်တို့တွင် အမျိုးသားဇာတ်ရုံ (ရန်ကုန်မြို့)၌ ကျင်းပခဲ့ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင် ကုမ္ပဏီများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အကြီးစားနှင့် အလယ်အလတ်စား အခွန်ထမ်းကုမ္ပဏီများ၏ နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်း စံများလိုက်နာကျင့်သုံးမှုအခြေအနေကို အစီရင်ခံတင်ပြရန် International Financial Reporting နှင့်ပတ်သက်၍ ဆောင်ရွက်နေပါကြောင်း၊ GIZ ဂျာမန်ကုမ္ပဏီကလည်း အထောက်အပံ့ပေးနေပါကြောင်း၊ ဆန်းစစ်မေးခွန်းလွှာများပြုစု၍ ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အကြီးစားနှင့် အလယ်အလတ်စား အခွန်ထမ်းကုမ္ပဏီများ၏ နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများ လိုက်နာကျင့်သုံးမှု အခြေအနေကို နမူနာကောက်ရွေးချယ်နည်းဖြင့် ရွေးချယ်ကာ လေ့လာစိစစ်သုံးသပ်မှု ပြုလုပ်မည်ဖြစ်ပါကြောင်း။

**ပွင့်လင်းမြင်သာမှု အားနည်း**

အစိုးရကဏ္ဍ နိုင်ငံတကာစာရင်းစံများ လိုက်နာကျင့်သုံးမှုနှင့် အစိုးရ ငွေစာရင်းထားနည်းစနစ်အား ငွေသားစီးဆင်းမှုအခြေခံမှ စာရင်းစနစ်အခြေခံသို့ အဆင့်ဆင့်ကူးပြောင်းဆောင်ရွက်မှုဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့်ယှဉ်ပါက နိုင်ငံတွင် ပွင့်လင်းမြင်သာမှု အားနည်းနေပါကြောင်း၊ ဒီအစိုးရလက်ထက်တွင် စွန့်စွန့်စားစားနှင့် မှတ်တိုင်တစ်ခုဖြစ်အောင် ကျင့်သုံးရန်ရည်ရွယ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**အထူးမွမ်းမံသင်တန်းများအား ရပ်စဲခြင်း**

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဦးစောဗယ်လင်တိုင်းက ရက် ၁၀၀ အတွင်း နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်နိုင်ရေး၊ နည်းဥပဒေများ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်း၊ ပြန်တမ်းဝင်အရာရှိ ဝင်ပေါက်ရာထူး ရေးဖြေစာမေးပွဲမေးခွန်းပုံစံပြောင်းလဲခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်လျက်ရှိသော ပုံမှန်သင်တန်းများ၊ စီမံခန့်ခွဲမှုသင်တန်းများနှင့်စပ်လျဉ်း၍ သင်ကြားမှုပုံစံများ ပြောင်းလဲခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် သင်တန်းများနှင့် ဘာသာရပ်ပို့ချချက်များအပေါ် ပြန်လည်သုံးသပ်ခြင်း၊ သင်ရိုးဇယားနှင့် သင်ရိုးညွှန်းတမ်းများအား သုံးသပ်ခြင်းနှင့် အသစ်ပြန်လည်ရေးဆွဲခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် Civil Services Academy (CSA) များကို ဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် Hanns Seidel Foundation ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ပြည်သူ့ဝန်ထမ်း အကယ်ဒမီ တည်ထောင်ရေး အကြံပြုအလုပ်ရုံ ဆွေးနွေးပွဲကျင်းပခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဟု အမည်ပြောင်းလဲခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် တပ်ဆင်အသုံးပြုလျက်ရှိသော တက္ကသိုလ်တံဆိပ်၊ လက်မောင်းတံဆိပ်များသည် ခေတ်ကာလအားဖြင့် လျော်ညီမှုမရှိတော့ခြင်းကြောင့် တက္ကသိုလ်အမှတ်အသား Logo တံဆိပ်အသစ်၊ ဆောင်ပုဒ်အသစ်များ ပြင်ဆင်သတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသော ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများ၏ အကဲဖြတ်မှတ်တမ်းနှင့် ရာထူးတိုးမြှင့်ပေးရန် တန်းစီဇယားများ စုစည်းစိစစ်ခြင်း၊ အခြေခံဆရာ ဆရာမများ၊ တက္ကသိုလ်ကောလိပ်ဆရာ ဆရာများအတွက် (အထူးမွမ်းမံသင်တန်းများအားရပ်စဲခြင်း) တို့ဖြစ်ကြောင်း။



**နှစ်ပြည့်ပင်စင်ခံစားခွင့်ရှိ**

နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်နိုင်ရေးကိစ္စအတွက် ပြင်ဆင်ရမည့် ပုဒ်မများမှာ ပုဒ်မ ၅၈ မူလက **"ဝန်ထမ်းသည် အငြိမ်းစားယူရမည့်အသက်မပြည့်သေးသော်လည်း အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်ပြည့်သောအခါ နှစ်ပြည့်ပင်စင် ခံစားခွင့်ရှိသည်"** အစား **"ဝန်ထမ်းသည် အငြိမ်းစားယူရမည့်အသက် မပြည့်သေးသော်လည်း လုပ်သက် နှစ် ၃၀ ပြည့်သောအခါ နှစ်ပြည့်ပင်စင် ခံစားခွင့်ရှိသည်"** ဟူ၍ ဖြစ်ကြောင်း၊ ပုဒ်မ ၆၂ အနေဖြင့် မူလက **"အသက် ၅၅ နှစ် ပြည့်ပြီးဖြစ်သော ဝန်ထမ်းသည် အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက် နှစ် ၃၀ ပြည့်သောအခါ နှစ်ပြည့်ပင်စင်ခံစားခွင့် တောင်းခံလာပါက ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်း မပြုရ"** ဆိုတဲ့စကားရပ်အစား **"ဝန်ထမ်းက ပုဒ်မ ၅၈ အရ နှစ်ပြည့်ပင်စင် ခံစားခွင့်တောင်းခံသည့်အခါ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်း မပြုရ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ထောက်ပံ့ကူညီရေးဖွင့်လှစ်**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးမျိုးအောင်နှင့် ဦးမြင့်ကြိုင်တို့က ရက်ပေါင်း ၁၀၀ အတွင်း လုပ်ငန်းစဉ် ၁၃ ခု ချမှတ်ခဲ့ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခြောက်ခု ပါဝင်ပါကြောင်း၊ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး ဗဟိုဌာနနှစ်ခုကို ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဖွင့်လှစ်ရန်ဆောင်ရွက်ခဲ့ပြီး ပုသိမ်မြို့၌ ဇူလိုင် ၁၆ ရက်နှင့် စစ်တွေမြို့၌ ဇူလိုင် ၂၉ ရက်တို့တွင် ဖွင့်လှစ်ပြီး ဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြဝတီ၊ တာချီလိတ်နှင့် ထားဝယ်ဒေသတို့တွင် မြန်မာနိုင်ငံသား ၁၆၂ ဦးအား ပညာရှင်များဖြင့် သင်ကြားပို့ချပြီး ထိုင်းနိုင်ငံ သက်မွေးပညာအသိအမှတ်ပြုလက်မှတ်များရရှိစေရန် မော်တော်ဆိုင်ကယ် စက်ပြင်သင်တန်း အပါအဝင် ဒေသတွင်းလိုအပ်သည့် သင်တန်းခြောက်မျိုးပေးပြီး အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်းကို ရက် ၁၀၀ အတွင်း ဆောင်ရွက်ခဲ့ပါကြောင်း။

**ရင်းနှီးမြှုပ်နှံသူများ ဆွဲဆောင်နိုင်မည်**

လုပ်သားများကျွမ်းကျင်မှုအလိုက် ဝင်ငွေတိုးတက်ရရှိလာခြင်း၊ ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ပါက ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ မြန်မာ-ထိုင်းနယ်စပ်တွင် စက်ရုံများ၊ လုပ်ငန်းများ တိုးချဲ့ဖွင့်လှစ်နိုင်အောင် ဆွဲဆောင်နိုင်မည်စသည့် အကျိုးကျေးဇူးများ မျှော်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) ထုတ်ပေးမှုမှာ ဩဂုတ် ၂၆ ရက်အထိ တိုင်းဒေသကြီး၊ ပြည်နယ်တွင် စုစုပေါင်း ၇၉၅၇ ဦး၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင် ၂၂၂၇ ဦး၊ နိုင်ငံသားစိစစ်မှုလုပ်ငန်းဆောင်ရွက်မှုမှာ ဩဂုတ် ၂၆ ရက်အထိ လျှောက်လွှာလက်ခံရရှိမှု ၃၄၄၁ ဦး၊ မြို့နယ်မှ စိစစ်ပြီး ၃၁၇၆ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်မှ စိစစ်ပြီး ၂၈၄၁ ဦး၊ ရုံးချုပ်သို့ တင်ပြမှု ၇၉၀ နှင့် ဗဟိုအဖွဲ့သို့ တင်ပြမှု ၁၈၇ဦး ရှိပါကြောင်း၊ အမည်မည်းစာရင်း (Black List) ပယ်ဖျက်မှုမှာ မြန်မာနိုင်ငံသား ၂၄၈ ဦး၊ နိုင်ငံခြားသား ၃၇၁ ဦး စုစုပေါင်း ၆၁၉ ဦးရှိပြီး ကျန်ရှိသည့် အမည်မည်းစာရင်းတွင် နိုင်ငံသား ၁၈၅ ဦး၊ နိုင်ငံခြားသား ၃၅၆ ဦး၊ နိုင်ငံကူးလက်မှတ် ၄၈၄၅ အုပ်တို့ ရှိပါကြောင်း ပြောကြားသည်။

**ဥပဒေမူကြမ်း ၅၂ ခုကို အကြံပြုနိုင်**

ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ဥပဒေမူကြမ်းများ စိစစ်အကြံပေးခြင်းလုပ်ငန်းတွင် ဥပဒေမူကြမ်း ၃၅ ခုအနက် ၃၀ ကို စိစစ်ပြီး ဥပဒေအကြံပြုနိုင်ခဲ့ပါကြောင်း၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း မူကြမ်းများအား စိစစ်အကြံပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဥပဒေမူကြမ်း ၅၅ ခုအနက် ဥပဒေမူကြမ်း ၅၂ ခုကို ဥပဒေအကြံပြုနိုင်ခဲ့ပါကြောင်း။

ဥပဒေဘာသာပြန်ဆိုခြင်းတွင် ဥပဒေ ၃၈ ခုအနက် ၂၄ ခု ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့ပါကြောင်း၊ ဥပဒေနှင့်အညီ အကြံပြုဖြေကြားခြင်းများ ပြုလုပ်ရာတွင် ဥပဒေအကြံပြု ရှစ်ခုတွင် ခုနစ်ခုကို ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးများက ပေးပို့လာသည့် MoU, MoA, LoI အစရှိသည့် သဘောတူညီချက်များ စိစစ်အကြံပြုခြင်း လုပ်ငန်းပြီးစီးမှုအနေဖြင့် သဘောတူစာချုပ် ၁၃၀ ကို အကြံပြုနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်တင်ပြမည့် လျှောက်လဲချက်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြပြီးစီးမှု အခြေအနေမှာ စီမံချက်ကာလအတွင်း သေဒဏ်အတည်ပြုမှု ခြောက်မှု၊ ရာဇဝတ်အယူခံမှု ၄၃ မှု၊ ရာဇဝတ်ပြင်ဆင်မှု ၆၅ မှု၊ ရာဇဝတ်အထွေထွေမှု တစ်မှု ဖြစ်ပါကြောင်း။

**အချိန်နှင့်တစ်ပြေးညီ တင်သွင်းနိုင်ရေး**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တရားသေလွှတ်မိန့်အယူခံမှုများ ကာလစည်းကမ်း သတ်မှတ်ရက်အတွင်း တင်သွင်းနိုင်ရေးအတွက် ရာဇဝတ်အယူခံမှု ၆၆ မှုကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြင်ဆင်မှုများ အချိန်နှင့်တစ်ပြေးညီ တင်သွင်းနိုင်ရေးအတွက် ပြင်ဆင်မှု ၂၆ မှု ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

တရားမစွဲမီဥပဒေအကြံဉာဏ်ပေးခြင်းကို အတည်ပြုခြင်းနှင့် ပြင်ဆင်ခြင်းတို့အပေါ် စိစစ်ခြင်းလုပ်ငန်းပြီးစီးမှုမှာ ၁၈၅၈ မှု ဖြစ်ပြီး အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများသို့ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးများသို့ လမ်းညွှန်မှုဥပဒေအကြံဉာဏ်ပေးခြင်းလုပ်ငန်းတွင် ပြီးစီးမှု ၂၁ မှု ပြီးပြတ်အောင် ဆောင်ရွက်နိုင်ပါကြောင်း။

ဥပဒေရုံးအဆင့်ဆင့်၏ ရက် ၁၀၀ စီမံချက် ဆောင်ရွက်ပြီးစီးမှုများမှာ ခြောက်လအထက် ကြန့်ကြာ မှုခင်းပြီးပြတ်မှုစီမံချက်တွင် ၆၃၆၂ မှုကို ပြီးစီးခဲ့ပြီး အမှုများ ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ကြန့်ကြာမှု မရှိဘဲအမြန်ပြီးပြတ်စေရေးတွင် ၂၃၀၁ မှု ပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သတင်းထောက်များ၏ မေးမြန်းချက်များကို ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

**ပြည်ထောင်စုစာရင်းစစ်ချုပ်**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက စာရင်းနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများကို မည်သည့်နည်းလမ်းများနှင့်ကြိုးစားဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့် ပတ်သက်၍ ပြန်လည်ဖြေကြားရာတွင် စာရင်းနှင့်ပတ်သက်၍ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတော်ကဏ္ဍဟူ၍ ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများနှင့်ပတ်သက်၍ နိုင်ငံတကာ စာရင်းစစ်စံများ လက်ခံကျင့်သုံးရန် ဖြစ်ပါကြောင်း၊ ယခုလုပ်ငန်းသည် လုပ်ငန်းသစ်မဟုတ်ပါကြောင်း၊ ယခင်ကတည်းက ကမ္ဘာ့ဘဏ်အပါအဝင် အဖွဲ့အစည်းများမှ ရေးဆွဲထားပါကြောင်း၊ ကုမ္ပဏီများ၏ စာရင်းစံနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ် အစီရင်ခံစာတွင် အလွန်အားနည်းသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကုမ္ပဏီများအနေဖြင့် စာရင်းစံများနှင့်အညီ လိုက်နာဆောင်ရွက်ရန် ယခင်ကထက် ပိုမိုတင်းကျပ်စွာ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။ နိုင်ငံတော်ကဏ္ဍတွင် ငွေသားစီးဆင်းမှုကို အခြေခံ၍ ဆောင်ရွက်နေပါကြောင်း၊ အဆိုပါ အခြေခံစနစ်မှ International Public Sector Accounting Standard တစ်နည်းအားဖြင့် ငွေသားစီးဝင်မှုနှင့် စီးထွက်မှုသာမက သက်ဆိုင်ရာအစိုးရဌာနများ၏ ပိုင်ဆိုင်မှုနှင့် အရှုံးအမြတ်အပါအဝင် ငွေသားစီးဆင်းမှုအဆင့်မှ စာရင်းစနစ်အဆင့်ထိရောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိတွင် စတင်ဆောင်ရွက်သည့် အဆင့်၌သာရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် လိုအပ်သည့်အချက်အလက်များ တောင်းထားသည့်အဆင့်တွင် ရှိပါကြောင်း၊ ယခုဆောင်ရွက်မှုသည် စိန်ခေါ်မှုတစ်ခုဖြစ်ပြီး အကြီးအကျယ်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ၎င်းလုပ်ငန်း ဆောင်ရွက်ရန် ရည်ရွယ်သည့် အဆင့်တွင် အတော်များများရှိပါကြောင်း၊ မိမိတို့အနေဖြင့် စတင်ဆောင်ရွက်နေခြင်းဖြစ်၍ မည်သည့်အချိန်တွင် ပြီးစီးမည်ကို ဖြေကြားနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက တပ်မတော်မှ အရာရှိများကို အရပ်ဘက်သို့ ပြောင်းလဲခန့်အပ်ရန် ရှိ/မရှိနှင့် ပတ်သက်၍ မေးခွန်းကို ဖြေကြားရာတွင် ဌာနတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့် လုပ်ငန်းများရှိပါကြောင်း၊ တပ်မတော်မှ ဝန်ထမ်းအဖွဲ့အစည်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုများရှိသော်လည်း စိစစ်ဆောင်ရွက်မှုများ ပြုလုပ်ရသည့်အပြင် သက်ဆိုင်ရာဌာနက လက်ခံမှုရှိရန်လည်း လိုအပ်ပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီမှုကိုလည်း လိုအပ်ပါကြောင်း၊ ဌာနများ တစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုသည် ဆက်လက်ရှိမည်ဖြစ်သော်လည်း အကန့်အသတ်အများကြီးရှိပါကြောင်း ဖြေကြားသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အနိမ့်ဆုံးလုပ်ခလစာ၊ ခုံသမာဓိကောင်စီတို့နှင့် ပတ်သက်၍ မေးမြန်းမှုကို ဖြေကြားရာတွင် အနည်းဆုံးအခကြေးငွေကို ၂၀၁၄ ခုနှစ်က ငွေကျပ် ၃၆၀၀ သတ်မှတ်ထားပါကြောင်း၊ အနည်းဆုံးအခကြေးငွေသည် အလုပ်သမား၊ ပြည်သူ၏ နေထိုင်စားသောက်မှု ကုန်ကျစရိတ်ကို အခြေခံပါကြောင်း၊ လောလောဆယ် ပြင်ဆင်ရန် မရှိသေးပါကြောင်း၊ ခုံသမာဓိကောင်စီတွင် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရဆိုသည့် သုံးပွင့်ဆိုင်ဖွဲ့ထားပါကြောင်း ဖြေကြားသည်။

ပြည်ပအလုပ်အကိုင်ကိစ္စနှင့် ပတ်သက်၍ ဦးမျိုးအောင်က ဖြေကြားရာတွင် အလုပ်အကိုင် အခွင့်အလမ်းအနေဖြင့် အိမ်တွင်းအထောက်အကူလုပ်ငန်းများ လုပ်မည်ဆိုလျှင် ဟောင်ကောင်တွင် ဒေါ်လာ ၅၀၀ ကျော်ရပြီး စင်ကာပူသွားလျှင် ဒေါ်လာ ၄၀၀ ကျော်ရကြောင်း၊ ကိုယ့်နိုင်ငံထဲတွင် တချို့ဘွဲ့ရသူများ ထိုဝန်းကျင် မရရှိကြကြောင်း၊ ထို့အတွက် စဉ်းစားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စာမျက်နှာ ၁၁ သို့ ✪

## ပြည်တွင်းရေးရာ



အမှတ်(၂၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင်များက စေတနာကြီးဘုရား၌ ပြိုကျပျက်စီးနေသော အုတ်အပိုင်းအစများ ရှင်းလင်းခြင်း၊ တံမြက်စည်း လှည်းခြင်းစသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

**❒ ပုဂံဒေသမှ**

"ရှေးဟောင်းသုတေသနကလည်း ရှေ့ဆက်လုပ်ဆောင်ရမယ့်လုပ်ငန်းတွေကို ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အပျက်အစီးစာရင်းတွေကို အရင်က တိတိကျကျကောက်ထားတာမဟုတ်ဘဲ မြန်မြန်ကောက်လိုက်ရတာဖြစ်လို့ ပျက်စီးတဲ့စေတီတွေမှာ ဘယ်နေရာကတော့ ဘယ်လိုပျက်တယ်။ အင်္ဂတေပိုင်းက ဘယ်လိုကွာကျတယ်ဆိုတာတွေ ဆောင်ရွက်နေပါတယ်။ အင်ဂျင်နီယာတွေရော ရှေးဟောင်းသုတေသနတွေပါ ပူးပေါင်းပြီး စာရင်းအတိအကျဖြစ်ဖို့ ဒရုန်းနဲ့လည်း အပေါ်ကနေပြီး ထိပ်မှာပေါက်သွားသလား။ အင်ဂျင်နီယာတွေကလည်း ဘယ်နေရာမှာတော့ ဘယ်လိုအက်ကြောင်းထပ်သွားတယ်ဆိုတာတွေကို မှတ်ချက်တွေပေးမယ်။ ဘယ်အရာတွေကိုတော့ ထိန်းသိမ်းမှုအမြန်လုပ်သင့်တယ်ဆိုတာတွေကို လုပ်ဆောင်လျက်ရှိပါတယ်။ အဖွဲ့ငါးဖွဲ့ခွဲထားတယ်ဆိုပေမယ့် လုပ်ဆောင်ချက်ကတော့ အတူတူပါပဲ။ နယ်မြေကျယ်လို့ အပိုင်းလိုက်အဖွဲ့တွေခွဲထားတာပါ"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ပြောကြားသည်။

ငလျင်လှုပ်ခတ်ခဲ့မှုနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ငလျင်နှင့်ပတ်သက်သည့် တိုင်းထွာချက်၊ မြန်မာနိုင်ငံငလျင်ပညာရှင်များအသင်းက ယခင်က ငလျင်ကြီးများ လှုပ်ခတ်ခဲ့မှု၊ လက်ရှိ ငလျင်ဖြစ်ပွားမှုကြောင့် အဆောက်အအုံပျက်စီးမှု၊ နောက်ထပ်ငလျင်ဖြစ်ပေါ်နိုင်မှု ရှိ၊ မရှိတို့ကို ဩဂုတ် ၂၉ ရက်က ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည့်အပြင် မြန်မာနိုင်ငံဗိသုကာအသင်းနှင့် အင်ဂျင်နီယာအသင်း စသည့်အသင်းအဖွဲ့များကလည်း ပျက်စီးမှုပိုများသည့်အဆောက်အအုံများ၊ ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်၊ ငလျင်ကြောင့် ပျက်စီးမှုများသည့်အပိုင်းများအား သုတေသနလုပ်ငန်းများလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြောင်းလည်း သိရသည်။

ငလျင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်းတွင် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်အပျက်အစီးများကို ဖယ်ရှားသည့်အခါတွင် ဖယ်ရှားမှုမပြုလုပ်ခင် မှတ်တမ်းများရယူကာ မည်သို့ဖယ်ရှားသင့်ကြောင်း၊ ရှေ့ဆက်လက်လုပ်ဆောင်ရမည့် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်း ယူနက်စကိုမှ ပညာရှင်များက ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေပုဂံဒေသတွင် ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိမြေငလျင်လှုပ်ခတ်ခဲ့သော်လည်း ပုဂံဒေသသို့ ခရီးသွားဝင်ရောက်မှုသည် လျော့ကျသွားခြင်းမရှိဘဲ ယမန်နှစ် ဩဂုတ်လအတွင်းက စုစုပေါင်းဝင်ရောက်မှု ၁၂၅၇၃ ရှိခဲ့ရာမှ ယခုနှစ် ဩဂုတ်လအတွင်း ခရီးသွားဝင်ရောက်မှုစုစုပေါင်း ၁၅၂၇၇ ဦးအထိရှိခဲ့ကြောင်းနှင့် ၂၀၁၅ ခုနှစ်အတွင်းက ပုဂံဒေသသို့ တစ်ရက်ပျမ်းမျှခရီးသွားဝင်ရောက်မှုသည် ၄၀၅ ဦးသာရှိခဲ့ရာမှ ယခုနှစ်တွင် တစ်ရက်ပျမ်းမျှခရီးသွားဝင်ရောက်မှုသည် ၄၉၁ ဦးအထိရှိခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ သိရသည်။ **(နိုင်လင်းကြည်)**

**✳ စာမျက်နှာ ၁၀ မှ**

အလုပ်သမားအဖွဲ့များ ဖွဲ့စည်းမှုနှင့်ပတ်သက်၍ ဖြေကြားရာတွင် အလုပ်သမားဥပဒေတွင် အတိအကျ ပြဋ္ဌာန်းထားရှိပါကြောင်း၊ အခြေခံအဖွဲ့အစည်းပြီးလျှင် မြို့နယ်အဖွဲ့၊ ပြီးမှ ပြည်နယ်နှင့် တိုင်းဒေသကြီး ရှိပါကြောင်း၊ သတ်မှတ်ချက်နှင့် မကိုက်ညီသည့်အဖွဲ့ရှိလျှင် အချိန်မရွေးပြောနိုင်ပါကြောင်း ဖြေကြားသည်။

**အမှုများ အမြန်ပြီးပြတ်အောင် စစ်ဆေး**

တိုင်ကြားစာနှင့် အသနားခံစာများကိစ္စ၊ အမှုများ အမြန်ပြီးပြတ်အောင် စစ်ဆေးဆောင်ရွက်ရန် ညွှန်ကြားမှုများ ရှိ၊ မရှိနှင့်ပတ်သက်၍ မေးခွန်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ဖြေကြားရာတွင် တိုင်ကြားစာ၊ အသနားခံစာများနှင့်ပတ်သက်ပြီး သမ္မတရုံး၊ အစိုးရအဖွဲ့ရုံးတို့က ရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက် တောင်းပါကြောင်း၊ အမြန်ဆုံး နှစ်ရက်အတွင်းနှင့် နောက်အကျဆုံး တစ်ပတ်အတွင်း ပြန်ကြားပေးပါကြောင်း။

ပြစ်မှုနှင့်ပတ်သက်လျှင် ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေအရ ခြောက်လအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဆိုသည့် ညွှန်ကြားချက်ရှိပါကြောင်း၊ သို့သော် အမှုတစ်မှု ဖြစ်ခဲ့လျှင် Process တွေ အများကြီးရှိပါကြောင်း၊ စစ်ဆေးသည့်ကိစ္စတွင်လည်း ဥပဒေနှင့်အညီ စစ်ဆေးရပါကြောင်း၊ တရားစွဲအဖွဲ့အစည်းများ၊ ဥပဒေအရာရှိများ၊ တရားရုံးများ၏ ဆောင်ရွက်ချက်ကြောင့်သာမဟုတ်ဘဲ ဖြစ်ပေါ်နေသည့်ပြစ်မှုဆိုင်ရာစစ်ဆေးသည့် နည်းလမ်းများတွင် ဥပဒေအရ ခံစားခွင့်များကို ကြားဖြတ်အမိန့်များ ရှိသည့်အတွက်ကြောင့်လည်း ကြန့်ကြာနိုင်ပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

# သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သည့် ယာဉ်များအား အရေးယူဆောင်ရွက်မည်

**နေပြည်တော် ဩဂုတ် ၃၀**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သည့် ယာဉ်များကို တည်ဆဲမော်တော်ယာဉ်ဥပဒေ၊ အမြန်လမ်းဥပဒေများဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပညာပေးကာလက ကုန်သွားပါပြီ။ အခု စက်တင်ဘာ ၁ ရက်နေ့ကစပြီး အမြန်နှုန်းပိုမောင်းတဲ့ယာဉ်တွေကို ဖမ်းဆီးအရေးယူတော့မှာပါ။ ပညာပေးကာလမှာ ဝန်ခံကတိထိုးခြင်းမှလွဲ၍ ကျန်တာဘာမှအရေးမယူပါဘူး။ ခုတော့ ဥပဒေအရ ထိထိရောက်ရောက်အရေးယူတော့မှာပါ"ဟု အမြန်လမ်းရဲတပ်ဖွဲ့ ရဲမှူးက ပြောသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ဖြတ်သန်းမောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များ ယာဉ်မတော်တဆကင်းရှင်းစေရေးအတွက် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်ထားသော တစ်နာရီ KM ၁၀၀ မိုင် ၆၀ နှုန်းထက် ပိုမိုမောင်းနှင်သည့် ယာဉ်များအား အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ အရှိန်နှုန်းတိုင်းကိရိယာများဖြင့် အသုံးပြုတိုင်းတာစစ်ဆေးအရေးယူဆောင်ရွက်ခြင်း၊ ပညာပေးခံဝန်ကတိထိုးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၂၉ ရက်အထိ EXPRESS ယာဉ် ၁၀ စီး၊ သတ်မှတ်ကုန်စည်တင်ယာဉ် ၁၈ စီးနှင့် ကိုယ်ပိုင်ယာဉ်ငယ် ၁၂၈၅ စီးတို့အား ပညာပေးစစ်ဆေးဆောင်ရွက်နိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှစတင်၍ ဥပဒေအရ ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# အာရှအမျိုးသားကလပ် ဘော်လီဘောပြိုင်ပွဲ အီရန်နှင့် ကာတာကလပ်အသင်း ဗိုလ်လုပွဲတက်ရောက်

**နေပြည်တော် ဩဂုတ် ၃၀**

အာရှအမျိုးသားကလပ် ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များနှင့် အဆင့်သတ်မှတ်ချက်ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယနေ့ နံနက် ၁၁ နာရီခွဲကစတင် ယှဉ်ပြိုင်ကစားကြသည်။

ဝဏ္ဏသိဒ္ဓိအားကစား(C)ရုံ၌ အဆင့်(၉)မှ (၁၄)အထိ သတ်မှတ်ချက်ပြိုင်ပွဲတွင် မလေးရှားကလပ်အသင်းနှင့် ဟောင်ကောင်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မလေးရှားကလပ်အသင်းက (၂၅-၁၈)မှတ်၊ (၂၅-၂၁)မှတ်၊ (၂၅-၁၈)မှတ် သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားကလပ်အသင်းနှင့် အီရတ်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်ဒိုနီးရှားကလပ်အသင်းက (၂၅-၁၉)မှတ်၊ (၂၅-၂၀)မှတ်၊ (၁၂-၂၅)မှတ်၊ (၁၈-၂၅)မှတ်၊ (၁၅-၁၂)မှတ် သုံးပွဲနှစ်ပွဲဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစား(B)ရုံ၌ အဆင့်(၅)မှ (၈)အထိ သတ်မှတ်ချက်ပြိုင်ပွဲတွင် ဗီယက်နမ်ကလပ်အသင်းနှင့် ကာဇက်စတန်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာဇက်စတန်ကလပ်အသင်းက (၃၁-၃၃)မှတ်၊ (၂၅-၂၁)မှတ်၊ (၂၅-၂၁) မှတ်၊ (၂၁-၂၅)မှတ်၊ (၁၅-၁၂)မှတ် သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း၊ မြန်မာကလပ်အသင်းနှင့် တရုတ်(တိုင်ပေ)ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တရုတ်(တိုင်ပေ)ကလပ်အသင်းက (၂၅-၂၁)မှတ်၊ (၃၀-၂၈)မှတ်၊ (၂၅-၂၁)မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသည်။

ထို့နောက် ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် တရုတ်ကလပ်အသင်းနှင့် အီရန်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီရန်ကလပ်အသင်းက (၂၈-၂၆)မှတ်၊ (၂၅-၁၆) မှတ်၊ (၂၅-၂၁)မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကာတာကလပ်အသင်းနှင့် ဂျပန်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာတာကလပ်အသင်းက (၂၅-၁၉)မှတ်၊ (၁၉-၂၅) မှတ်၊ (၂၃-၂၅)မှတ်၊ (၂၈-၂၆)မှတ်၊ (၁၅-၉)မှတ် သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပါသည်။

**(မောင်မောင်ဇော်)**

❖

**✪ ၂၀၁၆ မှ**

အနက် မြန်မာကိုယ်စားပြု ကလပ်အသင်းသာထွက်ပေါ်သေးပြီး ကျန်အသင်းများထွက်ပေါ်ခြင်း မရှိသေးပေ။ ပွဲစဉ်ရေးဆွဲထားမှုအရ ရတနာပုံအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာ ၂၃ ရက်တွင် ဗီယက်နမ်ကလပ်နှင့် အဝေးကွင်းပွဲစဉ်၊ ဒီဇင်ဘာ ၂၇ ရက်တွင် လာအိုကလပ်နှင့် အိမ်ကွင်းပွဲစဉ် ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၅ ရက်၊ ဒီဇင်ဘာ ၂၃၊ ၂၇ ရက်၊ ဆီမီးဖိုင်နယ်ပွဲကို ဒီဇင်ဘာ ၃၁ ရက်၊ ဗိုလ်လုပွဲ ပထမအကျော့ကို ဇန်နဝါရီ ၄ ရက်၊ ဒုတိယအကျော့ကို ဇန်နဝါရီ ၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ရတနာပုံအသင်းသည် အုပ်စုပွဲစဉ်များကို ဒီဇင်ဘာလ စတုတ္ထပတ်မှ ယှဉ်ပြိုင်ရမည်ဖြစ်ဖြစ်သောကြောင့် ဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ကစားသမားများ ပြန်လည်ပါဝင်နိုင်မည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် ဆုကြေးများအဖြစ် ပထမဆု အမေရိကန်ဒေါ်လာ ၇၅၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၅၀၀၀၀၊ တတိယဆု အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ စတုတ္ထဆု အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ ပဥ္စမဆု အမေရိကန်ဒေါ်လာ ၅၀၀၀၊ အကောင်းဆုံးကစားသမားဆု အမေရိကန်ဒေါ်လာ ၃၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

တိုယိုတာမဲခေါင်ဖလားပြိုင်ပွဲကို ၂၀၁၄ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဧရာဝတီ၊ ၂၀၁၅ ခုနှစ်တွင် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ခဲ့သည်။ ဧရာဝတီအသင်းသည် ဒုတိယနေရာ ရယူနိုင်ခဲ့သော်လည်း ရန်ကုန်အသင်းမှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**■ ကျောဖုံးမှ**

စီးပွားရေးလုပ်ငန်းရှင်များအတွက် online စနစ် eVisa ဖြင့် လုပ်ငန်းဗီဇာ (Business Visa)ကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်မှ စ၍ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် ထပ်မံခွင့်ပြုပေးခဲ့သည်။

ယခုအခါ မြန်မာ-ထိုင်း အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းတို့ရှိ လူဝင်မှုစစ်ဆေးရေးဂိတ်များမှ online စနစ် eVisa ဖြင့် ကမ္ဘာလှည့်ဗီဇာ (Tourist Visa)နှင့် လုပ်ငန်းဗီဇာ (Business Visa)တို့အား ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ ခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက http://evisa.moip.gov.mm တွင် ကြည့်ရှုလေ့လာနိုင်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်(ရွှေဈေး) ၈၅၆၅၀၀ - ၈၅၇၅၀၀ မန္တလေး(ရွှေဈေး) ၈၅၆၃၀၀ - ၈၅၇၃၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၅၇၀/၆၂၀ ကျပ်၊ | ၆၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၀၀/၅၃၀ ကျပ်၊ | ၅၅၀/၅၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၆၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၂ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၀၅. ၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၉၅၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၄၇. ၆ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၈၁. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၀. ၄၅ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇. ၈၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၈၅၇ | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၂. ၂၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၂၃ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၆. ၄၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၃၁- ၈ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း

| | |
|---|---|
| ၆း၀၀ | အဖွင့် မိုးလေဝသအစီအစဉ် တေးဂီတအစီအစဉ် |
| ၆း၂၀ | ကာတွန်းအစီအစဉ် "Ice Age; Continental Drift" (Part-2) |
| ၇း၁၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ' (အပိုင်း-၇၄) |
| ၇း၄၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘဝ ကိုယ့်အိပ်မက်" (အပိုင်း-၃၄) |
| ၈း၂၅ | Premier League(Review) |
| ၉း၁၀ | ပြည်သူ့နီတိ "စိတ်ဒဏ်ရာအပေါက်များ" |
| ၉း၂၅ | MRTV Entertainment Music |
| ၉း၃၅ | ချင်းရိုးရာဝတ်စားဆင်ယင်မှု |
| ၉း၅၀ | မြန်မာဗီဒီယိုဇာတ်လမ်း "လိပ်ပြာခွဲတမ်း" |
| ၁၂း၀၀ | အစီအစဉ်ပြီး၏ |

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော် ဘုရားကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(စတော့အိတ်ချိန်းတွင် အရင်းအနှီးမြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း) (အပိုင်း-၃) |
| ၈း၃၅ | ၂၀၁၆ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (ဝါသနာရှင် (ပထမတန်း) အဆင့်)(အမျိုးသား) |
| ၉း၀၀ | ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ. . (၂၁)ရာစုပင်လုံ စကားသံ |
| ၉း၄၅ | ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ. . (၂၁)ရာစုပင်လုံ တိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ် |
| ၁၂း၁၅ | ငြိမ်းချမ်းရေးမျှော်လင့်ချက် စကားသံ(ရန်ကုန်) |
| ၁၂း၂၅ | ငြိမ်းချမ်းရေးမျှော်လင့်ချက် စကားသံ(မန္တလေး-၂) |
| ၁၂း၃၅ | ငြိမ်းချမ်းရေးမျှော်လင့်ချက် စကားသံ(နေပြည်တော်) |
| ၁၂း၄၅ | ငြိမ်းချမ်းရေးမျှော်လင့်ချက် စကားသံ |
| ၁း၀၀ | ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁)ရာစုပင်လုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၄း၁၅ | ၂၀၁၆ခုနှစ် ၂၂ကြိမ်မြောက်မြန်မာ တိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး၊ ပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာရန် (အဆိုဘာသာရပ်)(ခေတ်ဟောင်းတေးနှင့်ကာလပေါ်တေး) အခြေခံပညာ(၁၀-၁၅)အဆင့်) (အမျိုးသား) |
| ၄း၃၅ | Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း) |
| ၅း၁၅ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (မိုးမခ နှင့် မင်းမောင်မောင် |
| ၅း၃၅ | NHK Programme All about Rice (စပါးခင်းထဲကသက်ရှိ သတ္တဝါလေးများ) (Criatures of the Paddy) |
| ၆း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ" မီးခဲကြောင်ချီး ပုဏ္ဏကနှင့် စတုတ္ထဆိပ်ကမ်း" (အောင်ဇော်မင်း၊ ဒေါ်ခင်ခင်အေး၊ မိုးအိန်ဂျယ်၊ ပိုးအိနန္ဒာ(ဒါရိုက်တာ -သိန်းစိုး (သီဟရတနာ) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ"(အပိုင်း-၉၀) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၆၉) -သုခုမရင်ခွင်အငြိမ့်သဘင် "ဖူးသစ်ကြယ်စင်အငြိမ့်' (မင်းသမီး-အေးနုသဇင်၊ လူရွှင်တော်-အဂီး၊ ပိုင်ပိုင်၊လပြည့်၊ အဆန်း) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## MRTV-4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၄၀ | "ပျော်ရွှင်မှုအကြောင်း" တရားတော် [ပါမောက္ခ ဒေါက်တာအရှင်ဓမ္မသာမိ (အောက်စဖို့ဒ်ဆရာတော်)] |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ |
| ၁၁း၁၅ | ဟင်းချက်ရအောင် |
| ၁၂း၃၅ | အနုပညာမိုးကောင်းကင် |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို"(အပိုင်း-၃၈) |
| ၂း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၄၉) |
| ၃း၄၀ | ရန်ကုန်မြင်ကွင်းကျယ် (Sunsilk Colorful World Event) |
| ၃း၅၅ | Cartoon Series (English Play Ground) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ 'ချစ်သူပေးတဲ့ ကတိစကား" (အပိုင်း -၅၀) |
| ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို"(အပိုင်း-၃၉) |
| ၈း၁၅ | ရသစုံညွှန်းတမ်းများ |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သစ္စာတည်စေသော်" (အပိုင်း-၉၅) |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိမိန်းမလှလေး' (အပိုင်း-၂၂) |
| ၉း၅၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၅ | Let's Talk |
| ၁၀း၄၅ | MRTV-4 Stage |
| ၁၀း၅၀ | World of Knowledge (Megastrictures : Porsche) |

# ခင်ပွန်းဟောင်းရဲ့ပွဲမှာ စပိန်သီချင်းနဲ့ စုံတွဲဖျော်ဖြေခဲ့တဲ့ တေးသံရှင် ဂျနီဖာလိုပက်ဇ်

ကမ္ဘာကျော် အနုပညာရှင်တစ်ဦးဖြစ်တဲ့ တေးသံရှင်နှင့် ရုပ်ရှင်သရုပ်ဆောင် ဂျနီဖာလိုပက်ဇ်ခေါ် ဂျေလိုဟာ ဩဂုတ် ၂၇ ရက်က နယူးယောက်မြို့မှာ ကျင်းပခဲ့တဲ့ သူ့ရဲ့တစ်ချိန်က ခင်ပွန်းဟောင်း တေးသံရှင် မာ့ခ်အန်တိုနီရဲ့ ဂီတဖျော်ဖြေပွဲမှာ အတူပွဲထွက်လာခဲ့တဲ့အတွက် မီဒီယာတွေရဲ့စိတ်ဝင်စားမှုကို ခံခဲ့ရပြန်ပါတယ်။

အသက်(၄၇)နှစ်အရွယ်ရှိနေပြီဖြစ်ပေမယ့် လှပနုပျိုနေဆဲ ဂျေလိုဟာ နယူးယောက်မြို့ရှိ Radio City Music Hall မှာ ကျင်းပတဲ့ အဲဒီဂီတဖျော်ဖြေပွဲမှာ သူ့ရဲ့တစ်ချိန်က ခင်ပွန်းဟောင်း အန်တိုနီနဲ့တွဲဖက်ပြီး No Me Ames လို့ အမည်ရတဲ့သီချင်းကို စပိန်ဘာသာနဲ့ စုံတွဲသီဆိုခဲ့ပါတယ်။

တေးသံရှင် ဂျေလိုနဲ့ မာ့ခ်အန်တိုနီတို့ဟာ ၂၀၀၄ ခုနှစ် ဇွန်လက လက်ထပ်ခဲ့ပြီး သားသမီးနှစ်ဦးထွန်းကားခဲ့ကာ ၂၀၁၄ ခုနှစ်မှာ ကွာရှင်းပြတ်စဲခဲ့ခြင်းဖြစ်ပါတယ်။

တေးသံရှင် မာ့ခ်အန်တိုနီရဲ့ ဂီတဖျော်ဖြေပွဲအပြီးမှာ ကလေးနှစ်ဦးနဲ့အတူ အမှတ်တရ ဓာတ်ပုံရိုက်ကူးခဲ့ကြတယ်လို့လည်း သိရပါတယ်။

ဂျေလိုရဲ့ လက်ရှိအနုပညာလှုပ်ရှားမှုအနေနဲ့ကတော့ အမေရိကန်မှုခင်းဒရမ်မာ ရုပ်သံဇာတ်လမ်းတွဲတစ်ပုဒ်ဖြစ်တဲ့ Shades of Blue မှာ ပါဝင်သရုပ်ဆောင်ထားပြီး Residency concerts များဖြစ်တဲ့ Jennifer Lopez: All I Have ကိုလည်း ဆက်လက်ကျင်းပလျက် ရှိပါတယ်။





# ဝိုင်ဂျီအင်န်တာတိန်းမန့်မှ Black Pink အဖွဲ့၏ အနာဂတ်အစီအစဉ်များကို ပရိသတ်များထံ မိတ်ဆက်ပေး

တောင်ကိုရီးယားနာမည်ကြီး အနုပညာရှင်များစွာကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိသည့် တောင်ကိုရီးယား အနုပညာအေဂျင်စီတစ်ခုဖြစ်သည့် ဝိုင်ဂျီမှ အသစ်ထပ်မံမိတ်ဆက်ခဲ့သည့် အမျိုးသမီး ကေပေါ့ပ်အဖွဲ့သစ် Black Pink ၏ အနာဂတ်အစီအစဉ်များနှင့်ပတ်သက်ပြီး အဆိုပါအေဂျင်စီမှ ပရိသတ်များအား တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

"Black Pink အဖွဲ့ဟာ အချိန်တိုအတွင်းမှာကိုပဲ ပရိသတ်တွေရဲ့ လက်ခံအားပေးမှု အများကြီး ရရှိခဲ့ပါတယ်။ ဒီအတွက်လည်း အများကြီးကျေးဇူးတင်ပါတယ်။ ပရိသတ်တွေအများစု မျှော်လင့်နေတဲ့အတိုင်းပဲ ဒီအဖွဲ့ရဲ့ variety show တွေအများကြီး ဆက်လက်ကျင်းပသွားဖို့ရှိပါမယ်။ ဆက်အားပေးဖို့လည်း တောင်းဆိုပါတယ်"ဟု ဝိုင်ဂျီအင်န်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦးက တောင်ကိုရီးယား သတင်းအေဂျင်စီတစ်ခုဖြစ်သည့် Star News သို့ ဩဂုတ် ၃၀ ရက်က ပြောကြားခဲ့သည်။

အဆိုပါပုဂ္ဂိုလ်၏ ပြောကြားချက်အရ ပရိသတ်များ၏လက်ခံအားပေးမှုများကြောင့် Black Pink အဖွဲ့ကို တဖြည်းဖြည်းချင်းဖြင့် variety show များတွင် ပါဝင်လာရန် စီစဉ်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့အနေဖြင့် ယခုအခါ ဂီတလမ်းကြောင်းပေါ်သို့ ပိုမိုအာရုံထားကြိုးစားလျက်ရှိနေပါကြောင်းဖြင့် ထပ်မံပြောကြားခဲ့သည်။

Black Pink အဖွဲ့ကို ယခုနှစ် ဇွန်လအတွင်းကမှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုလဆန်းပိုင်းက Square One အမည်ရှိ စတူဒီယိုအယ်လ်ဘမ်ကို ဖြန့်ချိခဲ့သည်။ ထို့ပြင် ယင်းအယ်လ်ဘမ်မှ Whistle နှင့် BOOMBAYAH သီချင်းနှစ်ပုဒ်ကို တေးသီချင်းဗီဒီယိုရိုက်ကူးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပရိသတ်များအနေဖြင့် ကေပေါ့ပ်အဖွဲ့သစ် Black Pink ကို များစွာသော ဈေးကွက်မြှင့်တင်မှုပိုင်းဆိုင်ရာများတွင် မြင်တွေ့ကြရဦးမည်ဖြစ်သည်။

ထို့ပြင် Black Pink အဖွဲ့သည် Reebok ၏ သံတမန်များအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည့် ကေပေါ့ပ်အဖွဲ့ဖြစ်လာခဲ့သည်။

# ပညာရေးတာဝန်များပြီးဆုံးပါက အနုပညာလုပ်ငန်းများဆက်တိုက်ဆောင်ရွက်မည့် Nana

တောင်ကိုရီးယား သရုပ်ဆောင်တစ်ဦးဖြစ်သူ Nana က သူ၏ပညာရေးတာဝန်များပြီးဆုံးပါက အနုပညာလုပ်ငန်းများကို ဆက်တိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင် ဒရမ်မာဇာတ်ကား အတော်များများ၌ ပါဝင်သရုပ်ဆောင်ရန် ကမ်းလှမ်းခြင်းခံထားရသည့် သရုပ်ဆောင် Nana သည် မကြာမီတွင် ရိုက်ကူးမည့် Kkoon'!ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်သွားဖွယ်ရှိကြောင်း သိရသည်။

ထို့အပြင် Nana ၏ များစွာသော ကမ်းလှမ်းချက်များထဲမှ တစ်ခုဖြစ်သည့် Good Wife'! ဇာတ်ကားမှ သရုပ်ဆောင် Jeon Do Yeon ကလည်း "သရုပ်ဆောင် အတွေ့အကြုံသိပ်မရှိတာချင်းတူပေမယ့် သူနဲ့အတူတွဲပြီး ရိုက်ကူးရေးတွေလုပ်ချင်ပါသေးတယ်။ သူက အလွန်ကူညီတတ်တဲ့သူတစ်ဦး ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။



မျိုးစန္ဒာမောင်-စုစည်းသည်

# နည်းပြသစ် ဆမ်အလာဒိုက်စ်လက်ထက်တွင် အသင်းခေါင်းဆောင်အဖြစ် ရှန်းနီဆက်ရှိမည်




မန်ယူအသင်းနှင့် အင်္ဂလန်အသင်းတို့၏ အသင်းခေါင်းဆောင်ဖြစ်သူ တိုက်စစ်မှူး ရှန်းနီသည် နည်းပြသစ် ဆမ်အလာဒိုက်စ် လက်ထက်တွင်လည်း အသင်းခေါင်းဆောင်တစ်ဦးအဖြစ် ဆက်ရှိနေမည်ဖြစ်ကြောင်း ဆမ်အလာဒိုက်စ်က ပြောကြားခဲ့သည်။

တိုက်စစ်မှူး ရှန်းနီသည် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ပွဲပေါင်း ၁၁၅ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၅၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။ အဆိုပါသွင်းဂိုး ၅၃ ဂိုးတွင် ပင်နယ်တီမှရရှိခဲ့သည့် သွင်းဂိုး ခုနစ်ဂိုးပါဝင်ခဲ့သည်။ တိုက်စစ်မှူးရှန်းနီသည် ကစားသမားဘဝတစ်လျှောက်တွင် အဲဗာတန်အသင်းနှင့်အတူ ၆၇ ပွဲပါဝင်ကစားခဲ့ကာ သွင်းဂိုး ၁၅ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး မန်ယူအသင်းနှင့်အတူ လက်ရှိအချိန်အထိ ပွဲပေါင်း ၃၇၁ ပွဲပါဝင်ကစားခဲ့ကာ ၁၇၉ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

တိုက်စစ်မှူး ရှန်းနီသည် အင်္ဂလန်လက်ရွေးစင်အသင်း၏ စံချိန်တင်ဂိုးသွင်းရှင်တစ်ဦးဖြစ်ပြီး အသင်းခေါင်းဆောင်လက်ပတ်ကို လွန်ခဲ့သည့်တစ်နှစ်က အင်္ဂလန်အသင်းခေါင်းဆောင် စတီဗင်ဂျာရတ်ထံမှ လွှဲပြောင်းယူခဲ့သူဖြစ်သည်။ အင်္ဂလန်လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၄ ရက်တွင် ဆလိုဗက်ကီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ၂၀၁၈ ရုရှားကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အတွက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

အသက်(၃၀)အရွယ်ရှိ အင်္ဂလန်အသင်းခေါင်းဆောင် ရှန်းနီသည် ၂၀၁၆ ခုနှစ်အတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင်လည်း နည်းပြ ရွိုင်းဟော့ဂ်ဆန်လက်ထက်တွင် အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့ပြီး အင်္ဂလန်အသင်းမှာ ၁၆ သင်းအဆင့်တွင် အိုက်စလန်အသင်းကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။

အင်္ဂလန်အသင်း၏ ဝါရင့်ကစားဖော်များကလည်း အသင်းခေါင်းဆောင်အဖြစ် တိုက်စစ်မှူးရှန်းနီအား မှန်ကန်စွာရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ထောက်ခံခဲ့ကြသလို တိုက်စစ်မှူး ရှန်းနီမှာ အင်္ဂလန်အသင်း၏ အသင်းခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ကြောင်း နည်းပြ ဆမ်အလာဒိုက်စ်က ပြောကြားခဲ့သည်။ တိုက်စစ်မှူး ရှန်းနီသည် နည်းပြရွိုင်းဟော့ဂ်ဆန်လက်ထက် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားခဲ့သူဖြစ်ပြီး မန်ယူအသင်းနည်းပြသစ် မော်ရင်ဟိုလက်ထက် ယခုနှစ်ဘောလုံးရာသီတွင်လည်း တိုက်စစ်ကို ပံ့ပိုးပေးသူတစ်ဦးအဖြစ်သာ ပါဝင်ပွဲထွက်ကစားခဲ့သည်။

တိုက်စစ်မှူး ရှန်းနီသည် ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားကတည်းက အင်္ဂလန်အသင်းခေါင်းအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း အလန်ရှီးယားကမူ တိုက်စစ်မှူး ရှန်းနီအား အင်္ဂလန်လက်ရွေးစင် ကစားသမားဘဝမှ အနားယူရန် တိုက်တွန်းထားသည်။ အလန်ရှီးယားမှာ အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ၁၉၉၂ ခုနှစ်မှ စတင်ကာ ၂၀၀၀ ခုနှစ်အထိ ကိုးနှစ်ကြာကစားပေးခဲ့ပြီး လက်ရွေးစင်ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်သည်။ အလန်ရှီးယားသည် အင်္ဂလန်လက်ရွေးစင်ကစားသမားဘဝတွင် ၆၃ ပွဲပါဝင်ကစားခဲ့ကာ သွင်းဂိုး ၃၀ သွင်းယူပေးနိုင်ခဲ့သည်။

ဆလိုဗက်ကီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အတွက် အင်္ဂလန်အသင်း နည်းပြသစ် ဆမ်အလာဒိုက်စ်ရွေးချယ်ထားသည့် ကစားသမား ၂၃ ဦးစာရင်းမှာ ဂိုး-ဂျိုးဟတ်၊ ဖရေဆာဖော်စတာ၊ တွမ်ဟိတန်၊ နောက်တန်း-နက်သန်နီယယ်ကလိုင်း၊ ကီလီဝေါ်ကာ၊ ဂယ်ရီကာဟေးလ်၊ စမောလင်း၊ ဂျွန်စတုန်း၊ ယယ်ကာ၊ ဒန်နီရို့စ်၊ လုခ်ရှော၊ ကွင်းလယ်-ဒီလီအယ်လီ၊ အန်တိုနီယို၊ အဲရစ်ဒိုင်ယာ၊ ဒရင့်ဝါးတား၊ ဂျော်ဒန် ဟန်ဒါဆန်၊ လယ်လာနာ၊ ရှန်းနီ၊ စတာလင်း၊ သီယိုဝဲလ်ကော့၊ တိုက်စစ်-ဟယ်ရီကိန်း၊ စတားရစ်ချ်၊ ဗာဒီတို့ဖြစ်သည်။

နည်းပြဆမ်အလာဒိုက်စ်ရွေးချယ်ခဲ့သည့် ကစားသမား ၂၃ ဦး စာရင်းအနက် ကွင်းလယ်ကစားသမား အန်တိုနီယိုသည် အင်္ဂလန်အသင်းနှင့်အတူ ပထမဆုံးပွဲထွက်ကစားခွင့်ရရှိတော့မည်ဖြစ်ပြီး ဒဏ်ရာပြဿနာ ကြုံတွေ့နေသည့် အာဆင်နယ်ကွင်းလယ်ကစားသမား ဝီရှိုင်းယားသည်လည်း အင်္ဂလန်အသင်းတွင် ပါဝင်လာခြင်းမရှိခဲ့ပေ။

ရှန်းနီနှင့် လက်ရွေးစင်အသင်းရော ကလပ်အသင်းမှာပါ ကစားဖော်ဖြစ်သည့် တိုက်စစ်မှူး မားကပ်စ်ရက်ရှ်ဖို့ဒ်မှာမူ မန်ယူအသင်းတွင် ခြေစွမ်းကောင်းပြသနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်လက်ထက်တွင် ယူ-၂၀ အသင်းမှတစ်ဆင့် လက်ရွေးစင်အသင်းတွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ယူရို ၂၀၁၆ ပြိုင်ပွဲတွင်လည်း ပါဝင်ပွဲထွက်ခွင့်ရရှိခဲ့သည်။ သို့ရာတွင် အင်္ဂလန်နည်းပြသစ်ဆမ်အလာဒိုက်စ်လက်ထက်တွင်မူ ကစားသမား ၂၃ ဦးစာရင်းတွင် ပါဝင်လာခဲ့ခြင်းမရှိကြောင်း သိရသည်။ အင်္ဂလန်အသင်း၏ လာမည့်ပွဲစဉ်များအဖြစ် စက်တင်ဘာ ၄ ရက်တွင် ဆလိုဗက်ကီးယားအသင်းနှင့်လည်းကောင်း၊ အောက်တိုဘာ ၈ ရက်တွင် မယ်လ်တာအသင်းနှင့်လည်းကောင်း၊ အောက်တိုဘာ ၁၁ ရက်တွင် ဆလိုဗေးနီးယားအသင်းနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ငွေကြယ်)**



## ချယ်လ်ဆီးကို အောင်မြင်အောင် တည်ဆောက်မည့် ကွန်တီ

ချယ်လ်ဆီးကွင်းလယ်လူဟောင်း ဖရန့်လမ်းပတ်က နည်းပြ ကွန်တီ ရောက်ရှိလာသည်နှင့် ချယ်လ်ဆီးအသင်းနိုင်ပွဲများ ဆက်နေသည်ကို မိမိမအံ့ဩမိကြောင်း ဆိုလိုက်သည်။ လမ်းပတ်မှာ ကွန်တီလက်အောက်တွင် ကစားခဲ့သည့် ပီယာလိုနှင့် နယူးယောက်စီးတီးအသင်းတွင်အတူတကွ ကစားနေသူဖြစ်ပြီး ကွန်တီမှာ ချယ်လ်ဆီးကို အောင်မြင်အောင် တည်ဆောက်နိုင်မည့်သူအဖြစ် ပီယာလိုက ထောက်ခံခဲ့ကြောင်း ပြောကြားခဲ့သည်။

"ပီယာလိုက ကွန်တီဟာ လေ့ကျင့်ရေးကွင်းမှာ အလုပ်ကို ဘယ်လောက်အထိ ကြိုးစားလုပ်သူဆိုတာ ပြောပြခဲ့တယ်။ ရာသီကြို ပွဲစဉ်တွေမှာ ချယ်လ်ဆီးအသင်း ခက်ခဲခဲ့ပေမယ့် ဒါက အစပိုင်းတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပြဿနာတစ်ခုပါပဲ။ ဝက်စ်ဟမ်းနဲ့ ပွဲမှာတော့ ချယ်လ်ဆီး တကယ်ပြန်လာပြီဆိုတာ သက်သေပြနိုင်ခဲ့ပါတယ်"ဟု လမ်းပတ်က ပြောကြားခဲ့သည်။ **(မေလှဲ့သင်း)**

## ကစားသမားသစ်တစ်ဦး (သို့မဟုတ်)နှစ်ဦး ထပ်မံခေါ်ယူနိုင်ဦးမည်ဟု အလန်ပါဂျူး ယုံကြည်

ခရစ္စတယ်ပဲလေ့စ်အသင်းမန်နေဂျာ အလန်ပါဂျူးက ယခုနှစ်နွေဈေးကွက် မပိတ်သိမ်းမီ ကစားသမားသစ်တစ်ဦး (သို့မဟုတ်)နှစ်ဦးကို ထပ်မံခေါ်ယူနိုင်မည်ဟု ယုံကြည်ထားကြောင်း ဆိုခဲ့သည်။ ပါဂျူးက လီဗာပူးတိုက်စစ်မှူး ဘန်တီကီအား ပေါင်၂၇ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီးနောက် ချယ်လ်ဆီး တိုက်စစ်မှူး လိုရစ်ရီမီကိုလည်း ထပ်မံခေါ်ယူရန် လျှို့ဝှက်လုပ်ဆောင်နေကြောင်း သိရသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းအသင်းသည် ယခုနှစ်နွေဈေးကွက်တွင် ဂိုးသမား မန်ဒန်ဒါ၊ နောက်ခံလူ ဂျိမ်းစ်တွမ်ကင်၊ တောင်ပံတိုက်စစ်မှူး တောင်းဆန့်တို့အား ခေါ်ယူထားပြီးဖြစ်သလို ဘန်တီကီကိုလည်း ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ထပ်မံအားဖြည့်ခဲ့သည်။ သို့သော် မိုင်းလ်ရက်ဒီနက်ခ်ကို အက်စတွန်ဗီလာအသင်းသို့ ရောင်းချခဲ့ခြင်းကြောင့် ကွင်းလယ်ခံစစ်ပိုင်းအားနည်းနိုင်သည့် အခြေအနေရှိရာ လာမည့်ဗုဒ္ဓဟူးနေ့မတိုင်မီ ကစားသမားသစ်တစ်ဦး (သို့မဟုတ်) နှစ်ဦးကို ထပ်မံခေါ်ယူနိုင်ရန် မျှော်လင့်နေခြင်းဖြစ်သည်။

တိုက်စစ်မှူး ဇာဟာက ၎င်းအား စပါးအသင်းသို့ ပြောင်းရွှေ့ခွင့်ပေးရန် တောင်းဆိုထားသော်လည်း စပါးအသင်းဘက်မှ ပေါင် ၁၂ သန်းဖြင့်သာ ကမ်းလှမ်းထားခဲ့ရာ အသင်းဥက္ကဋ္ဌ စတိဗ်ပါရစ်ကပယ်ချခဲ့ကြောင်း သိရသည်။ ပါဂျူးက အသင်းရှိကစားသမားများကို ဆက်လက်ထိန်းထားမည်ဖြစ်သလို ပြိုင်ဆိုင်မှု ပြင်းထန်သော ပရီမီယာလိဂ်တွင် ရလဒ်ကောင်းများ ပိုင်ဆိုင်နိုင်ရန် ကစားသမားသစ်များ အားဖြည့်ရန်လိုအပ်ပြီး ဈေးကွက်မပိတ်သိမ်းမီ နောက်ဆုံးအချိန်ထိခေါ်ယူလိုသည့် ကစားသမားများ အသင်းသို့ရောက်ရှိစေရေး အားထုတ်သွားမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ **(မေလှဲ့သင်း)**

## ဂျက်ဝီရှိုင်းယားအား အငှားချရန် အာဆင်နယ်စီစဉ်

အာဆင်နယ်အသင်းသည် ကွင်းလယ်လူ ဂျက်ဝီရှိုင်းယားအား ပုံမှန်ပွဲထွက်ကစားခွင့်ပေးမည့်အသင်းတစ်ခုသို့ အငှားချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ဝီရှိုင်းယားမှာ ဒဏ်ရာပြဿနာမှ လွန်မြောက်လာပြီဖြစ်သော်လည်း အာဆင်နယ်အသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေသောကြောင့် ဆမ်အလာဒိုက်စ်၏ အင်္ဂလန်လက်ရွေးစင်အသင်းတွင်လည်း ရွေးချယ်ခြင်း မခံခဲ့ရပေ။

နွေအပြောင်းအရွှေ့ဈေးကွက်မှာ ဩဂုတ် ၃၁ ရက် ည ၁၁ နာရီအချိန်တွင် ပိတ်သိမ်းတော့မည်ဖြစ်ရာ ၂၄ နာရီအတွင်း ဝီရှိုင်းယားအား အငှားဖြင့် ခေါ်ယူမည့်အသင်းကို အာဆင်နယ်ဘက်မှရှာဖွေ ချိတ်ဆက်ပေးရန် ကြိုးပမ်းလျက်ရှိကြောင်း စကိုင်းစပို့သတင်းဌာနကပင် ဖော်ပြသည်။ အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီ ဈေးကွက်အတွင်း အယ်လ်နနီအား ခေါ်ယူခဲ့ပြီးနောက် ယခုနှစ်နွေဈေးကွက်မှာပင် ဇာကာအား ထပ်မံခေါ်ယူခဲ့ရာ ကွင်းလယ်အင်အား ပိုမိုတောင့်တင်းလာပြီဖြစ်ရာ ဝီရှိုင်းယား ပုံမှန်ပွဲထွက်ခွင့်အတွက် အာမခံချက်မပေးနိုင်သော အခြေအနေပင်ဖြစ်သည်။

အင်္ဂလန်နည်းပြ အလာဒိုက်စ်က ဝီရှိုင်းယားသာ အာဆင်နယ်တွင် ပုံမှန်ကစားခွင့်ရလျှင် လက်ရွေးစင်အသင်းအတွက် ရွေးချယ်မည်မှာ စဉ်းစားစရာမလိုသည့်ကိစ္စရပ်ပင်ဖြစ်ကြောင်းနှင့် ကစားချိန်ပြည့်ဝစွာ မရရှိခြင်းက ၎င်းအတွက် အဓိကပြဿနာဖြစ်နေကြောင်း ဆိုလိုက်သည်။ ဝီရှိုင်းယားမှာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ခြေထောက်ကျိုးသွားခဲ့သဖြင့် အာဆင်နယ်၏ အဓိကပွဲစဉ်အတော်များများကို လွဲချော်ခဲ့ရသည်ဖြစ်ရာ လွန်ခဲ့သည့် ကိုးလကတည်းက အာဆင်နယ်မှ ၎င်းအား ထုတ်ရောင်းတော့မည်ဟု သတင်းထွက်နေခြင်းဖြစ်သည်။

ယင်းသို့ သတင်းများထွက်ခဲ့ချိန်တွင် ဝီရှိုင်းယားက အာဆင်နယ်မှာ သူ၏ နေအိမ်ကဲ့သို့ ဖြစ်နေပြီဖြစ်သဖြင့် မည်သည့်အသင်းကိုမျှ ရောင်းချခြင်း မပြုရန်မျှော်လင့်ကြောင်း ပြောကြားခဲ့သေးသော်လည်း ယခုတစ်ကြိမ်တွင်မူ နှုတ်ဆိတ်နေခဲ့သည်။ **(မေလှဲ့သင်း)**

## မန်စီးတီးမှထွက်ခွာရန် အစီအစဉ်ရှိနေဆဲဟု နာဆရီဝန်ခံ

မန်စီးတီးကွင်းလယ်လူ ဆမ်မီနာဆရီက နည်းပြ ဂွါဒီယိုလာမှာ ၎င်းကို အသင်းအတွက် ပြန်လည်ခေါ်ယူထားသော်လည်း နွေဈေးကွက် မပိတ်သိမ်းမီ အသင်းပြောင်းရွှေ့နိုင်သေးကြောင်း ဝန်ခံပြောကြားလိုက်သည်။ နာဆရီမှာ ဝက်စ်ဟမ်းနှင့် ပွဲစဉ်တွင် ယခုနှစ် မန်စီးတီးအတွက် ပထမဦးဆုံးအကြိမ်အဖြစ် ဝင်ရောက်ကစားခွင့် ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းအား ဂျူဗင်တပ်၊ အင်တာမီလန်၊ ဘီဆီတပ်စ်အသင်းတို့မှ ခေါ်ယူရန်ချိတ်ဆက်နေပြီး မန်စီးတီးမှ ထွက်ခွာနိုင်သည့် နောက်ထပ်ကစားသမားအဖြစ် ရေပန်းစားနေသူဖြစ်သည်။

နာဆရီက မန်စီးတီးတွင် ဆက်ကစားမည်၊ မကစားမည်ဆိုသည်မှာ အကြောင်းအချက်များစွာအပေါ် မူတည်နေပြီး ကွင်းထဲတွင် အကောင်းဆုံး ကစားနိုင်ရေးကိုသာ အလေးထားကြောင်း ပြင်သစ်ရုပ်သံလိုင်း အက်စ်အက်ဖ်အာနှင့် အင်တာဗျူးပြုလုပ်စဉ် ထည့်သွင်းပြောကြားခဲ့သည်။ နာဆရီမှာ ကိုယ်အလေးချိန်တက်နေခြင်းကြောင့် တစ်ဦးတည်းလေ့ကျင့်ခန်းအစီအစဉ် ပြုလုပ်ရန် ဂွါဒီယိုလာ၏ ညွှန်ကြားချက်ထုတ်ခံရသည့် ကစားသမားဖြစ်ကာ ရာသီအဖွင့် ပွဲစဉ်နှစ်ပွဲတွင်လည်း ဝင်ရောက်ကစားခွင့်မရရှိခဲ့သူဖြစ်သည်။ **(မေလှဲ့သင်း)**

# ဗဟန်းမြို့နယ်တွင် ဖြစ်ပွားခဲ့သော လူသတ်မှုမှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ

**ရန်ကုန် သြဂုတ် ၃၀**

သြဂုတ် ၂၉ ရက် နံနက် ၁ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက်တွင် လူသတ်မှုဖြစ်ပွားခဲ့သဖြင့် ဗဟန်းမြို့မရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူ အောင်ဇင်ဗိုလ်အား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့မှ စုံစမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများတွေ့ရှိပါက ကူညီသတင်းပေးနိုင်ရန် လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အသိပေးဖော်ပြခဲ့သည်။

ထိုသို့ဖော်ပြခဲ့ရာ ယင်းနေ့ည ၉ နာရီခွဲခန့်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့နှင့် ဒိုင်းဝန်ကွင်း နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်းလှည့်ကင်း တာဝန်ဆောင်ရွက်စဉ် ဒိုင်းဝန်ကွင်း မီးပွိုင့်အနီး၌ တွေ့ရှိသူအမျိုးသားမှာ Yangon Police Facebook လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသော ပြစ်မှုကျူးလွန်သူ၏ ဓာတ်ပုံနှင့် ပုံသဏ္ဍာန်တူညီနေသဖြင့် ၎င်းအား ထိန်းသိမ်းစစ်မေးခဲ့ရာ ၎င်းမှာ သြဂုတ် ၂၉ ရက်က ဗဟန်းမြို့နယ်၌ ဖြစ်ပွားခဲ့သော လူသတ်မှုမှ ပြစ်မှုကျူးလွန်သူ အောင်ဇင်ဗိုလ်(ခ)ဇင်ဗိုလ်ဖြစ်ကြောင်း စစ်ဆေးသိရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဗဟန်းမြို့မရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။



ယင်းသို့ ဖမ်းဆီးရမိသူ အောင်ဇင်ဗိုလ်(ခ)ဇင်ဗိုလ်အား ဗဟန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရေး သွားရောက်ခေါ်ဆောင်ခဲ့ပြီး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒိုက်ဦးမြို့နယ်တွင် တရားမဝင်ကျွန်းသစ်လုံးများ သိမ်းဆည်းရမိ

**ဒိုက်ဦး သြဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် သြဂုတ် ၂၈ ရက်က တရားမဝင် ကျွန်းသစ်လုံးများ သိမ်းဆည်းရမိကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများသည် သတင်းအရ တောင်သလဲ(မြောက်) ရွာမြောက်ဘက် လယ်ကွင်းစပ်(ပယ်လမ်း)၊ မြောက်စုကျေးရွာ(မြောက်)ဘက်လယ်ကွင်းစပ်(ပယ်လမ်း)၊ သူဌေးကုန်းကျေးရွာ မြောက်ဘက် လယ်ကွင်းစပ်(ပယ်လမ်း)နေရာများမှ ကျွန်းသစ်လုံး၂၂လုံး (၇ ဒသမ ၃၄၈၀ တန်)ကို သိမ်းဆည်းရမိရ၍ မြို့နယ်သစ်တောဦးစီးဌာန၌ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# လူ့အသက်အန္တရာယ်ကို ဘေးဖြစ်စေတတ်သော ဓားလက်နက်များ သိုလှောင်ထားသူကို ဖမ်းဆီးအရေးယူ

**ရန်ကုန် သြဂုတ် ၃၀**

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် သြဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက နှစ်လုံးထီ လောင်းကစားနေကြောင်းသတင်းအရ ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီနှင့် ပတ်သက်သော စာရွက်စာတမ်းအထောက်အထားများ မတွေ့ရှိဘဲ လူ့အသက်အန္တရာယ်ကို ဘေးဖြစ်စေတတ်သော တရားမဝင်ဓားလက်နက်များ သိုလှောင်ထားသည်ကို တွေ့ရသဖြင့် ဖမ်းဆီးအရေးယူထားကြောင်း မြို့မရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ရွှေပြည်သာမြို့မ ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်မျိုးအောင်ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် အသိသက်သေများလိုက်ပါလျက် နှစ်လုံးထီလောင်းကစား ပြုနေကြောင်း သတင်းရရှိထားသည့် အမှတ်(၅/၆) ရပ်ကွက် သန္တာလမ်း မ/၁၇၅(ခ)နေ ဦးနွဲ့ဝင်း(ခ)ဦးဖိုးထောင်နေအိမ်အား ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ နေအိမ်ညှော်ခန်းရှေ့တွင် ခက်ဇော်နေ အားတွေ့ရပြီး နှစ်လုံးထီ စာရွက်နှင့် လောင်းကစားနေသည့် အထောက်အထားတစ်စုံတစ်ရာ မတွေ့ရှိရဘဲ ၎င်းရှေ့စားပွဲခုံပေါ်မှ Botan Sworo စာသားပါ အရိုးအသွား ၁၉ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း၊ သံပိုက်အနက်စွပ်လျက် လက်ကိုင်သတ္တုရိုးတပ်လေးမြောင့် အဖျားချွန် ဆယ်လက်မခန့်ရှိ စကေပါ တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက် ရှာဖွေရာ ၎င်းအိမ်ခန်းနံရံ၌ လက်ကိုင်သတ္တုရိုးတပ်အရိုးအသွား ၄၅ လက်မခန့်ရှိ ကင်တိုတစ်ချောင်း (လယ်သာအနက် ဓားအိမ်တပ်လျက်)၊ လက်ကိုင်သတ္တုရိုးတပ် အရိုးအသွား ၃၃ လက်မခန့်ရှိ ကင်တိုတစ်ချောင်း (လယ်သာဓားအိမ်တပ်လျက်)၊ လက်ကိုင်ကွင်းပါအရိုးအသွား ၂၄ လက်မခန့်ရှိ ငါးမန်းသွားဓားဦးချွန်တစ်ချောင်း (ဓားအိမ်စွပ်လျက်)၊ လက်ကိုင် သစ်သားရိုးတပ် အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း၊ လက်ကိုင်သတ္တုရိုးတပ် အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် နံချပ်ကူ တစ်ချောင်းတို့ကို ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းနိုင်ခဲ့သည်။

လူ့အသက် အန္တရာယ်ကို ဘေးဖြစ်စေတတ်သော ဓားများကို တရားမဝင်သိုလှောင်ထားသူ ခက်ဇော်နေ (၂၆) နှစ် (၅/၆)ရပ်ကွက် ရွှေပြည်သာမြို့နယ်နေသူအား ဒုရဲအုပ်မျိုးအောင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ရွှေပြည်သာမြို့မရဲတပ်ဖွဲ့စခန်းက (ပ)၉၇၀/၂၀၁၆ လက်နက်ဥပဒေပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကိုနိုင်(ရွှေပြည်သာ)**

**တစ်ဦးတည်းဖြစ်ကြောင်း**

ဘားအံတက္ကသိုလ် စတုတ္ထနှစ် ရူပဗေဒအထူးပြုဖြင့် တက်ရောက်နေသော အဘဦးသာဝ၏သမီး နော်ရှောင်ခူး(ခ) နန်းရှောင်ခူး [၃/ဘအန(နိုင်)၂၅၈၃၃၁] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

# သိန်းနီမြို့နှင့် မူဆယ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

# ဆက်စပ်သူနေအိမ်မှ ဘိန်းဖြူဘလောက်တုံးများ သိမ်းဆည်းရမိ

**နေပြည်တော် သြဂုတ် ၃၀**

သိန်းနီမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် သြဂုတ် ၂၄ ရက်က မူဆယ်-မန္တလေး GI Group ခရီးသည်တင်မှန်လုံယာဉ်မှ ခရီးသည် သန်းမောင်နှင့် ဖြူသီးတို့ နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ သိမ်းဆည်းရမိသဖြင့် ကွင်းဆက်ဖော်ထုတ်ရာ မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ဟိုနားရပ် အမှတ်(ဟန/၄၄၀)နေ မင်းရဲထွန်း(ခ) အားကျုံး(ခ)ကာကျုံးအား နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၃၀၀ ကို သြဂုတ်လ ၂၅ ရက်တွင်လည်းကောင်း၊ ဆက်လက်၍ မူးယစ်ကွင်းဆက် မဇင်နှင်းအေးကို တရုတ်နိုင်ငံ ရွှေလီမြို့တွင် တရုတ်နိုင်ငံမူးယစ်အဖွဲ့နှင့် ပူးပေါင်းဖမ်းဆီးခဲ့ပြီး မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ဟိုနားရပ် အမှတ် (ဟန/၂၃) နေအိမ်ကို သြဂုတ် ၂၉ ရက် ရှာဖွေရာ ဘိန်းဖြူဘလောက်တုံး ခြောက်တုံး (အလေးချိန် ၂ ဒသမ ၁ ကီလို) ယင်းဒေသ တန်ဖိုးငွေကျပ် သိန်း ၄၂၀ သိမ်းဆည်းရမိသည်။



နောင်နောင်(ခ) စိုးထက်နောင် နှင့် မဇင်နှင်းဖြူ (ခ)မိန့်ချင်တို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ သြဂုတ် ၂၉ ရက်က မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန် (အနောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာမွေမြို့နယ် တာမွေ(၄)ရပ်ကွက် လေးထောင့်ကန်လမ်း မင်းရဲကျော်စွာအိမ်ရာ တိုက် (N 7) အခန်းအမှတ်(၁၀၁)နေ မိုးအောင်ရင်၏ အခန်းကိုရှာဖွေရာ မိုးအောင်ရင်အား မတွေ့ရဘဲ ၎င်း၏ သူငယ်ချင်း လူလူသန်းဦးနှင့် ဘုန်းမြင့်အောင်တို့အားတွေ့ရှိပြီး မိုးအောင်ရင်၏ အိပ်ခန်းအတွင်းမှ ဆေးခြောက် ၁ ဒသမ ၃၃၄၃၃ ကီလို၊ ဘုန်းမြင့်အောင်ထံမှ အပ်တပ်လျက်ဆေးထိုးပိုက် ၁၃ ချောင်း၊ ဘိန်းဖြူမှုန့်များကပ်နေသည့် ပလတ်စတစ်ဘူး ကိုးဘူး၊ မိုးရေတစ်ဘူး၊ မူးယစ်ဆေးဝါးရှူသည့်ကိရိယာ နှစ်ခုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုသိမ်းဆည်းရမိသဖြင့် ဆက်လက် စုံစမ်းဖော်ထုတ်ရာ မိုးအောင်ရင်အား ပုဇွန်တောင်မြို့နယ် သာယာကုန်းလမ်း အမှတ်(၁၄) (၆)လွှာ အခန်း(B)တွင် ခုတင်ခြေရင်းရှိ ခါးပတ်အိတ်အတွင်းမှ အိုက်စ် တစ်ဂရမ်နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲ
- ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲ၊ ပုပ္ပါး ညအိပ်(သီးသန့်) (၃)ရက် 16-9-2016 ထွက်မည်
- အဘထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံဘုရားစုံဖူး၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊သီဟိုဠ်ရှင် (၄)ရက်။
- အဘထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံဘုရားစုံဖူး၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊သီဟိုဠ်ရှင်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၇)ရက်။ ဆက်၍ ကျိုက်ထီးရိုး၊ ရွှေမော်ဓော၊ ထီးပွင့်ကန်ပါ (၈)ရက်။
- အဘထွက်ပွဲ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၆)ရက်။ ဆက်၍ ကျိုက်ထီးရိုးပါ (၇)ရက်။
- အဘထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၇)ရက်။
- ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊သီဟိုဠ်ရှင် (၄)ရက်။ ● မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၄)ရက်။
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၄)ရက်။ ဆက်၍ ကျိုက်ထီးရိုးပါ (၅)ရက်။

ဖုန်းဆိုးတန်း 01-391577, သင်္ဃန်း 09-5122961, 09-254340569, ကျောက်မြောင်း 09-254821597

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှ ထွက်ရှိသောဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)တွင် ၁-၉-၂၀၁၆ရက်မှ ၄-၉-၂၀၁၆ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၅-၉-၂၀၁၆ရက် နံနက် ၁၁နာရီအတွင်း တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန် ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အဆိုပါဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် မျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးစိစစ်ရောင်းချရေးအဖွဲ့**
**ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)**
**ဆည်မြောင်းလမ်း၊ ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့။**

နေရာအလွန်ကောင်းမြေကွက်
ဈေးချိုချိုဖြင့်ရောင်းမည်။
ဆိုင်ဖွင့်ရန်၊ ဘဏ်ဖွင့်ရန်၊ စီးပွားရေးလုပ်ငန်းလုပ်ရန် အလွန်ကောင်းသော သံသုမာလမ်းမကြီးပေါ် (သုဝဏ္ဏ)သွားဆေးတက္ကသိုလ်အနီး ထောင့်ကွက် အိမ်မြေကွက်ရောင်းမည်။
ပိုင်ရှင်အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေ
အကျယ် (၂၀' × ၆၀') ။ ထိုက်သူရမည်။
ဆက်သွယ်ရန် - ၀၉-၂၆၁၉၆၂၁၃၅

**ASIA KING** 0943114301,09420051117
- အဘထွက်ပွဲ၊ ပုပ္ပါး (ညအိပ်)သီးသန့်-နေ့ချင်းပြန် (အထူးအစီအစဉ်) - 35000 (17-9-16)
- အဘထွက်ပွဲ၊ (၁ညအိပ်/၂ရက်)ပုပ္ပါးသီးသန့် (ဘုန်းကြီးကျောင်းတည်း) - 45000
- အဘထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံ၊ ပခုက္ကူ၊ နေပြည်တော် (ဘုန်းကြီးကျောင်းတည်း) - 55000
- အဆင့်မြင့် Hotel တည်း၊ Restaurant ဘူဖေးကျွေး (Special Package) - 90000
- အဘထွက်ပွဲ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ကျိုင်တော်(ဘုန်းကြီးကျောင်းတည်း) - 75000
- အဘထွက်ပွဲ၊ ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်း၊ ကျောက်ဆည် (ဘုန်းကြီးကျောင်းတည်း) - 65000၊ အဆင့်မြင့် Hotel တည်း -140000
- မြဝတီ - ဘားအံ (2.9.2016) ထွက်မည်။ Package - 65000
- ကျိုက်ထီးရိုး - ပဲခူး (ရွှေပြည် Resort) နေ့ချင်းပြန်၊ အပတ်စဉ် (သောကြာ/စနေ)

(16-9-16) ထွက်မည်။ (၅)ဦးဝယ် (၁)ဦး Discount

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လစဉ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

ကွန်ဒိုတိုက်ခန်းငှားမည်
Star City ရှိ ကွန်ဒိုတိုက်ခန်း ငှားမည်။
1 Bedroom, Fully Furnish Pool View.
2 Bedroom, Fully Furnish Pool View.
ပွဲစားများလည်း ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၀၉ ၄၀၂၇၆၅၂၂၂။

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၆)၊ အကွက်အမှတ် (၄/ရှမ်းခါးရိုး)၊ ဦးပိုင်(၃၅၃/၅၆၀)၊ ဧရိယာ(၀. ၁၅၂)ဧက၊ အမှတ်အမှတ် ၁၀-၅/၉၅-၉၆(A)ဖြင့် ဒေါ်ဖြူဖြူခိုင် ပိုင်ဆိုင်သောမြေကွက်အား ၁၁-၃-၂၀၁၆ရက်တွင် အရောင်းအဝယ် စာချုပ်အမှတ် (၁၉၁ I/၂၀၁၆)ဖြင့် ဦးဒီရပ်ကူးမားမှ ဝယ်ယူပိုင်ဆိုင်ပြီး ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ဦးဒီရပ်ကူးမား [၉/ခအဇ(ညေ့)၀၀၀၂၈၂]**
**ရပ်ကွက်(၈)၊ လားရှိုးမြို့**

သစ် ပင် စိုက် ပါ ဒို့ ကမ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

# ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံကို ၂၀၁၆ ခုနှစ်၊ သြဂုတ်လ(၂၇)ရက်နှင့်(၂၈)ရက်နေ့များတွင် ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ထိုသို့ကျင်းပနိုင်ရန်အတွက် ညီလာခံအစည်းအဝေးခန်းမအဖြစ် မေတ္တာဖြင့်အသုံးပြုခွင့်ပေးခဲ့ပါသော ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအားလည်းကောင်း၊ ညီလာခံကျင်းပစဉ်အတွင်း အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သော အဆိုပါဦးစီးဌာနမှဝန်ထမ်းများ၊ စာပေဗိမာန်ဝန်ထမ်းများအားလည်းကောင်း၊ စည်းကမ်းရှိရှိ စည်းလုံးညီညွတ်မှုအပြည့်နှင့် စာပေသစ္စာ စောင့်သိစွာဖြင့် တက်ရောက်ခဲ့ကြသော ညီလာခံကိုယ်စားလှယ်များအားလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဒုတိယအကြိမ်ညီလာခံသက်တမ်းအတွက် ဗဟိုအမှုဆောင်ကော်မတီအသစ် စနစ်တကျ ရွေးချယ်တင်မြှောက်ဖွဲ့စည်းပေးခဲ့ပါသော ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအေးချို (စာရေးဆရာ ဦးအေးချို-မဟာဝိဇ္ဇာ)နှင့် အတွင်းရေးမှူး ဦးတင်ယု (စာရေးဆရာ ချစ်ကိုကိုယု) တို့ပါဝင်သော ကော်မရှင်အဖွဲ့အားလည်းကောင်း၊ ဒုတိယအကြိမ်ညီလာခံကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် စာအုပ် (၈၀၀၀) လှူဒါန်းခဲ့သော မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းအားလည်းကောင်း ငွေသားနှင့် စာအုပ်စာစောင်များ လှူဒါန်းပေးကြသော အလှူရှင်များနှင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေသင်္ဂဟအပေါင်းတို့အား လည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းပြုဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က မျိုးစပါးထောက်ပံ့

**နတ်တလင်း ဩဂုတ် ၃၀**
ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သာယာဝတီခရိုင်အတွင်းရှိ ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများအတွက် မျိုးစပါးထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက် ညနေ ၃ နာရီတွင် နတ်တလင်းမြို့နယ် ရေကြည်ကျေးရွာအုပ်စု ဘုန်းကြီးရေဆည်ရွာအနီးမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ယင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက အဖွင့်အမှာစကား ပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က ရေကြီးနစ်မြုပ် ပျက်စီးသွားသော လယ်မြေများကို အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေနှင့် မျိုးစပါးအတွက် မပူပင်ရအောင်လည်း လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလှမြင့်က ယခုတောင်သူများအားပေးသော မျိုးစပါးမှာ ရက် ၉၀ စပါးမျိုးဖြစ်ပြီး ရိတ်သိမ်းပြီး ပဲအမျိုးမျိုး စိုက်ပျိုးနိုင်ရန် အချိန်မီအောင် ရည်ရွယ်ချက်ဖြင့် ပေးခြင်းဖြစ်ကြောင်းပြော၍ နတ်တလင်းမြို့နယ်အတွက် မျိုးစပါးကို တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်နှင့် တောင်သူသုံးဦးအားလည်းကောင်း၊ မိုးညိုမြို့နယ်အတွက်မျိုးစပါးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလနှင့် တောင်သူသုံးဦးကလည်းကောင်း အသီးသီး လက်ခံယူခဲ့ကြသည်။

ဝ၇၁

## မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ထိုင်းသံအမတ်ကြီးနှင့် စီးပွားရေးအဖွဲ့တွေ့ဆုံ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး

**မန္တလေး ဩဂုတ် ၃၀**
မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr.PisanuSuvanajata နှင့် စီးပွားရေးသံမှူး Mr.Pakainay leng EE ဦးဆောင်သော ဗန်ကောက်ဘဏ်အပါအဝင် စီးပွားရေးလုပ်ငန်းရှင် ၁၈ ဦးတို့သည် ဩဂုတ် ၂၈ရက်က ချမ်းအေးသာစံမြို့နယ် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်း၊ အတွင်းရေးမှူး ဒေါက်တာမောင်မောင်နှင့် အမှုဆောင်များအား တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံသံအမတ်ကြီးက စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး လာရောက်ရခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

ယင်းနောက်စီးပွားရေးသံမှူးက ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ၊ ဗန်ကောက်ဘဏ် ကိုယ်စားလှယ်များနှင့် မိတ်ဆက်ပေးခဲ့သည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းက ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများနှင့် ဈေးကွက်အခြေအနေကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက်မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များသည် ခရီးသွားကဏ္ဍမြှင့်တင်ရေး၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရောင်းချရေး၊ ထိုင်းတက္ကသိုလ်များတွင် မြန်မာကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ ရောင်းဝယ်ရေးဆိုင်ရာများ ဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

**သီဟကိုကို(မန္တလေး)**

## လျှောင်ဘေးကြိုတင်ကာကွယ်ခြင်းနှင့် လျှပ်ခတ်ပြီးဆောင်ရွက်ရမည့် အစီအမံများကို သိရှိနိုင်ရေးဆွေးနွေး

**ညောင်ဦး ဩဂုတ် ၃၀**
ပုဂံဒေသတွင် လျှောင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် လျှပ်ခတ်ပြီးနောက် ဆောင်ရွက်ရမည့် အစီအမံများကို အသေးစိတ်သိရှိနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် အခမ်းအနားသဘာပတိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း) ဒေါက်တာအောင်ကျော်မြတ်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် UNESCO အဖွဲ့မှ ကျွမ်းကျင်ပညာရှင် Mr.Kai Weise က လျှောင်နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပြီး လျှောင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ဘာသာရပ်ကျွမ်းကျင်ပညာရှင်တစ်ဦးနှင့် မြန်မာနိုင်ငံလျှောင်အသင်းမှ ပညာရှင်တစ်ဦးတို့ကလည်းကောင်း၊ လျှောင်လျှပ်ခတ်ပြီးနောက် ဆောင်ရွက်ရမည့် အစီအမံများနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပညာရှင်တစ်ဦးတို့က အသီးသီး ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ကျောက်စာ၊ မင်စာ အထောက်အထားများတွင် ပါရှိသည့် သမိုင်းဝင် လျှောင်အထောက်အထားများအကြောင်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်ကရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး ၁၉၇၅ ခုနှစ် ပုဂံလျှောင်နှင့်ပတ်သက်၍ ထိခိုက်ပျက်စီးမှုများ၊ ပြန်လည်ထူထောင်ရေးနှင့် ထိန်းသိမ်းရေးအတွေ့အကြုံများကို ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးအောင်ကြိုင်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်)၊ ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်က ပျူမြို့ဟောင်းများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုရှိနိုင်သောနေရာများနှင့် ပတ်သက်၍ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့ပြီးနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗိသုကာပညာရှင်များ၊ လျှောင်နှင့် ပတ်သက်၍ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ UNESCO အဖွဲ့မှ ကျွမ်းကျင်ပညာရှင်များတို့က အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## လေထုညစ်ညမ်းမှုစုပေါင်းလျှော့ချရေး တာချီလိတ်၌ လူထုစုပေါင်းစက်ဘီးစီးပွဲ စတင်ကျင်းပ



**တာချီလိတ် ဩဂုတ် ၃၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် စက်ဘီးဆပ်ကော်မတီတို့ ပူးပေါင်းစီစဉ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ လောင်စာဆီ ခြိုးခြံချွေတာရေး၊ လေထုညစ်ညမ်းမှု စုပေါင်းလျှော့ချရေးနှင့် ယာဉ်ကျပ်တည်းမှု ပူးပေါင်းလျှော့ချရေး ရည်ရွယ်ကာ လစဉ်လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၆ နာရီက ဆန်ဆိုင်း(ခ)ရပ်ကွက် ရှမ်းရိုးမကုန်တိုက်ရှေ့မှ ဖန်မင်ကျေးရွာအုပ်စုရှိ မယ်ယန်းတိုးဂိတ်အထိ တပျော်တပါး စုပေါင်းစက်ဘီးစီးနင်းပွဲကို စတင်ကျင်းပခဲ့ကြောင်း သိရသည်။

စုပေါင်းစက်ဘီးစီးနင်းပွဲ စတင်ဖွင့်လှစ်ရာတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးကျော်မင်းသန်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမင်းထွဋ်၊ တာချီလိတ်မြို့စက်ဘီးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယရဲမှူးဟန်စိုး၊ အားကစားအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်တို့က တက်ရောက်ဖွင့်လှစ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် M.T.B Tachileik စက်ဘီးစီးအသင်းမှ အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀ ခန့်တို့ပါဝင်သည့် စက်ဘီးစီးအဖွဲ့က တပျော်တပါး စုပေါင်းစီးနင်းခဲ့ကြသည်။

အဆိုပါ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို လစဉ် လ၏ စတုတ္ထပတ် တနင်္ဂနွေနေ့တိုင်း ကျင်းပသွားမည်ဖြစ်ပြီး ရှမ်းရိုးမကုန်တိုက်ရှေ့မှ မယ်ယန်းတိုးဂိတ်အထိ စီးနင်းကာ မြို့မအားကစားကွင်း၌ ပြန်လည်ဝင်ရောက်မှာဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ကျေးရွာမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဖွဲ့စည်းခြင်းနှင့် ဆိုင်းဘုတ်တင်ပွဲ နန်းစောင်းပုကျေးရွာတွင်ပြုလုပ်

**ကလေး ဩဂုတ် ၃၀**
ကလေးမြို့နယ် နန်းစောင်းပုကျေးရွာ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဖွဲ့စည်းခြင်းနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က ကလေးမြို့နယ် နန်းစောင်းပုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ နန်းစောင်းပုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ဇော်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်သိန်းတို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကိုကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မူးယစ်တပ်ဖွဲ့စု(၅)မှ ခေတ္တတပ်ဖွဲ့စုမှူးတို့က မူးယစ်ဆေးဝါး အသိပညာပေး အကြောင်းအရာများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်ထိန်းတပ်ဖွဲ့စုမှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး အကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့မှ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးအကြောင်း၊ ခရိုင် MANA ဥက္ကဋ္ဌက မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဆိုင်းဘုတ်တင်ရခြင်း၏ ရည်ရွယ်ချက် စသည့်အကြောင်းများကို အသီးသီးဟောပြောခဲ့ကြသည်။

ယင်းနောက် ကျေးရွာ MANA ဥက္ကဋ္ဌ ဦးအဲလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ မွန်းလွဲပိုင်းတွင်လည်း စော်ဘွားရေရှင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဆက်လက်ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မူးယစ်တပ်ဖွဲ့စု(၅)မှ ဒုတိယရဲမှူး အယ်ခမ်းအောင်၊ အမှတ်(၁၀၇) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုတိယရဲမှူး မောင်မောင်မြင့်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းလှိုင်၊ ခရိုင် MANA ဥက္ကဋ္ဌ ဦးဝင်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စုနေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ဂျိုးနက်**

ကြေးမုံ



# ဝါးခယ်မတွင် ဆိုက်စမစ်ရေနံရှာဖွေရေးအဖွဲ့က တောင်သူများထံသို့ သီးနှံလျော်ကြေးငွေများပေးအပ်

**ဝါးခယ်မ ဩဂုတ် ၃၀**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (MOEE) ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေး၊ ဘူမိရူပဗေဒဌာန ဆိုက်စမစ်ရေနံရှာဖွေရေးအဖွဲ့(၁) နှင့် (၂) တို့က တောင်သူများထံသို့ သီးနှံလျော်ကြေးငွေပေးအပ်ပွဲကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရွှေခယ်သီရိအားကစားခန်းမ၌ ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လက်ထောက်အင်ဂျင်နီယာ (မြေတိုင်း) ဦးလှမျိုးရှိန်က ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ တုံးလဲချောင်းကျေးရွာအနီးနှင့် ကနစိုကုန်းကျေးရွာအုပ်စု၌ ဆိုက်စမစ်ရေနံရှာဖွေရေးအဖွဲ့ (၁) နှင့် (၂) က ယာယီအခြေစိုက်စခန်းချ၍ PSC.P ဧရိယာတွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ ခုနှစ် မေလအထိ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ လျော်ကြေးငွေပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသို့ လုပ်ငန်းများဆောင်ရွက်ခဲ့မှုကြောင့် မလွဲမရှောင်သာ ပျက်စီးခဲ့သော ကျေးရွာအုပ်စု ၆၀ မှ တောင်သူဦးရေ ၁၅၂၅ ဦး၏ သီးနှံစိုက်ခင်းဧက ၁၀၂ ဒသမ ၂၁၁ ဧကအတွက် လျော်ကြေးငွေ ၆၁၅၆၁၉၉၉ ဒသမ ၆၅ ကျပ်အား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လက်ထောက်အင်ဂျင်နီယာ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးတို့က တောင်သူများထံသို့ လက်ဝယ်အရောက် လျော်ကြေးငွေများပေးအပ်ခဲ့ကြကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

## တွဲဖက်သင်ရိုးဝင် ဘာသာရပ်ဆိုင်ရာ ဆွေးနွေး

**မိုးနဲ ဩဂုတ် ၃၀**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ပညာရေးဌာန၏ကြီးကြပ်မှုဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တတိယတန်းတွဲဖက်သင်ရိုးဝင် ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲအခမ်းအနားကိုဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးတိုးလှက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်တွင်း အခြေခံပညာ ထက်၊ လယ်၊ မူ စာသင်ကျောင်းများမှ တန်းပြဆရာ၊ ဆရာမများက ရသတွဲဖက်ဝင်ဘာသာရပ်အဖြစ် အဆို၊ အက၊ အတီးနှင့် ပန်းချီဘာသာရပ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးတွဲဖက်ဝင် ဘာသာရပ်အဖြစ် သီးနှံပင်အတွက်လိုအပ်သော အာဟာရများ၊ စပါးမျိုးများနှင့် စိုက်ပျိုးရာဒေသ၊ စပါးစိုက်ပျိုးပုံအဆင့်ဆင့်၊ စပါးပင်များတွင် ကျရောက်ဖျက်ဆီးတတ်သောပိုးများ ကာကွယ်နှိမ်နှင်းနည်းကိုလည်းကောင်း၊ ကာယပညာတွဲဖက်ဘာသာရပ်အဖြစ် ကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်ခန်းနှင့် သွေးပူလေ့ကျင့်ခန်းဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲအခမ်းအနားသို့ မိုးနဲမြို့နယ်အတွင်းရှိ အခြေခံစာသင်ကျောင်းများမှ ဆရာ၊ ဆရာမ ၇၀ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ငမင်ချောင်းကမ်းပါးပြိုကျမှုကြောင့် လူတစ်ဦး ရေစီး နောက်မျောပါ ပျောက်ဆုံး

**တောင်တွင်းကြီး ဩဂုတ် ၃၀**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ငမင်ကျေးရွာအုပ်စု ချိုင်းကျေးရွာမှလူတစ်ဦး ငမင်ချောင်းကမ်းပါးပြိုကျမှုကြောင့် ရေစီးနောက်မျောပါမှုတစ်ခု ဩဂုတ် ၂၈ ရက် ညနေ ၃ နာရီက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါရေစီးနောက်မျောပါသွားသူမှာ ချိုင်းကျေးရွာနေ ဦးတင်မြင့် အသက်(၅၂) (ဘ)ဦးအောင်ကြည်ဖြစ်ပြီး ချိုင်းကျေးရွာ၏မြောက်ဘက် ပေ ၂၀၀ ခန့်အကွာ ငမင်ချောက်ကမ်းပါးဘေးအရောက် ငမင်ချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျ၍ရေစီးနှင့်အတူမျောပါသွားခြင်းဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ရွာသူ၊ ရွာသားများက ငမင်ချောင်းရိုးတစ်လျှောက် လိုက်လံရှာဖွေခဲ့သော်လည်း ဩဂုတ် ၂၉ ရက်အထိ ရှာဖွေ၍ မတွေ့သေးကြောင်း သိရသည်။

**မမလေး**

## မြို့သန့်ရှင်းသာယာလှပရေးအတွက် ချင်းရွှေဟော်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ချင်းရွှေဟော် ဩဂုတ် ၃၀**
ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့တွင် ဩဂုတ် ၂၇ ရက် နံနက် ၇ နာရီက မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ယင်းနေ့က တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မြို့စည်ပင်သာယာရေးကော်မတီဝင်များ၊ ဒေသခံများ၊ သဏ္ဌာန်သုခလူမှုကူညီရေးအသင်းတို့ပူးပေါင်းသော အင်အား ၁၅၀ သည် နမ့်ဖာဟော်နယ်စပ်ဂိတ်တံတားမှ မြို့အဝင်သံတံတားဂိတ်အထိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်နှင့် အထကကျောင်းဝင်း၊ ပြည်သူ့ဆေးရုံတို့တွင် ချုံနွယ်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ အမှိုက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်)**

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကြိုဆိုထောက်ခံပွဲ တက္ကသိုလ်များ စုပေါင်းကျင်းပ

**မန္တလေး ဩဂုတ် ၃၀**
ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံကြိုဆိုထောက်ခံပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ မန္တလေးမြို့ရှိ တက္ကသိုလ် ဒီဂရီကောလိပ်များမှ တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများ၊ ငြိမ်းချမ်းရေးမြတ်နိုးသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းရင်းသားအချင်းချင်း ထိုက်သင့်သည့်ယုံကြည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေရရှိ၍ စစ်ပွဲတွေရပ်ခဲ့လျှင် တိုင်းပြည်ငြိမ်းချမ်းရေးရရှိနိုင်ကြောင်း၊ ပင်လုံညီလာခံမှ အပြန်အလှန်ယုံကြည်မှုတွေတည်ဆောက်နိုင်ပါစေဟု ဆန္ဒပြုကြောင်း၊ ရှမ်းတိုင်းရင်းသူ နန်းယဉ်ယဉ်ထွေးက အဆိုတင်သွင်းပြီး ကရင်တိုင်းရင်းသူ နော်အိမ်ထက်မှူးနှင့် ချင်းတိုင်းရင်းသား ယိန်းဒိန်း(ရတနာပုံတက္ကသိုလ်)တို့က ထောက်ခံဆွေးနွေးခဲ့ကြသည်။

နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းဖြင့်ဆွေးနွေးအဖြေရှာပြီး ရလဒ်ကောင်းများ ထွက်ပေါ်လာမည့် (၂၁) ရာစု ပင်လုံညီလာခံကြီးကို အစိုးရသစ်အနေဖြင့် ကျင်းပပေးခြင်းသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများ မျှော်လင့်ထားသောအရာဖြစ်ကြောင်း၊ (၂၁) ရာစုပင်လုံညီလာခံကို အပြည့်အဝထောက်ခံကြောင်း၊ မွန်တိုင်းရင်းသူ မိဇင်ဖြူဖြူသန့်က ထောက်ခံဆွေးနွေးခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံဂုဏ်ပြု ကြိုဆိုထောက်ခံပွဲတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ်မှပေးပို့သော ဝမ်းမြောက်ကြောင်းသဝဏ်လွှာကိုလည်း ဖတ်ကြားခဲ့သည်။ ထောက်ခံပွဲတွင် "စစ်ပွဲများအားလုံး ချက်ချင်းရပ်၊ တိုင်းရင်းသားအခွင့်အရေး တန်းတူဆောင်ရွက်ပေး၊ (၂၁)ရာစုပင်လုံညီလာခံအောင်ရမည်၏" ဟုကြွေးကြော်ခဲ့ကြသည်။

**သီဟကိုကို(မန္တလေး)**



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**မြစ်သား ဩဂုတ် ၃၀**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေး အသိပညာပေးလက်ကမ်းစာစောင်များကို မြစ်သား-မြင်းခြံကားလမ်းပိုင်း လမ်းဖြတ်သန်းခကောက်ခံရေးဂိတ် (မြစ်သား) အနီးတွင် ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီက ဖြန့်ဝေခဲ့ကြောင်း သိရသည်။

အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မြို့မရဲစခန်းမှူး ဒုရဲမှူးနေမျိုးအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ရပ်မိရပ်ဖတို့က ပူးပေါင်း၍ ဆိုင်ကယ်စီးနင်းသူများ၊ ယာဉ်မောင်းသူများအား ဖြန့်ဝေခဲ့ကြပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသော မော်တော်ယာဉ်၊ ဆိုင်ကယ်များအား ဒုရဲမှူးနေမျိုးအောင်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စစ်ဆေးပညာပေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## ဖန်းမော်မြို့၌ အမျိုးသမီးအိမ်တွင်းမှု စက်ချုပ်သင်တန်းဖွင့်လှစ်

**ဖန်းမော် ဩဂုတ် ၃၀**
နယ်စပ်ဒေသရှိ တိုင်းရင်းသူအမျိုးသမီးလေးများသည် ဘဝရပ်တည်မှုအတွက် မိမိတို့နေထိုင်ရာ အရပ်ဒေသများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမ၌ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၃၆/၂၀၁၆)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၄/၂၀၁၆)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု ကျောင်းအုပ်ဆရာမကြီး ဒေါ်သိမ့်သိမ့်စိုးက သင်တန်းအတွင်းပို့ချမည့် ဘာသာရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများအား စစ်ဆေးကြည့်ရှုအားပေးခဲ့သည်။ အဆိုပါသင်တန်းကို အခြေခံအိမ်တွင်းမှု သင်တန်းသူ ၃၁ ဦးနှင့် အဆင့်မြင့်စက်ချုပ် သင်တန်း သူ ၃၀ တို့အား ဩဂုတ် ၂၉ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ၁၄ ပတ်ကြာ သင်တန်းဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

# လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာ ရုပ်ရှင်ပွဲတော် မန္တလေးတက္ကသိုလ်၌ကျင်းပ

**မန္တလေး ဩဂုတ် ၃၀**

မန္တလေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂဖြစ်မြောက်ရေးကော်မတီနှင့် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်ကျောင်းသားများသမဂ္ဂတို့ ပူးပေါင်းစီစဉ်ကျင်းပသော လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာ ရုပ်ရှင်ပွဲတော်ကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မန္တလေးတက္ကသိုလ် အင်း၀ (၂၇)ခန်းမ၌ ကျင်းပရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စိတ်ဝင်စားသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ညီလာခံအစည်းအဝေးကြီးက လူသားတိုင်းသည် မွေးဖွားကတည်းက လွတ်လပ်၍ ညီမျှသောအခွင့်အရေးနှင့် ဂုဏ်သိက္ခာရှိသည် အပါအဝင် အပိုဒ် ၃၀ ပါ လူ့အခွင့်အရေးကြေညာစာတမ်းကြီးကို အတည်ပြုထုတ်ပြန်ကြေညာလိုက်သည်။

ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ လူ့အခွင့်အရေးကြေညာစာတမ်းပါအချက်များ သိရှိစေရန်နှင့် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူတိုင်း အသက်ရှင်ခွင့်၊ လုံခြုံခွင့် ကင်းမဲ့နေမှုများ၊ လူကုန်ကူးခံရပြီး ကျွန်အဖြစ်စေခိုင်းခံရမှုများ၊ လူတိုင်းပညာသင်ကြားခွင့်၊ အနိမ့်ဆုံးမူလတန်းပညာ အခမဲ့သင်ခွင့်ရှိသော်လည်း လမ်းဘေးရောက်ကလေးများဘဝတို့ကို ရိုက်ကူးပုံဖော်ထားသည်။

ရုပ်ရှင်ပွဲတော်အပြီးတွင် ဇာတ်လမ်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ပွဲအပြီး ကြည့်ရှုသူများက မေးမြန်းဆွေးနွေးကြရာ ဇာတ်ကားရိုက်ကူးသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## ခြင်းလုံးခတ်ပညာရှင်များဖိတ်ခေါ်၍ ရွှေခယ်ဝါဆိုခြင်းအလှုခတ်ပွဲတော် ဝါးခယ်မတွင် ကျင်းပ

**ဝါးခယ်မ ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ခြင်းလုံးခတ် ဝါသနာရှင်များ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ မြန်မာ့ရိုးရာခြင်းအလှုခတ်ပွဲတော်ကို သတ္တမအကြိမ်မြောက်အဖြစ် ရွှေခယ်သီရိ အားကစားခန်းမ၌ ဩဂုတ် ၂၈ ရက်က ပြုလုပ်ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ် ခြင်းလုံးခတ် ဝါသနာရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် သံဃာတော်များကို အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့ပြီး ရွှေခယ်ဝါဆို ခြင်းအလှုခတ်ပွဲတော်ကို ဝါးခယ်မမြို့နယ် ခြင်းလုံးခတ် ဝါသနာရှင်အသင်း ခုနစ်သင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လေးပေါက်တန်း အကောင်းဆုံးဆုရ မျောက်ခြောက်ကောင်မှ နေလင်းထွန်း၊ ဓနုဖြူသားလေးဧရာဝတီ နောင်နောင်၊ ကာကွယ်ရေးမှ ဒို့ချစ်ပိုင်၊ မော်ကျွန်းဖိုးထောင်၊ ဟာသမင်းသား ရဲမာန်၊ ဆီးဂိမ်းသရုပ်ပြ အောင်သက်ပိုင်၊ အာရှရွှေတံဆိပ်ဆုရ ကိုကိုပိုင်၊ လင်းရောင်သစ် လူငယ်အဖွဲ့၊ ရန်ကုန် သိန်းစိုးလေး၏သားများဖြစ်ကြသော အာကာ၊ ပြည့်စုံနှင့် အောင်မျိုးဦးတို့က မြန်မာ့ရိုးရာခြင်းလုံးပညာကို အလှုခတ်ကစား ပြသပေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## ကျောက်မဲမြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းများရှင်းလင်း

**ကျောက်မဲ ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်ရမည့်လုပ်ငန်းများအား မိတ်ဆက်ချပြရှင်းလင်းခြင်းကို ဩဂုတ် ၂၈ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများကို တင်ဒါခေါ်ယူခဲ့ရာ တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ မိမိတို့လုပ်ခွင့်ရသော လုပ်ငန်းများ၏ အစီအမံများ၊ လုပ်ဆောင်ရမည့်လုပ်ငန်းများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများထံသို့ မြို့နယ်ဦးစီးမှူး ဦးတင်မောင်စိုးက ဦးဆောင်၍ ချပြရှင်းလင်းခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်ပြန်/ဆက်**

## ဒေသအတွင်း ငါးသယံဇာတပေါများလာစေရန် စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်

**ကျောက်ဆည် ဩဂုတ် ၃၀**

သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုများတွင် အထောက်အကူပြုစေရေးနှင့် ဒေသတွင်း ငါးသယံဇာတများ ပေါများလာစေရေးတို့အတွက် ကျောက်ဆည်ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက ထန်းဇင်တော်ကျေးရွာနှင့် အရှေ့ငယ်တိုးကျေးရွာကြားရှိ တစ်ဆက်တည်းစိုက်ပျိုးထားသော ရေဝေရေလဲရှိသည့် စပါးစိုက်ဧက ၂၀၀ အတွင်းသို့ တစ်လက်မခွဲအရွယ် ငါးခုံးမ ငါးမျိုးကောင်ရေ တစ်သိန်း စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ရာတွင် ဒေသခံတောင်သူများ၊ လူမှုရေးအသင်းဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က ငါးမျိုးများ မပြုန်းတီးစေရေး ဒေသခံများအနေဖြင့် တရားမဝင် ငါးဖမ်းခြင်းများဖြစ်သည့် ကျဉ်စက်အသုံးပြု ငါးဖမ်းခြင်းများမပြုလုပ်ကြရန်နှင့် တွေ့ရှိပါကပြည်သူများအနေဖြင့် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားဆက်သွယ်ခြင်းဖြင့် ငါးသယံဇာတ တိုးပွားအောင် ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးဇေယျမောင်က စပါးခင်းများထဲသို့ ငါးသားပေါက်များ စိုက်ထည့်ခြင်းဖြင့် စပါးပင်ပွားနှုန်းများပြီး ထွက်နှုန်းတိုးတက်လာမှုများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ငါးမြစ်ချင်းကောင်ရေ ၃၀၀၀၀ ကို ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ ရေပြင်ကျယ် စပါးခင်းများထဲသို့ ဆက်လက်စိုက်ထည့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငါးမျိုးများသည် ကူမဲမြို့ ငါးသားပေါက်စခန်းမှ မျိုးထုတ်ထားသော ငါးမျိုးများဖြစ်ပြီး ယခုဘဏ္ဍာနှစ်ရာသီတွင် ငါးသားပေါက်မျိုးစုံ ၁၁ မျိုး၊ ကောင်ရေ ၇၁၃ သိန်း ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း တာဝန်ခံ ဦးစောအောင်ကိုလတ်၏ ပြောကြားချက်အရ သိရသည်။

**သက်မောင် (ကျောက်ဆည်)**

## မျိုးစေ့ထုတ်တောင်သူများသို့ ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်

**ပခုက္ကူ ဩဂုတ် ၃၀**

ပခုက္ကူမြို့နယ်တွင် ကြီးရွာလျှပ်စစ်မြစ်ရေတင်ဖြင့် မိုးစပါးများစိုက်ပျိုးလျက်ရှိပြီး မျိုးကောင်း မျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်အတွက် အကျိုးဆောင်တောင်သူ ၁၉ ဦးဖြင့် ဆင်းသုခမျိုးစေ့ထုတ်စပါးစိုက်ခင်းဧက ၅၀ စိုက်ပျိုးလျက်ရှိသည်။

အဆိုပါ မျိုးစေ့ထုတ်စိုက်ကွင်းဧက၅၀ အတွက် ပခုက္ကူ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် မျိုးစေ့ထုတ်စပါးစိုက်ခင်း တစ်ဧကလျှင် ယူရီးယားမြေဩဇာ(ပန်းဖူး) တစ်အိတ်နှုန်းဖြင့် ယူရီးယား အိတ် ၅၀ ထောက်ပံ့ပေးအပ်ပွဲကို ရွှေတန့်တစ်ကျေးရွာ ကွင်းအမှတ်(၁၁၄) ဦးပိုင်အမှတ်(၁၈) တောင်သူဦးမိုးကျော်၏ ဆင်းသုခမျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ခြောက်ဧက၌ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မော်မော်ဝင်း၊ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်မိမိချို၊ ခရိုင်ဦးစီးမှူး ဦးရန်နိုင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးစန်းလွင်နှင့် ပခုက္ကူမြို့နယ် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထူးအောင်တို့က မျိုးစေ့ထုတ်တောင်သူ ၁၉ ဦးထံ ဓာတ်မြေဩဇာအိတ်များနှင့် နှစ်ရှည်သီးနှံပင်များဖြစ်သည့် စိန်တလုံးသရက် ကိုင်းဆက်ပျိုးပင်များ၊ ကီလိုမာလကာပျိုးပင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရွှေတန့်တစ်၊ ကွန်းရွာ၊ နှောကုန်းကျေးရွာတို့မှ တောင်သူများ၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများ စုစုပေါင်း ၅၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**ရွှေဘို ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ပြည်သူများ အသိပညာဗဟုသုတရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အသိပညာဗဟုသုတများရရှိစေမည့် စာအုပ်စာပေများကို နိုင်ငံတော်၏ အခြေခံအုတ်မြစ်များဖြစ်သည့် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုမှု အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီက ရွှေဘိုမြို့ အမှတ်(၇)ရပ်ကွက် ရွှေခြသေ့ ဘုန်းတော်ကြီးကျောင်းရှိ ရွှေခြသေ့စာကြည့်တိုက်၌ ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပခဲ့သည်။

ကဗျာရွတ်ဆိုပြိုင်ပွဲအား ကျောင်းသား၊ ကျောင်းသူများ တပျော်တပါး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ယှဉ်ပြိုင်သူများအားလုံးကို ရွှေခြသေ့ဆရာတော်က ဗလာစာအုပ်များ ပေးဝေခဲ့ပြီး ဆုရရှိသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းဇော်နှင့် ဝန်ထမ်းများက ဆုများချီးမြှင့်ခဲ့ကြသည်။

ယင်းနောက်ခရိုင်ဦးစီးမှူးက ယခုလို ကဗျာရွတ်ဆိုပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြင့် ကလေးသူငယ်များ အဓိကအားဖြင့် အခြေခံကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုခြင်း အလေ့အထများရရှိမည်ဖြစ်ကြောင်းနှင့် လစဉ်ပုံပြောပြိုင်ပွဲများ၊ စာဖတ်ဝိုင်းများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများနှင့် ပန်းချီပြိုင်ပွဲများကို စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**စိုးသီဟ(ပြန်/ဆက်)**



## စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဆွေးနွေး

**တောင်တွင်းကြီး ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှကြီးမှူး၍ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်က တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာ အ-ထ-က (ခွဲ)၌ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်စွာဝင်း၊ ဒုတိယတိုင်းဦးစီးမှူး ဒေါ်အေးအေးမိုးတို့ကအမှာစကားပြောကြားခဲ့သည်။

ယင်းနောက်ဦးစီးမှူး ဦးဝေဠုအောင်က သတိပြုဖွယ်ရာ စားသောက်ကုန်နှင့် ကုန်ပစ္စည်းများအကြောင်း ဆွေးနွေးဟောပြောကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဖြူဝင်းလှိုင်နှင့်အတူ ကျောင်းမုန့်ဈေးတန်းရှိ ဈေးဆိုင်များ ကျန်းမာရေးညီညွတ်သည့် အစားအသောက်များ ရောင်းချရေးအတွက် အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**၅၈၀**

## ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆားနှင့် အဝတ်အထည်များ သွားရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ ၉ ရပ်ကွက်ရှိ သဒ္ဓမ္မပါလ ကျောင်းတိုက်ဆရာတော်နှင့် မအူပင်မြို့ အောက်ထုံးကျေးရွာအုပ်စု စစ်ကုန်းရွာ အောင်မြေဗိမာန်ကျောင်းတိုက် ဆရာတော်တို့အား အမှူးထား၍ သာသနာ့ရက္ခိ ရွှေရင်ကျော်ပရဟိတကာရီ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့် ဦးဆောင်ကာ ဩဂုတ် ၂၇ ရက်က သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေကျပ် ၅၀၀၀၀ စီတို့အား လှူဒါန်းခဲ့ကြသည်။

ထို့အပြင် အဆိုပါကျေးရွာရှိ ရေဘေးသင့် အိမ် ၁၂၀ ကျော်အား ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် အဝတ်အထည်များ စုစုပေါင်းတန်ဖိုး သိန်း ၃၀ ခန့်ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်**

# ဆရာဟူသည်…

**ခ** အောင်ခိုင်မြင့်(ပညာရေး)



"ကျောင်းသားငယ်စဉ် မသွန်သင်က နောင်တွင်ဆရာ သင့်ဝန်တာတည့်" ဟူသည့်အဆိုကို မှတ်သားခဲ့ဖူးပါသည်။ ကျောင်းသား၊ ကျောင်းသူများကို လူတော်လူကောင်းများ ဖြစ်စေရေးအတွက် ငယ်စဉ်ကပင် ထုဆစ်ပုံဖော် လမ်းညွှန်ပြသပေးကြရမည့်သူများမှာ ဆရာ၊ ဆရာမများပင်ဖြစ်သည်။ လူကြီးလူကောင်းများဖြစ်စေရန် လူငယ်လူကောင်းဖြစ်ရေးကို ဦးစွာပြုစု ပျိုးထောင်ပေးကြရမည် ဖြစ်သည်။ ဆရာကောင်းတပည့် ပန်းကောင်းပန်နိုင်သည်ဟူသည့် ဆိုရိုးများကိုလည်း ယနေ့တိုင် လိုက်နာ ကျင့်သုံးနေကြဆဲဖြစ်သည်။

ဤသို့ဆိုလျှင် ပညာရေးကောင်းဖို့ ၊ ပညာရေးရည်မှန်းချက်များအောင်မြင်ဖို့၊ တပည့်များ လူတော်လူကောင်းများဖြစ်ဖို့သည် ဆရာ၊ ဆရာမကောင်းများအပေါ်တွင် များစွာမူတည်နေသည်။ အရည်အသွေးပြည့်ဝသည့် ဆရာ၊ ဆရာမများအပေါ်တွင် မူတည်နေသည်။ ကျောင်းသား၊ ကျောင်းသူပေါင်း ကိုးသန်းခန့်ကို ဆရာ၊ ဆရာမပေါင်း သုံးသိန်းကျော်က သင်ကြားပြသပေးလျက်ရှိရာ ဆရာ၊ ဆရာမများ၏ တာဝန်နှင့်ဝတ္တရားတို့သည် အထူးပင်ကြီးမားများပြားလှပါသည်။

ဆရာ၊ ဆရာမများကိုယ်တိုင် ပညာပြည့်ဝနှလုံးလှပါမှ တပည့်များ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်မှုသည် ဧကန်ပြည့်စုံရှင်သန်လာမည်ဖြစ်သည်။ အမှားနှင့်အမှန် ၊ တရားမှုနှင့်မတရားမှု၊ အကောင်းနှင့်အဆိုး ၊ အကြောင်းနှင့်အကျိုးတို့ကို ပိုင်းခြားဝေဖန်ဆန်းစစ်နိုင်စွမ်းရှိအောင် သင်ကြားပေးနိုင်ရမည်။ ထို့ပြင်လူသားတို့ နေ့စဉ်ကြုံတွေ့ရင်ဆိုင်နေကြရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်၊ ကျော်လွှားနိုင်ရန် အရည်အချင်းနှင့် အတွေ့အကြုံများကိုလည်း သင်ကြားလေ့ကျင့်ပေးနိုင်ရပါမည်။

ထို့ပြင် ဆရာဟူသည် စေတနာ၊ ဝါသနာနှင့် ဆရာ့စိတ်ဓာတ် အပြည့်အဝရှိသူဖြစ်ရမည်။ ကာယဆိုင်ရာအရည်အသွေး၊ ပညာရပ်ဆိုင်ရာအရည်အသွေး၊ စိတ်လှုပ်ရှားမှုဆိုင်ရာအရည်အသွေး၊ ဆရာ့စိတ်ဓာတ်ပိုင်းဆိုင်ရာ အရည်အသွေး မြင့်မားသူဖြစ်ရန်လည်း လိုအပ်ပါသည်။

ကျောင်းသား၊ ကျောင်းသူကို တီထွင်ဖန်တီးတတ်သည့်စိတ်နှင့် စာသင်ခန်းပြင်ပတိုင်အောင် သင်ယူလိုစိတ်ဖြစ်စေရန် ဆရာက လမ်းညွှန်ပြသပေးနိုင်ရမည်။ သင်ကြားရအခက်ဆုံး ကျောင်းသားများအား စာတတ်လာစေရန်၊ ကျောင်းမနေနိုင်သည့် ကျောင်းသား၊ ကျောင်းသူများ စာသင်ခန်းအတွင်း ရောက်ရှိစေရန် စွမ်းဆောင်နိုင်ရပါမည်။ ကျောသား ရင်သားမခွဲခြားဘဲ ကျောင်းသားတိုင်းသည် ကိုယ့်တပည့်ဟူသည့်စိတ်ထားမျိုး ထားရှိနိုင်ရမည်။ ဥယျာဉ်မှူးကောင်းတို့မည်သည် ပန်းတစ်ပွင့်ချင်းစီကို အလေးထားဂရုပြုသကဲ့သို့ ပန်းတစ်ခင်းလုံးကိုလည်း အလေးထား ဂရုပြုစောင့်ရှောက်သည့်သဘောမျိုးဖြစ်ရမည်။

ဆရာ၊ ဆရာမအချင်းချင်းနှင့်လည်းကောင်း၊ ကျောင်းသားမိဘများ၊ ရပ်ရွာလူ့အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ဆက်ဆံရေးကောင်းမွန်ပြီး ကျောင်းအကျိုး၊ ရပ်ရွာအကျိုးတို့တွင် ပါဝင်ဆောင်ရွက်ပြီး ရပ်ရွာဒေသ၏ ယုံကြည်လေးစား အားကိုးထိုက်သူ ဖြစ်ရပါမည်။ ဆရာ့ဝတ္တရားငါးပါး၊ နာယကဂုဏ်ခြောက်ပါးတို့နှင့်လည်း ဆရာ၊ ဆရာမတို့သည် ပြည့်စုံနေရပါမည်။

ဆရာ၊ ဆရာမအများစုသည် အထက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံကြပါသည်။ အနည်းစုမှာ အကြောင်းအမျိုးမျိုးကြောင့် ချို့ယွင်းချက်များရှိနိုင်ပါသည်။ မည်သို့ပင်ဆိုစေ အနန္တော အနန္တငါးပါးတွင် တစ်ပါးပါဝင်သည့် အာစရိယ ဆရာများကို ပိုမိုအလေးထားသင့်သည်။ ပိုမိုချီးမြှောက်သင့်ပါသည်။ ဆရာ၊ ဆရာမများဘက်ကလည်း 'ရိုသေ၊ ချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့် လွဲမိုက်ဆုံးမ၊ မေးသမျှခံ၊ ဓမ္မနက်နဲ၊ ဟောခိုင်မြဲ၍၊ ကျိုးနည်းမတွန်း၊ ခုနစ်ခန်း၊ ပြည့်လျှမ်းညီညာ ဤဆရာရှာ၍ တပည့်ခံ' ဆိုသည့် ဆရာမြတ်တို့၏ဂုဏ်နှင့်လျော်ညီစွာ နေထိုင်ပြုမူကျင့်ကြံသွားကြရမည်ဖြစ်သည်။

ဆရာ၊ ဆရာမတို့၏ ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသကဲ့သို့ ဆရာအတတ်ပညာဆိုင်ရာ တတ်ကျွမ်းမှုစံများကိုလည်း ပညာရှင်များက သုတေသနပြု၍ နယ်ပယ်အလိုက် သတ်မှတ်ထားပါသည်။



**နယ်ပယ် (၁)**

ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် သဘောပေါက်နားလည်မှု။

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၁) - ကျောင်းသားများ မည်သို့သင်ယူသည်ကို သိရှိခြင်း။

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၂) - အသုံးချနိုင်သော သင်ကြားပို့ချမှု နည်းပညာကို သိရှိခြင်း။

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၃) - ကျောင်းသားများနှင့် ၎င်းတို့၏မိသားစုများအား မည်ကဲ့သို့ ဆက်သွယ်ရမည်ကို သိရှိခြင်း။

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၄) - သင်ရိုးညွှန်းတမ်းကို သိရှိခြင်း။

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၅) - ဘာသာရပ်ပါ အကြောင်းအရာကို သိရှိခြင်း။

**နယ်ပယ် (၂)**

ဆရာအတတ်ပညာဆိုင်ရာကျွမ်းကျင်မှုနှင့် လက်တွေ့အသုံးချမှုများ

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၁) - ဘာသာရပ်နယ်ပယ်ကို ကျွမ်းကျင်ပိုင်နိုင်မှုရှိခြင်း။

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၂) - ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်း၊

လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း။

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၃) - ကျောင်းသားများအတွက် သင်ကြားသင်ယူမှုဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်း။

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၄) - အခြားဆရာများ၊ မိဘများ၊ ရပ်ရွာတို့နှင့် အတူတကွပူးပေါင်းဆောင်ရွက်ခြင်း။

**နယ်ပယ်(၃)**

ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၁) - ဆရာများကို စံပြအနေဖြင့် လက်ခံကာ မြန်မာတို့၏ ဓလေ့ထုံးစံနှင့်ကိုက်ညီသည့် သဘောထားနှင့် တန်ဖိုးထားမှုများကို ဖော်ပြခြင်း။

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၂) - ဆရာအတတ်ပညာဖြင့် ဝန်ဆောင်မှုပြုခြင်း။

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၃) - ကျောင်းအတွင်း အဖွဲ့အစည်းများနှင့် အဆင်ပြေစွာပူးပေါင်းဆောင်ရွက်နိုင်ခြင်း။

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၄) - ကလေးအားလုံး၏ ပညာအရည်အသွေးနှင့် တန်းတူညီမျှမှုကို မြှင့်တင်ခြင်း။

**နယ်ပယ်(၄)**

လုပ်ငန်းအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားတိုးတက်မှု

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၁) - ကိုယ်ပိုင်သင်ကြားရေးအလေ့အကျင့်များကို ပြန်လည်သုံးသပ်ခြင်း။

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၂) - သင်ကြားရေးအလေ့အကျင့်များ တိုးတက်မြင့်မားရေးအတွက်လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

တတ်ကျွမ်းမှုစံသတ်မှတ်ချက်(၃) - သင်ကြားရေးအလေ့အကျင့်များ တိုးတက်မြင့်မားရေးအတွက် လုပ်ငန်းအတတ်ပညာဆိုင်ရာသင်ယူလေ့လာမှုများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

ဆရာ၊ ဆရာမများသည် ဆရာ့ဂုဏ်အင်္ဂါနှင့် ပြည့်စုံမှုရှိနေရမည်ဖြစ်သကဲ့သို့ ဆရာအတတ်ပညာဆိုင်ရာ တတ်ကျွမ်းမှုစံများနှင့်လည်း ပြည့်စုံပါမှ အရည်အသွေးပြည့်ဝသည့် ဆရာ၊ ဆရာမကောင်းတစ်ဦး ဖြစ်ပါမည်။ ထို့အတူ တပည့်များကို အရည်အသွေးမြင့်သည့် လူတော်လူကောင်းအဖြစ် လေ့ကျင့်မွေးထုတ်ပေးနိုင်မည် ဖြစ်သည်။

နိုင်ငံ၏အနာဂတ်သည် လူငယ်တို့၏ လက်ဝယ်တွင်ရှိသည်။ လူငယ်များသည် ဆရာ၊ ဆရာမများ၏ လက်ဝယ်တွင်ရှိသည်ဟုဆိုပါသဖြင့် ဆရာ၊ ဆရာမများ၏ တာဝန်နှင့်ဝတ္တရားများကား အထူးပင်ကြီးမားလှကြောင်း ဖော်ညွှန်းရေးသား ဂါရဝပြုပါရစေ။

ရည်ညွှန်းကိုးကား။ ၂၀၁၆ ခုနှစ်၊ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (ဆရာအတတ်ပညာကဏ္ဍ) တွင် ပညာရေးတက္ကသိုလ် တွဲဖက်ပါမောက္ခ ဒေါက်တာမျိုးဝင်း ဖတ်ကြားသည့် ဆရာအတတ် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် ရေးဆွဲခြင်း စာတမ်းကို မှီငြမ်းပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အရည်အချင်းစစ်(အဆင့်တိုး)စာမေးပွဲဖြေဆို

**မုံရွာ ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိ သော ဒုတိယရဲအုပ်အဆင့်မှ ရဲအုပ်အဆင့်သို့ တိုးမြှင့်တာဝန်ထမ်းဆောင်နိုင်ရေး အရည်အချင်းစစ်စာမေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂၈ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအရည်အချင်းစစ်(ရေးဖြေ)စာမေးပွဲတွင် ရာဇသတ်ကြီးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ ရဲကျင့်ဝတ်ဘာသာရပ်များကို ဩဂုတ် ၂၇ ရက်တွင်လည်းကောင်း၊ အထူးနှင့်အထွေထွေဥပဒေ၊ ရဲလက်စွဲဥပဒေ၊ ရဲတပ်ဖွဲ့ဆိုင်ရာ ဦးစီး/ရေး/ထောက် ရုံးလုပ်ငန်းဘာသာရပ်များကို ဩဂုတ် ၂၈ ရက်တွင်လည်းကောင်း နေ့စဉ်နံနက် ၉ နာရီမှ ၁၁ နာရီထိ ဖြေဆိုခဲ့ကြောင်း သိရသည်။

အရည်အချင်းစစ်စာမေးပွဲဖြေဆိုရာသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ၁၆၈ ဦးတို့ အရည်အချင်းစစ်စာမေးပွဲဖြေဆိုမှုကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလူလူသန်းနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိကြီးများက ကြပ်မတ်စစ်ဆေးခဲ့ကြောင်း သိရသည်။

မင်းဝေ(မုံရွာ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဩဂုတ် ၂၇ ရက် နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ရုံး၊ စခန်းရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့ဆေးရုံဝန်ထမ်းများ စုပေါင်း၍ သန့်ရှင်းရေးနှင့် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ပြီး အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



# တက္ကသိုလ်ဝင်ခွင့်နှင့် ကြုံတွေ့ရသမျှ

**စောခိုင်**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများကို ၁၈-၈-၂၀၁၆ ရက်မှ ၃၁-၈-၂၀၁၆ ရက်နေ့အထိ စနေ၊ တနင်္ဂနွေအပါအဝင် ပိတ်ရက်မရှိ ရန်ကုန်ပညာရေးတက္ကသိုလ် အားကစားရုံတွင် လက်ခံလျက်ရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်ကျော်လွန်လျှောက်ထားခြင်းအတွက် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၌ လက်ခံရန်စီစဉ်ထားရှိသည်။ ထိုသို့ စီစဉ်ပေးရခြင်းမှာလည်း မြန်မာနိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံသောဒေသများအတွက်ဖြစ်သော်လည်း ရန်ကုန်မြို့ပေါ်မှ ရောင်တော်ပြန်လွတ်၍ နောက်ကျသည်များလည်း တွေ့ရ၏။ မည်သို့ဆိုစေ နောက်ဆက်တွဲဖြင့်ထုတ်ပြန်ပေးသည်အထိ နောက်ကျရက်မရှိ လက်ခံဆောင်ရွက်ပေးနေသည်မှာ မြန်မာနိုင်ငံတစ်ဝန်းရှိ လူ့စွမ်းအားအရင်းအမြစ်အတွက် တက္ကသိုလ်ဝင်ခွင့်နစ်နာမှုမရှိစေရန် ရည်ရွယ်ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှုတစ်ခုပင်ဖြစ်၏။

**အထောက်အကူပြုဆောင်းပါး**

၂၂-၈-၂၀၁၆ ရက် ကြေးမုံသတင်းစာ စာမျက်နှာ ၁၉ နှင့် ၂၀ တို့တွင် "တက္ကသိုလ် ဝင်ခွင့်လျှောက်ထားကြရာဝယ်" ဆောင်းပါးအား လျှောက်ထားသူများအတွက် အထောက်အကူပြုစေရန် ရည်ရွယ်လိုက်ပါသည်။

**လျှောက်ထားကြရာဝယ်**

ဝင်ခွင့်လျှောက်လွှာလက်ခံသော ဝန်ထမ်းများက စိစစ်၍ လိုအပ်သည်များကို ဖြည့်စွက်ရန်ပြော၏။ လျှောက်လွှာ လက်ခံသူအရေအတွက်နှင့် လျှောက်ထားသူအရေအတွက် မမျှသည့်အခါ လျှောက်လွှာများကို အချိန်ပေးစိစစ်ရန် ခက်ခဲသော်လည်း အတတ်နိုင်ဆုံးအဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

**မေးခွန်းပေါင်းစုံ**

ဝင်ခွင့်လျှောက်လွှာလက်ခံရာ ရန်ကုန်ပညာရေးတက္ကသိုလ် အားကစားရုံတွင် လျှောက်ထားသူများ၏ အခြေအနေကို တစေ့တစောင်း လေ့လာမိ၏။ မေးခွန်းများထဲတွင် ဆေးတက္ကသိုလ်ဝင်ခွင့်ရမှတ် ဘာလို့မပါတာလဲ။ အခြားရမှတ်တွေမသိတော့ ဘယ်လိုခန့်မှန်းပြီး လျှောက်ရမှာလဲ စသည်ဖြင့် မေးခွန်းပေါင်းစုံ။ ဝန်ထမ်းများမှ ရှင်းလင်းဖြေကြား၏။ သို့သော် ကျောင်းသားနှင့် ကျောင်းသားမိဘကမကျေလည်။ မည်သည့်နှစ်တွင်မျှ ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်သည့် အမှတ်ကို သတ်မှတ်ထားခြင်းမရှိပါ။ ဆေးတက္ကသိုလ်နှင့် ဆေးနီးနွယ်တက္ကသိုလ်များကို ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲ(အတွဲ-၇)ဖြင့် အောင်မြင်သူဖြစ်ပါက လျှောက်ထားနိုင်၏။ တက်ရောက်ခွင့်ရရှိသော ဆေးတက္ကသိုလ်တွင် သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်။ "မိဘနှစ်ပါး နိုင်ငံသား စိစစ်ရေးကတ်အမှတ်(နိုင်) (ပြု) (ဧည့်) ကိုင်ဆောင်သူဖြစ်ရမည်။ တည်ဆဲနိုင်ငံသားဖြစ်မှုနှင့်အညီ နိုင်ငံသားဖြစ်ရန် လျှောက်ထားပါက လျှောက်ထားဆဲဖြစ်ကြောင်း သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ထောက်ခံစာမူရင်းမပျက်မကွက် ပူးတွဲတင်ပြရမည်"ဟုသာ ဝင်ခွင့်အတွက် သတ်မှတ်သည်ဖြစ်ရာ အထက်ပါအချက်ပြည့်စုံသူများ မည်သည့်ရမှတ်ကို ပိုင်ဆိုင်သည်ဖြစ်ပါစေ လျှောက်ထားနိုင်၏။ သို့သော် တက်ရောက်ရန် ရွေးချယ်မည်ဟု ဝင်ခွင့်လမ်းညွှန်က မဆိုထားပါ။

**ဝင်ခွင့်ရနောက်ဆုံးအမှတ်(Last Total Marks-LTM)**

အတွဲ(၇)ဖြင့် အောင်မြင်သူများ အထက်ပါအတိုင်း သတ်မှတ်ချက်ပြည့်စုံပါက လျှောက်ထားနိုင်သည်ဟုဆိုသော်လည်း လျှောက်ထားသူအားလုံးကို ရွေးချယ်မည်ဟု ဝင်ခွင့်လမ်းညွှန်မှာမဖော်ပြ။ ဖော်ပြချက်သည် စာမျက်နှာ(၅၄) လက်ခံသင်ကြားမည့်ဦးရေ ၁၆၀၀ ကိုသာ ဖော်ပြပါသည်။ ၎င်း ၁၆၀၀ ကို ရွေးချယ်ပုံမှာ အတွဲ(၇) သိပ္ပံတွဲဖြင့် အောင်မြင်သူများကို အမှတ်အများဆုံးမှ အနည်းဆုံး(များနည်း)စီ၍ တစ်ဦးချင်း၏ လျှောက်ထားမှုကို ရွေးချယ်ပါသည်။ ကျောင်းသား ကျောင်းသူလျှောက်ထားမှုမှာ အမှတ်အမြင့်ပိုင်း ကျောင်းသား ကျောင်းသူသည် ဆေးတက္ကသိုလ်ကိုသာ ကြိုက်နှစ်သက်သူများ၏။ ဦးရေ ၁၆၀၀ ဝင်ခွင့်ပြုရာ ကျားဦးရေ ၈၀၀ ပြည့်သော အမှတ်၊ မဦးရေ ၈၀၀ ပြည့်သော အမှတ်ကို တက္ကသိုလ်တစ်ခု၏ ဝင်ခွင့်ရ အနိမ့်ဆုံးအမှတ် (Last Total Marks- LTM)ဟု ခေါ်ဝေါ်သုံးစွဲ၏။ ယခင်နှစ် ဆေးတက္ကသိုလ်၏ LTMမှာ မ-၅၀၉ မှတ်၊ ကျား-၄၉၁ မှတ်တို့ဖြစ်ကြ၏။ ထို့ကြောင့် နှစ်စဉ် ဝင်ခွင့်လမ်းညွှန်တွင် ဆေးတက္ကသိုလ်၏ ဝင်ခွင့်ရနောက်ဆုံးအမှတ် LTM ကို မဖော်ပြခြင်းဖြစ်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ရာခိုင်နှုန်းနှင့် ဦးရေသည်လည်း တစ်နှစ်နှင့် တစ်နှစ် တူတာမဟုတ်တော့ အမြဲတမ်း LTM ပြောင်းလဲမှုက ဖြစ်နေမှာပင်ဖြစ်သည်။

**ရွေးချယ်ခြင်း**

ကျောင်းသားအများစု လေ့လာသင်ကြား ဖြေဆိုခဲ့သော ဘာသာတွဲမှာ အတွဲ(၇)နှင့် အတွဲ(၁)ဖြစ်သည်။ အမှတ်များကို အများအနည်းစီရာ၌ တစ်မှတ်ချင်းတွင် အတွဲ(၇)(သိပ္ပံ)၊ အတွဲ(၁) (ဝိပ္ပံ)၊ အတွဲ(၃)(ဝိဇ္ဇာ)၊ အတွဲ(၄) (ဝိဇ္ဇာ)တို့ကို ပိုင်း၍ စီရ၏။ ဥပမာ ၄၉၀ အမှတ်တွင် ၄၉၀(သိပ္ပံ) တစ်စု၊ ၄၉၀(ဝိပ္ပံ)တစ်စု၊ ၄၉၀(ဝိဇ္ဇာ)တစ်စု စသည်ဖြင့် ဘာသာတွဲပါရှိသလောက် ၄၉၀ အုပ်စုများရှိ၏။ ၄၉၀ ကိုရွေးချယ်ပါက ၄၉၀ ဝိဇ္ဇာ၊ သိပ္ပံ၊ ဝိပ္ပံ အားလုံးကို တစ်ပြိုင်နက်တည်း ရွေးချယ်ရ၏။ ၎င်းတို့၏ အစီအစဉ်လိုက် လျှောက်ထားပုံကို ရွေးချယ်ပြီးပါမှ ၄၈၉ အမှတ်သို့ ဆက်လက်ရွေးချယ်ရ၏။

**ကျန်တက္ကသိုလ်/ဘာသာရပ်များ**

တက္ကသိုလ်များရွေးချယ်ပုံကို ဆေးတက္ကသိုလ်နှင့် ဥပမာပေးလိုက်ရခြင်းသည် ကျောင်းသားအများစုက ဆေးတက္ကသိုလ်ကို ပထမဦးစားပေးအနေဖြင့် လျှောက်ထားကြခြင်းကြောင့် ဖြစ်၏။ ဤသည်လည်း ဥပမာသာ ဖြစ်သည်။ ယခင်နှစ်အမှတ် Last Total Marks-LTM များမှာ မပြောင်းလဲ။ ယခုနှစ်သည် ယခင်နှစ်နှင့်တော့ မတူနိုင်သည်မှာ သေချာ၏။ ဥပမာပေးခဲ့သည့်အတိုင်း ကျန်တက္ကသိုလ်ဘာသာရပ်များကိုလည်း ဤနည်းအတိုင်းရွေးချယ်၏။

**ဦးစားပေးအဆင့်ဆင့်**

စုစုပေါင်းအမှတ်တစ်ခုတွင် ခွင့်ပြုနိုင်သော လူဦးရေကျန်ရှိသော တက္ကသိုလ်များကို White Board ဖြင့် ဖော်ပြထား၏။ လူဦးရေပြည့်သော တက္ကသိုလ်၏ ယှဉ်တွဲလျက်ဖော်ပြသော ဦးရေကို အပြည့်ဝိုင်းဖြင့် ဖော်ပြထားရသည်။ ရွေးချယ်သူအပေါင်းသည် ဤ White Board ကိုကြည့်၍ ရွေးချယ်စိစစ်ရ၏။ ဥပမာအားဖြင့် လူဦးရေပြည့်သော တက္ကသိုလ်များမှာ ဆေးတက္ကသိုလ် ကျား/မ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ကျား/မ ဖြစ်သည်ဆိုပါစို့။ ဤအခြေအနေတွင် ကျောင်းသား၏ လျှောက်ထားပုံမှာ ပထမဦးစားပေး ဆေးတက္ကသိုလ်၊ ဒုတိယဦးစားပေး ရန်ကုန်နည်းပညာတက္ကသိုလ်၊ တတိယဦးစားပေးသည် ရေကြောင်းတက္ကသိုလ်(နောက်ဦးစားပေးရေးထားသည့် တက္ကသိုလ်ရှိ၏ မဖော်ပြတော့) ဟုလျှောက်ပါက ပထမဦးစားပေးနှင့် ဒုတိယဦးစားပေး တက္ကသိုလ်နှစ်ခုတွင် ၎င်းအတွက် နေရာမရှိတော့။ ထိုတက္ကသိုလ်၏ ကျောင်းသား ကျောင်းသူ လက်ခံသင်ကြားနိုင်သည့် သတ်မှတ်ဦးရေပြည့်ပြီဖြစ်၍ တတိယဦးစားပေးဖြစ်သော ရေကြောင်းတက္ကသိုလ်ကို ရွေးချယ်ပေးရသည်။ ဆက်၍ ရှင်းရမည်ဆိုလျှင် ရေကြောင်းတက္ကသိုလ်တွင် ခွင့်ပြုနိုင်သော ဦးရေပြည့်ပါက ၎င်းကျောင်းသား၏ စတုတ္ထဦးစားပေးကို ဆက်၍ စဉ်းစားပေးသည်။ ရွေးချယ်ပေးသည်။

**ဦးရာလူရွေးချယ်သောစနစ်မဟုတ်**

တချို့သောမိဘများသည် ဝင်ခွင့်ရွေးချယ်သတ်မှတ်ပုံကို မသိကြ၍ မိမိတို့သား၊ သမီး၏ ဝင်ခွင့်လျှောက်လွှာသည် နောက်ကျပါက လိုချင်သော ဘာသာရပ်/တက္ကသိုလ်တွင် ဦးရာလူစနစ်ဖြင့် ရွေးချယ်လျှင် ဝင်ခွင့်မရမှာ စိုးရိမ်၍ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခြင်းများရှိ၏။ အထက်တွင် ဖော်ပြခဲ့သော ရွေးချယ်ရေးစနစ် ပုံစံအရ လျှောက်လွှာတင်နောက်ကျခြင်းကြောင့် လိုချင်သော တက္ကသိုလ်/ဘာသာရပ်ကို မရဟူ၍မဖြစ်ဘဲ တက္ကသိုလ်/ဘာသာရပ်တစ်ခု၏ LTM ကို ပြည့်မီပါက ၎င်းလျှောက်ထားသော တက္ကသိုလ်ကို ဝင်ခွင့်ပြုကြောင်း အသိပေးလိုက်ပါသည်။

**LTM ဘယ်လောက်လဲ**

ဆေးတက္ကသိုလ် အနိမ့်ဆုံးဝင်ခွင့်ရမှတ်စုစုပေါင်း LTM ဘယ်လောက်လဲ၊ အခြားတက္ကသိုလ်၏ အနိမ့်ဆုံးဝင်ခွင့်ရမှတ် စုစုပေါင်း (LTM) ဘယ်လောက်လဲဟု မေးကြသူများရှိ၏။ ဖြေပါမည် မသိပါ။ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ပါမှ သိရမည်ဖြစ်သည်။ ခန့်မှန်းလိုက ခန့်မှန်းနိုင်၏။ ခန့်မှန်းရာတွင် ထည့်သွင်းစဉ်းစားစရာများကတော့ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဦးရေ၊ တက္ကသိုလ်အလိုက် ဝင်ခွင့်လက်ခံမည့်ဦးရေ၊ ကျောင်းသား ကျောင်းသူအများစိတ်ဝင်စားမှု စတာတွေနှင့် ခန့်မှန်းလို့ရနိုင်၏။ ထို့ကြောင့် ယမန်နှစ်နှင့် ယခုနှစ် အောင်မြင်သည့် ဦးရေပေါ်တွင် ခန့်မှန်းနိုင်ရန် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

| ဂုဏ်ထူးရမှုအခြေအနေ | ၂၀၁၅ | ၂၀၁၆ |
|---|---|---|
| အောင်မြင်သည့်ဦးရေ | ၂၂၄၈၄၇ | ၁၉၀၃၉၀ |
| ၆ ဘာသာဂုဏ်ထူးရှင် | ၈၂၉ | ၈၉၃ |
| ၅ ဘာသာဂုဏ်ထူးရှင် | ၂၀၅၂ | ၁၈၁၄ |
| ၄ ဘာသာဂုဏ်ထူးရှင် | ၄၃၉၇ | ၃၁၁၆ |
| ၃ ဘာသာဂုဏ်ထူးရှင် | ၅၆၅၉ | ၄၆၅၀ |
| ၂ ဘာသာဂုဏ်ထူးရှင် | ၉၇၄၃ | ၇၂၉၃ |
| ၁ ဘာသာဂုဏ်ထူးရှင် | ၃၀၅၄၅ | ၂၉၂၅၈ |

**ယခုနှစ် LTM များကို ခန့်မှန်းခြင်း**

ယခင်နှစ် တက္ကသိုလ်ဝင်ခွင့် အသက်မွေးဝမ်းကျောင်း၏ အနိမ့်ဆုံး ရမှတ်များကို ဇယားဖြင့် ဖော်ပြခြင်းဖြင့် ယခုနှစ် အသက်မွေးဝမ်းကျောင်းများ၏ တက္ကသိုလ်ဝင်ခွင့် အနိမ့်ဆုံးရမှတ်များကိုလည်း ခန့်မှန်းနိုင်သည်ဖြစ်ရာ လျှောက်ထားရန်အတွက် အထောက်အကူပြုရန် ဖော်ပြပေးလိုက်ပါသည်-

| စဉ် | တက္ကသိုလ် | အနိမ့်ဆုံးအမှတ် | |
|---|---|---|---|
| | | ကျား | မ |
| ၁ | ဆေးတက္ကသိုလ်များ | ၄၉၁ | ၅၀၉ |
| ၂ | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ | ၄၆၉ | ၄၉၇ |
| ၃ | ဆေးဝါးတက္ကသိုလ်များ | ၄၆၀ | |
| ၄ | ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ | ၄၅၈ | |
| ၅ | သူနာပြုတက္ကသိုလ်များ | ၄၃၉ | ၄၅၉ |
| ၆ | အခြေခံကျန်းမာရေးတက္ကသိုလ် | ၄၄၅ | ၄၇၀ |
| ၇ | တိုင်းရင်းဆေးတက္ကသိုလ် | ၄၀၁ | ၄၂၇ |
| ၈ | မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် | ၄၇၈ | ၄၉၀ |
| ၉ | မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် | ၄၅၃ | ၄၅၉ |
| ၁၀ | သတင်းအချက်အလက် နည်းပညာတက္ကသိုလ် | ၄၈၃ | |
| ၁၁ | မန္တလေးကွန်ပျူတာတက္ကသိုလ် | ၄၅၆ | |
| ၁၂ | ရန်ကုန်နည်းပညာတက္ကသိုလ် | ၅၁၃ | ၅၀၅ |
| ၁၃ | မန္တလေးနည်းပညာတက္ကသိုလ် | ၄၉၄ | ၄၉၉ |
| ၁၄ | နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာ) | ၄၆၃ | ၄၆၆ |

**ပညာရေးတက္ကသိုလ်များ**

| ရန်ကုန်ပညာရေး | အနိမ့်ဆုံးအမှတ် | |
|---|---|---|
| | ကျား | မ |
| သိပ္ပံတွဲ | ၄၅၅ | ၄၈၆ |
| ဝိဇ္ဇာ+သိပ္ပံတွဲ | ၄၆၀ | ၄၇၁ |
| ဝိဇ္ဇာတွဲ | ၄၂၅ | ၄၆၆ |
| စစ်ကိုင်းပညာရေး | အနိမ့်ဆုံးအမှတ် | |
| | ကျား | မ |
| သိပ္ပံတွဲ | ၄၆၄ | ၄၈၅ |
| ဝိဇ္ဇာ+သိပ္ပံတွဲ | ၄၅၃ | ၄၆၅ |
| ဝိဇ္ဇာတွဲ | ၄၃၁ | ၄၄၀ |

**စီးပွားရေးတက္ကသိုလ်များ**

| | | |
|---|---|---|
| ၁ | ရန်ကုန်စီးပွားရေးတက္ကသိုလ် | ၄၂၁ |
| ၂ | မုံရွာစီးပွားရေးတက္ကသိုလ် | ၄၀၀ |
| ၃ | မိတ္ထီလာစီးပွားရေးတက္ကသိုလ် | ၄၀၆ |

(ကျား၊ မ မခွဲပါ)

**ယခင်နှစ်နှင့်မတူ**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်ခွင့်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)သည် သတင်းစာမှ သီးခြားကြေညာပြီး တိုက်ရိုက်လျှောက်ထားနိုင်သော တက္ကသိုလ်တစ်ခုဖြစ်သည်။ ယခုနှစ်တွင် သတင်းစာမှ သီးခြားလျှောက်လွှာခေါ်ယူခြင်းမပြုဘဲ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာတွင် ထည့်သွင်းလျှောက်ထားနိုင်သည်ဖြစ်၏။ စုစုပေါင်းရမှတ် ၄၅၀ နှင့်အထက်ရသော ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်၏။

**လက်ခံသင်ကြားမည့် ဦးရေ**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်ခွင့်တွင် ရန်ကုန်တက္ကသိုလ်နှင့်မန္တလေးတက္ကသိုလ်များတွင် ဘာသာရပ်တစ်ခုလျှင် လူဦးရေ ၅၀ လက်ခံသင်ကြားရန် သတ်မှတ်ခဲ့သော်လည်း ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်ခွင့်၌ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တွင် ၂၀၀၀ စီ လက်ခံသင်ကြားမည်ဖြစ်သည်။ အကြမ်းဖျင်းတွက်လျှင် ယခင်နှစ်ထက်ဦးရေနှစ်ဆ တိုးမြှင့်လက်ခံသင်ကြားသည်ဟု ဆိုနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ကြော်ငြာ

## မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း ပင့်လျှောက်လွှာ

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီး၏ ဝဋ္ဋံသကာနှင့် (သကျသီဟ)မွေ့စရိယဘွဲ့ရဆရာတော်ကြီးများအား တွေ့ဆုံပင့်ဖိတ်ပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (သကျသီဟ)မွေ့စရိယဘွဲ့ရ ဆရာတော်များသည် ပရိယတ္တိသာသနဟိတအသင်းကြီးသို့ အောက်ပါအချက်အလက်များ ပြည့်စုံစွာရေးသား၍ ဆက်သွယ်အကြောင်းကြားပေးပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား-

၁။ မိမိဘွဲ့-အောင်မြင်သည့်ခုနှစ်နှင့် အောင်စဉ်နံပါတ်

၂။ ယခုသီတင်းသုံးရာဌာန

၃။ ဆက်သွယ်ရန်ဖုန်းနံပါတ်

**မှတ်ချက်။ ။**

၁။ အဘိဝံသဘွဲ့ရ လူပုဂ္ဂိုလ်များလည်း ပရိယတ္တိသာသနာဟိတအသင်းကြီးသို့ ဆက်သွယ်ပါရန်၊

၂။ အခမ်းအနားကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနဟိတအသင်း**
**၈၅-လမ်း၊ ၃၄×၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၂-၃၉၂၃၂၊ ၀၂-၆၀၅၇၃**

မိုးမြတ်သူ မြဝတီ ဘားအံ မဲဆောက်
2.9 7:00 PM 27000
16.9 မုဒ္ဒါးအာဘာထွက်ပွဲ 45000
09-457663237

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

ယမင်းသူ
ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်း၊ မြို့ပြင်၊ လချုပ်ငှားရန် ကားမျိုးစုံရှိပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
09 5174914, 09 5136421

ODYSSEY
ပြည်တွင်း ပြည်ပ လေယာဉ်လက်မှတ် အိမ်အရောက်ပို့ဝန်ဆောင်မှု
01-246334,246339,240545
အရောင်းခွဲကိုယ်စားလှယ်ယူနိုင်သည်

## ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်
## National Management Degree College(NMDC)နှင့် MPDC Educationတို့ ပူးပေါင်း၍ ဖွင့်လှစ်သော Certificate in Marketing Management (CMM)
## အမှတ်စဉ်(၉)သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (NMDC)နှင့် Myanmar Professional Development Center-MPDC Educationတို့ ပူးပေါင်း၍ Certificate in Marketing Management (CMM) သင်တန်းအမှတ်စဉ်(၉)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်း **အောင်မြင်ပြီးသူများ**နှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းကာလမှာ (၆)လဖြစ်ပြီး ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၃ရက်တွင် စတင်ဖွင့်လှစ်ပါသည်။

၃။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Manager အဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

၄။ ပညာအရည်အချင်း အထောက်အထား(မူရင်း)နှင့် မိတ္တူ ၂စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့် မိတ္တူ ၂စုံ၊ လိုင်စင်ဓာတ်ပုံ (၅)ပုံ တင်ပြရမည်။

**(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)**

အသေးစိတ်သိရှိလိုပါက - အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (လေးထပ်စာသင်ဆောင်၊ MPDC ရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၇၉၅၂၅၃၆၈၃၊ ၀၉-၄၂၁၀၀၄၄၃၁။

### ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ လူကောင်းကျွန်းကျေးရွာ၊ အထကကျောင်း၊ ဒသမတန်း(က)တွင် ပညာသင်ကြားနေသော မအေးစန္ဒာဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းလှိုင် [၁၄/အမန(နိုင်)၁၁၄၉၁၁] ဖြစ်ပါကြောင်း။ **ဦးသန်းလှိုင်**

### ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၄)၊ ဒသမတန်း(D)မှ ကျောင်းသူ မခင်နှင်းစိုး၏ ဖခင်အမည်မှန်မှာ [၉/မထလ(နိုင်)၁၀၅၀၈၇]အရ ဦးမောင်ဌေး ဖြစ်ပါသည်။ **ဦးမောင်ဌေး**

### တစ်ဦးတည်းဖြစ်ပါသည်

မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့ရုံးမှ လ/၂၆၂၀၇-ရဲတပ်သား ဇွန်ဇွန်၏ ဖခင်အမည်မှန်မှာ[၉/မထလ(နိုင်)၀၇၀၂၃၀] အရ ဦးအောင်ကြည်(ခ) ဦးညာဏ်ထွန်းဇော်မှာ တစ်ဦးတည်း ဖြစ်ပါသည်။ **ဦးအောင်ကြည်(ခ)ဦးညာဏ်ထွန်းဇော်**

### အမြန်ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ စက်မှုဇုန် (၁)ကေ မြေကွက် အမြန်ဝယ်လိုသည်။ ပွဲစားမလိုပါ။
**ဖုန်း-၀၉-၇၃၂၀၄၂၀၁**

Cambridge English - 4 skills
English Speaking
TOEFL IELTS SAT GRE GMAT
MAY EDUCATION CENTRE
91 (A) Banyadala Road, Bahan Township, Yangon, Myanmar. Tel: (01) 544 224, (01) 545 375
Mobile : (09) 964 544 224, (09) 964 545 375, (09) 785 003 978
Weekdays Class
Weekend Class

technoland
computer · mobile · gadget
Yangon ICT Fair (Computer & Mobile) 2016
2nd ~ 4th September, 2016. Tatmataw Hall, Booth No. C2



Laptop
အထူးဈေးရောင်းပွဲ
ပြပွဲရက် (၃) ရက်အတွင်း လာရောက်ဝယ်ယူသူများအတွက်
Special Discount
အခြားလက်ဆောင်ပစ္စည်းများစွာ...
Education Discount
ကျောင်းသား/သူများအတွက် အထူးဈေးနှုန်း....
www.technoland.com.mm, www.facebook.com/Technoland, info@technoland.com.mm

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

### ပျောက်ဆုံးခြင်း

ကျွန်တော် ဦးမြင့်စိုးနိုင်၏ နိုင်ငံကူးလက်မှတ် PP.No 318107သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
Ph-09-796301421

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် - ၉ခ/၆၇၃၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွှာသာကြီး**

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

TRIPLE ONE
ELECTRONIC & HOME APPLIANCE
မိုးရာသီ အထူးအစီအစဉ်
(၁/၉/၂၀၁၆) မှ (၃/၉/၂၀၁၆) အထိ
ဝယ်ယူသူများအတွက် လက်ဆောင်များ ပေးသွားမည်





လိပ်စာ အိမ်အမှတ် (၁၁၁)၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ Ph: 01 401403, 01 401407, 09 73242108, 09 73242109

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ မြေကွက်အမှတ် (၉၀၄/Bက) ... ကန့်ကွက်လိုပါက ... ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# “ မွေးနေ့ဆုမွန်လွှာ ”

August 31st ရက်နေ့တွင် ကျရောက်သော ဒေါ်နန်းလင်းလင်းခိုင်(ဒါရိုက်တာ -စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက်)၏မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ၊ကိုယ်ကျန်းမာစွာဖြင့်အောင်မြင်ခြင်းသရဖူ ကို ထာဝရ ရရှိပိုင်ဆိုင် ပျော်ရွှင်ပါစေကြောင်း မွေးနေ့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက် (အောက်မြန်မာနိုင်ငံ) မှ ဝန်ထမ်းများ

# “ မွေး နေ့ ဆု မွန် ကောင်း သ ဝဏ် လွှာ ”

TAW WIN ACM CONSTRUCTION CO.,LTD နှင့် ရွှေမင်းညီနောင် (စိန်ရွှေရတနာဆိုင်) ဥက္ကဋ္ဌဦးချမ်းမြေ့ ဆွေ၏ ( ၃၁.၈.၂၀၁၆ ) ရက်နေ့တွင် ပြည့်မြောက်သော "၂၉ " နှစ် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ခက်ခဲကြမ်းတမ်းသော အခက်အခဲ များစွာကို ရဲပုံ့ပြတ်သားမှန်ကန်စွာ ကျော်လွှား၍ အောင်မြင်တိုးတက်ကြီးပွားချမ်းသာသော စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အဖြစ် အများအလယ်တွင် ဂုဏ်ယူဂုဏ်ပင့်ကြွားနိုင်ပါစေလို့ မွေးနေ့ဆုမွန်ကောင်း တောင်းပေးလိုက်ပါသည်။

ဦးအောင်မျိုးထွန်း ( အုပ်ချုပ်မှု ဒါရိုက်တာ )
နှင့်
ဝန်ထမ်းမိသားစု

## တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရနှင့် ရုံးဝန်ထမ်းများအတွက်




GETC™
George English Training Centre
building a better future

▲Communicative English
▲General English ▲FCE
Enroll Now for September Intake!

| မြေနီကုန်း | တာမွေ | အင်းစိန် | မရမ်းကုန်း |
|---|---|---|---|
| 01-537895, 09262963776 | 01-549590, 09254148006 | 09259822226/ 7 | 01-663960, 09259822220 |

CROWN EDUCATION
Award Winning Company

## Game Design လက်တွေ့ဖန်တီးပြုလုပ်ပုံများနှင့် Gaming, Animation Business Industry အကြောင်းဆွေးနွေးပွဲ



- ပြည်တွင်းပြည်ပ Gaming & Animation Business Industry အလားအလာနှင့် အလုပ်အကိုင်အခွင့်အလမ်းများ
- အနုပညာနှင့်နည်းပညာပေါင်းစပ်၍ 3D Game အား(၁)နာရီအတွင်း ရေးဆွဲပုံအား လက်တွေ့ရှင်းလင်းပြသမည့် အစီအစဉ်
- ဂိမ်းနှင့်ကာတွန်းဖန်တီးရေးဆွဲရန်လိုအပ်သောကျွမ်းကျင်မှုများ
- ပြီးပြည့်စုံသော ဂိမ်းနှင့်ကာတွန်း ဖန်တီးရန် အရုပ်၊အသံ၊ကာလာ၊ရွေ့လျားမှုစသော ညီညွတ်မျှတမှုအရည်အသွေးများ
- အသက်အရွယ်နှင့်စိတ်ခံစားမှုကို ပိုင်းခြား၍ ဂိမ်းနှင့်ကာတွန်း ဇာတ်ကောင်များ ဖန်တီးရွေးချယ်ခြင်း

MAGES
Institute of Excellence
Speaker Profile :
U NANDA YE AUNG
Head of Department, Game Design

20% OFF COURSE FEE + FREE APPLE MACBOOK PRO

3 Sep 2016
10:00 am - 12:00 noon
CROWN Edu: Center

Call Us : 01 527 838, 09 450 200 040, 09 732 732 77

## ရွှေကမ္ဘာ
အိမ်ပြောင်း/
အိမ်ရွှေ့လုပ်ငန်း
14'ကားများဖြင့် လုပ်သားအပါတာဝန်ယူဆောင်ရွက်ပေးသည်။(မြို့တွင်း/နယ်ဝေး)
Ph : 09-5097001
09-49259491
09-421177464

## သာလွန်ကျော်
အုံ့မြို့သစ်တောင်ပိုင်း၊မြောက်ပိုင်း၊အရှေ့ပိုင်း၊ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ရောင်းပေးဝယ်ပါသည်။
Ph:09-420780797
09-254285314

## မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း /နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

## ရောင်ခြည်သစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

## သီဟာလင်း
အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
မြို့တွင်း၊နယ်ဝေးအိမ်
အပြောင်းအရွှေ့အတွက်
စီစဉ်ပေးသည်။
Ph:01-570307,
09-5112729,
09-5126394

## မြေကွက်များ ဝယ်လိုသည်
ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံတောင် မြို့နယ်များရှိ မြေကွက်များဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊
၀၉-၉၆၇၀၆၈၈၅၅

## ငှားမည်
13000 sqft အကျယ်
NEW WORLD BLDG
အဆင့်မြင့် ၃ထပ်ခွဲတိုက်
တစ်လ ကျပ်သိန်း ၂၀၀
ခြောက်လမ်းသွားကမ္ဘာအေးဘုရားလမ်းမကြီးဘေးတွင် တည်ရှိပြီး လူကြိုက်အများဆုံးဇရိယာဖြစ်သည်။ ကျောင်းများ၊ စူပါမားကတ်များ၊ ဘဏ်များ၊ စားသောက်ဆိုင်များ၊ Show Room များတို့နှင့် Block တစ်ခုတည်းတွင်ရှိသည်။ အင်းယားကန်နှင့် နီးနေခြင်း၊ အဆောက်အဦးများ မြွတ်သိပ်ကျပ်ညပ်မှု မရှိပဲ ခြံဝန်းကျယ်ကြီးများသာရှိနေခြင်းတို့ကြောင့် စိတ်ကြည်လင်စေခြင်း၊ မီးပွိုင့်ကုန်းတံတားရှိခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုမရှိခြင်း၊
ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ်၊ ရန်ကုန်
09 5157160
09 96 5157160


SAMSUNG
DAY
2016, SEPTEMBER
SAMSUNG Smart Phones နှင့် Tablets တွေဝယ်ယူပြီး
လက်ဆောင်တွေ ရယူလိုက်ကြရအောင်
စက်တင်ဘာလ (၁)ရက်နေ့မှ (၃)ရက်နေ့အထိ
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်
SAMSUNG
Bluetooth speaker
Traveller Bag
Mini Fan
ကျပ် ၅၀၀,၀၀၀ မှ ၂၀၀,၀၀၀ အတွင်း ဝယ်ယူသူတိုင်းအတွက်
LOVELY
SAMSUNG
Proda powerbank
10,000 mAh
Traveller Bag
Mini Fan
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်
SAMSUNG
Remax Powerbank
5,000 mAh
Traveller Bag
Mini Fan
လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။ ပရိုမိုးရှင်း အစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar မှ သတ်မှတ်ထားသည့် အတိုင်းသာဖြစ်သည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် Samsung promotor ရှိသောကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM


Social Pack
MPT
ရှေ့သို့လှမ်းချီမြန်မာပြည်
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook . Viber . Line . COC*. Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ
200MB/199Ks
*3001#
SP1 to 1332
၇ ရက်
1000MB/999Ks
*3002#
SP2 to 1332
ရက် ၃၀
4000MB/3999Ks
*3003#
SP3 to 1332
MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
*အသေးစိတ်အချက်အလက်များကို Terms & Conditions တွင် ကြည့်ရှုနိုင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106 | free hotline 24 hours everyday

## ကြော်ငြာ

**မင်းကျန်စစ်** ပြည်တွင်း-ပြည်ပခရီးသွားလုပ်ငန်း နှင့် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး

အမှတ် (၆၆)၊ အခန်း(၃၀၁)၊ ၃လွှာ၊ သုမင်္ဂလာလမ်း၊ ၈ဝန၊ သင်္ဃန်းကျွန်း။ ဖုန်း-၀၁ ၈၅၆၆ ၅၁၃ - ၅၁၄၊ ၀၉ - ၂၅၄ ၂၆၃ ၃၅၅

ယခုနှစ် ၂၀၁၆-၁၇ ခုနှစ်ဘုရားဖူးရာသီတွင် သံဝေဇနီယလေးဌာန( အိန္ဒိယ+နီပေါ ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို လစဉ်ထွက်ရှိရန်အောက်ပါခရီးစဉ်များကို စီစဉ်ထားပါသည်။ ဗုဒ္ဓဂယာခရီးစဉ်တွင် (၁၆)ဦး စုစည်းလိုက်ပါလျှင် တစ်ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။ နိုင်ငံကူးလက်မှတ်ရှိသူများ (၃၀,၀၀၀/-)ကျပ် ပြန်လျော့ပေးပါမည်။ (၂)လကြိုတင် စာရင်းပေးသွင်းရန် မေတ္တာရပ်ခံအပ်ပါသည်။

- (၈ ရက်ခရီး ) (ဘားရိုက်ငြိမ်း) ➡ သံဝေဇနီယလေးဌာန (ဗွား+ဓွပ်+ဘော+စံ)+အဝိဇဝ်တဌာန +(အိန္ဒိယ + နီပေါ)
- (၁၅ ရက်ခရီး) (ဘားရိုက်ငြိမ်း) ➡ သံဝေဇနီယလေးဌာန +အဝိဇဝ်တလေးဌာန၊ နယူးဒေလီ +တင်ချိုတော +(အိန္ဒိယ+နီပေါ)

အောက်တိုဘာ (၅) ၁၅ ရက်ခရီး | နိုဝင်ဘာ (၂၀) ၈ ရက်ခရီး | ဒီဇင်ဘာ (၄) ၁၅ ရက်ခရီး | ဒီဇင်ဘာ (၁၄) ၈ ရက်ခရီး

ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ လများတွင်လည်း လစဉ် ထွက်ရှိပါသည်...

ပြည်ပခရီးစဉ် ➡ ဗီယက်နမ် ➡ စက်တင်ဘာ (၁၇)

(၆၃)နှစ်ပြည့် အာတာထွက်ပွဲနှင့် ဗိဿနိုးရုပ်တော်များဖူး
**စင်ပြင်ရွာ၊ ပုဂ္ဂါ၊ မယ်တော်ကျွန်း**
အလောင်းတော်ကဿပ၊ နဂါးရုပ်တော် (၁၆.၉.၂၀၁၆)ထွက်မည်။

ရွှေဝေ ... 55000/-Ks Ph: 09 450024419, 09 790629747

**FULLY LIGHT** ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်..
လိပ်စာ - ဒဂုံစင်တာ(၁)၊ ဘီဆောင် - ၈၀၁၊ မြေနီကုန်း၊ စမ်းချောင်း။
01-503815 ,09-333 777 82,09-42 101 3085

**တက်ရှု** Travel... (၆၄)ကြိမ်မြောက် အာတာထွက်ပွဲ
မြဝတီ၊ ဘားအံ၊ ဘုရားစုံဖူး
100000/- (၅)ဦးလျှင် (၁)ဦး Foc
Sep 9, 30 ထွက်မည်
* အာတာထွက်ပွဲ(သီးသန့်) Sep 16
* ပုပ္ပါး၊ ပုဂံ(ရွှေတော်လေးဆူ)၊ ပခုက္ကူ
* ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ
09-254855582, 09-254855583, 09-254855560, 09-73193817

**ဦးရဲမင်းမိုင်(သချာ) ဒဝတာနီး ၆ ပြေတ်**
၁၆၅၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။ ၀၉ ၇၃၁ ၆၁၁၄၀
စာသင်ဝိုင်း(၁၅)ဦးသီးသန့်-(လစဉ် - ၇၅၀၀၀)
ညနေတန်း ၅း၀၀-၇း၀၀-(လစဉ် - ၄၀၀၀၀) ၄•၉• ၂၀၁၆စမည်။







အား က စား မြင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဦးကျော်မင်း

### အသက်(၇၈)နှစ်

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

**ဥက္ကဋ္ဌ၊ရခိုင်ပြည်နယ်ဓမ္မာရုံဂေါပကအဖွဲ့(ရန်ကုန်)**

ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့(ရန်ကုန်)၏ ဥက္ကဋ္ဌ တာဝန်ကို ၂၀၀၄ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကာယ၊ ဉာဏ၊ ဓနအင်အားကြီးသုံးဖြာဖြင့် စွမ်းစွမ်းတမံဓမ္မာရုံကြီး ဘက်စုံတိုးတက်ဖွံ့ဖြိုးရေးအတွက် စွမ်းဆောင်ပေးခဲ့သော ဥက္ကဋ္ဌကြီး ဒေါက်တာ ဦးကျော်မင်းသည် ၂၈-၈-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုအတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊ ရခိုင်ပြည်နယ်ဂေါပကအဖွဲ့(ရန်ကုန်)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်အုန်းရင်(ပွဲနတ်ဆာ)**

**အသက်(၁၀၂)နှစ်**

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ဦးဆောင်နာယကကြီး ဦးမြင့်သိန်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ လေကြောင်းဦးစီးဌာန)- အလုပ်အမှုဆောင် ဒေါ်ခင်အေးမြင့်တို့၏အစ်မကြီး ဒေါ်အုန်းရင်သည် ၂၈-၈-၂၀၁၆ ရက်နေ့တွင် ပွဲနတ်ဆာမြို့၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးမောင်မောင်ထွန်း**

**အသက် (၉၄)နှစ်**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား/ကျောင်းသူဟောင်းများ လူမှုရေးကူညီစောင့်ရှောက်မှုအသင်း-အသင်းဝင် ကျောင်းသားဟောင်းဖြစ်သူ ဦးမောင်မောင်ဦး(ခ)ဦးဟိန်းလတ်၏ဖခင်ဖြစ်သူ ဦးမောင်မောင်ထွန်း အသက်(၉၄)နှစ်သည် ၂၆-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသား/ကျောင်းသူဟောင်းများ လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

---

**ဝမ်းနည်းကြေကွဲခြင်း**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အကြောအဆစ်ရောဂါကုပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာစိုးစိုးခိုင်၏ မိခင်ဖြစ်သူ ဒေါ်ခင်ကျော့ အသက်(၉၂)နှစ် (ကွမ်းခြံကုန်းမြို့)သည် ၂၅-၈-၂၀၁၆ ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာခင်မျိုးလှ**
**ဆရာဝန်များ**
**အကြောကျွမ်းကျင်ပညာရှင်များနှင့်ဝန်ထမ်းများ**
**အကြောအဆစ်ရောဂါကုပညာဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါက်တာဦးကျော်မင်း**

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

**အသက် (၇၈) နှစ်**

**နာယက၊ ရခိုင်သဟာယအသင်း(ရန်ကုန်)**

ရခိုင်သဟာယအသင်း(ရန်ကုန်)၏နာယကဖြစ်သူ ဒေါက်တာဦးကျော်မင်း အသက်(၇၈) နှစ်သည် ၂၈-၈-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်အဖွဲ့၊ ရခိုင်သဟာယအသင်း(ရန်ကုန်)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးအာကာထွန်းလှိုင်**

**အသက် (၃၄)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြိုကုန်း ၄လမ်း (တောင်) အမှတ်(၉၀)နေ၊ ဒေါက်တာဆွေးအိအိချို (ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျောက်တံတားမြို့နယ်)၏ ချစ်လှစွာသောခင်ပွန်း၊ မဝင့်ချိုသာ (ခ) ဖူးဖူး၏ဖခင် ဦးအာကာထွန်းလှိုင်သည် ၂၆-၈-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း ။ ။

**၁၁/၉၉ခုနှစ်၊ ပထမနှစ် ဆေးတက္ကသိုလ် (၁)ဝင်**
**အတန်းဖော် သူငယ်ချင်းများ**

---

**လူနေဆိုင်ခန်းငှားရန်**

စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ပဒုမ္မာ ပန်းခြံလမ်းရှိ ပေ(၁၀×၂၀) ထပ်ခိုးပါ ရေချိုးသန့်စင်ခန်းပါ၊ လူနေဆိုင်ခန်း (၁)ခန်းငှားမည်။ ပွဲစားမလို။

**ဖုန်း - ၀၉-၂၅၄၂၅၇၀၀၂**

---

**အမည်မှန်**

ပေါင်မြို့နယ် အ. လ. က (၃) သတ္တမတန်း (က) ဦးစိုင်းမင်းကျော် (၁၂/တတန(နိုင်)၀၇၅၁၀၂) ၏သမီးအမည်မှန်မှာ မကျူးစန္ဒာကျော်ဖြစ်ပါကြောင်း။

မကျူးစန္ဒာကျော်

---

**ဦးကီဆန်းကူမား (၄၃)နှစ်**

**တပ်ကြပ်ကြီးစာရေး(ငြိမ်း)**

(ဦးကီရှူးဆင်ချတ္တရီး-ဒေါ်ဟာစတာမာယာ)တို့၏ သားထွေး၊ ဒေါ်ဘီဒေဗီ (အထပြ-ငြိမ်း၊ ထ-၁၊ ဗဟန်း)၊ ဦးသိန်းဝင်း-ဒေါ်အာရ်သီးဒေဗီ (TEO-ငြိမ်း၊ မြို့လှ)၊ ဒေါက်တာဒီပါတ် (ပြည်နယ်ကုသရေးဦးစီးမှူး၊ ပြည်နယ်ဆေးရုံအုပ်ကြီး၊ ပြည်သူ့ဆေးရုံ ခုတင်-၅၀၀၊ လားရှိုးမြို့)-ဒေါ်စန္ဒီ၊ မကြူကြူ၊ မဘေဘီ၊ ဒေါက်တာရှိဆန်း(B.V.Sc) တို့၏ ညီ/မောင်၊ မောင်ရှိမ်ဆန်း၊ မောင်အောင်ကိုဟိန်း(B.E, MBA)၊ ဒေါက်တာအောင်ဘိုဟိန်း(MB,BS) မရတနာပွင့်တို့၏ ဦးလေးသည် ၂၈-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၂း၃၀ နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ(၄)လမ်း၊ အမှတ် (၁၀၀)နေအိမ်၌ ကွယ်လွန်သွားသဖြင့် ယင်းနေ့တွင်ပင် ရေဝေးဟိန္ဒူသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [၈-၉-၂၀၁၆ (ကြာသပတေးနေ့)တွင် ရက်လည် ဆွမ်းကျွေးမည်ဖြစ်၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

၁ကျန်ရစ်သူမိသားစု

---

**ဂေါ်ကာရှင်း(ခ)ဦးကာစိန်**

**(တိုက်ကြီး)**

**အသက် (၈၆) နှစ်**

တိုက်ကြီးမြို့နေ (ဦးပက်လန်-ဒေါ်ယု)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ အမှတ်(၁၅/၁၇)နေ ဒေါ်ဦး၏ခင်ပွန်း၊ ဦးတင်ဝမ်း၊ ဒေါ်ခင်သန်းဦး-ဦးဝေလွင်-ဒေါ်ခင်ဝင်း၊ ဦးဝင်းသိန်း-ဒေါ်ခင်သန်းဝင်း၊ ဦးပေါ်ဦး-ဒေါ်ခင်သန်းမြင့်၊ ဦးတင်မြင့်- ဒေါ်ရွှေယဉ်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၃ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးစိန်မြင့်(ဘိုကလေး)**

ဗိုလ်မှူး(ငြိမ်း)၊ ကြည်း-၆၂၇၄၊ ဗိုလ်သင်တန်းအပတ်စဉ်(၇)

လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)

**အသက်(၈၈)နှစ်**

အထက(၆)အလုံမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီမြင့်၏ဖခင် ဦးစိန်မြင့်(ဘိုကလေး)သည် ၂၆-၈-၂၀၁၆(သောကြာနေ့) ၂း၁၅နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထက(၆) အလုံ မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဒေါက်တာဦးကျော်မင်း (Ph.D, Astrology)**

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

**အသက်(၇၈)နှစ်**

Myanmar Voyages International Tourism Co., Ltd ၏ ဒါရိုက်တာအဖွဲ့(နာယက) ဆရာဦးကျော်မင်းသည် ၂၈-၈-၂၀၁၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်တိုး(President)- ဒေါ်မေမေခင်**
**ဦးသက်လွင်တိုး(MD)- ဒေါ်လွင်လွင်ကျော် (Director)**
**Myanmar Voyages ဝန်ထမ်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်မြင့်မြင့်**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်နေ မေတ္တာရောင်ခြည် လူမှုကူညီရေးအသင်း(ရန်ကုန်)မှ တွဲဖက်လူမှုရေးတာဝန်ခံ ဒုရဲအုပ်ငွေးလှိုင် (သတင်းတပ်ဖွဲ့)-မတင်ဇာဝင်းတို့၏မိခင် ဒေါ်မြင့်မြင့် (၆၁)နှစ် (မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဇီးဖြူပင်ကျေးရွာအုပ်စု၊ ကိုးလံကျေးရွာ)သည် ၂၇-၈-၂၀၁၆ (စနေနေ့) နံနက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိလားပါစေကြောင်း တောင်းဆုပြုအပ်ပါသည်။

**မေတ္တာရောင်ခြည်လူမှုကူညီရေးအသင်း**
**(ရန်ကုန်)**
**အဝေးရောက်ဇီးဖြူပင်နယ်သူနယ်သားများ**

---

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဇရပ်၊ တန်ဆောင်း ဒါယကာကြီး**

**ဦးကျော်တင် (M.E.I.C-ငြိမ်း)**

**(ဒိပ္ပါဘိညာသဒ္ဓမ္မရံသီယောဂီ)**

**အသက်(၉၃)နှစ်**

ဖျာပုံမြို့၊ အစိုးရရှေ့နေ (ဦးဘညို-ဒေါ်သန်းစိန်)တို့၏သား၊ ဒေါ်ခင်ဆွေမြင့်၏ခင်ပွန်း၊ (ဒေါ်အေးကြည်)၏မောင်၊ ဒေါ်ခင်မြင့်၏အစ်ကို၊ ဒေါ်ဝါဝါတင်၊ ဦးကျော်ဇော-Rose၊ ဒေါက်တာယုယုတင် - ဒေါက်တာကောင်းဝင်း၊ ဒေါက်တာမို့မို့တင်-IAN၊ ဒေါ်ချစ်ချစ်တင်၊ ဒေါ်မီမီတင်-PETER၊ ဒေါ်စန္ဒီတင်တို့၏ ကျေးဇူးရှင်ဖခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၂-၈-၂၀၁၆ (တနင်္လာနေ့) ဩစတေးလျနိုင်ငံ ဒေသစံတော်ချိန် နံနက် ၇နာရီတွင် ဆစ်ဒနီမြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

**ဟာဂျီမဒေါ်ဟာဇရာ(ခ)**

**ဒေါ်ကြည်ကြည်(မအူပင်မြို့)**

**အသက်(၉၀)**

မအူပင်မြို့၊ တေဇလမ်း၊ အမှတ်(၄)နေ (ဦးချစ်ဖေ-ဒေါ်သိန်း)တို့၏ သမီးကြီး၊ (ဦးပု-ဒေါ်အေး)တို့၏သမီးချွေးမ၊ (ဦးချစ်မောင်)၏ဇနီး၊ ဦးစိုးဝင်း-ဒေါ်ရီလေး၊ဦးခင်မောင်စိုး-ဒေါ်တိုးဝင်း၊ ဦးပါလေး-ဒေါ်လှလှဝင်း၊ ဒေါ်အမာနီ၊ ဦးဂျော်နီ-ဒေါ်ဂျီလာနီ၊ (ဦးခင်မောင်ဇော်)-ဒေါ်မာလာ၊ (ဦးစိုးမြင့်)-ဒေါ်မိမိလေးတို့မိခင်ကြီး၊ မြေး ၁၅ယောက်တို့၏အဘွား၊ မြစ် ၁၈ယောက်တို့၏ ဘွားဘွားကြီးသည် ၁၅-၇-၂၀၁၆ရက် ညနေ ၆း၀၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားဖြင့် ၁၆-၇-၂၀၁၆ရက် မွန်းလွဲ ၁း၃၀နာရီတွင် တေဇလမ်းဂျာမေဗလီကြီး၌ ဂျနာဇာဝတ်ပြုဆုတောင်း၍ မအူပင်မွတ်စလင်မ်သုသာန်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယကာမကြီး**

**ဒေါ်ကျင်ရင် (၈၆)နှစ်**

ဗိုလ်တထောင်မြို့နယ်၊ (၄၇)လမ်း၊ အမှတ်(၁၄၇)၊ သုံးလွှာနေ (ဦးဘာဘာ-ဒေါ်ကင့်နန်)တို့၏သမီး၊ (ဦးဟုတ်-ဒေါ်လှရင်)တို့၏ ညီမ၊ (ဒေါ်တင်အေး)၊ (ဒေါ်အေးမျှင်)၊ ဦးသန်းအောင်-(ဒေါ်ခင်ခင်သိုက်)၊ (ဒေါ်သန်းသန်းရီ)တို့၏ အစ်မ၊ (ဦးသန်းဝင်း)-ဒေါ်ခင်အေး၊ (ဦးခင်ဝင်း)၊ ဦးသီဟစိုး-ဒေါ်မင်းမင်းထွေးတို့၏အဒေါ်၊ မြေးနှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားသည် ၂၈-၈-၂၀၁၆ရက် မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။ [၃-၉-၂၀၁၆ ရက် နံနက် ၇နာရီမှ ၉နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဂေါ်ကာရှင်း(ခ)ဦးကာစိန်**

**(တိုက်ကြီး)**

**အသက် (၈၆)နှစ်**

တိုက်ကြီးမြို့နေ (ဦးပက်လန်-ဒေါ်ယု)တို့၏သားကြီး၊ (ဦးထွန်းလှ)-ဒေါ်ကြင်မေ၊ ဦးခင်စိန်-ဒေါ်ခင်စန်းရီ၊ ဦးမြင့်ဝေ-ဒေါ်ရီရီရွှေ၊ ဦးစိုးလှိုင်-ဒေါ်အေးအေးမြင့်၊ (ဦးတင်ဝင်း)-ဒေါ်ခင်လွမ်းတို့၏ အစ်ကိုကြီးသည် ၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၃နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူညီကိုမောင်နှမများ

---

**ဦးရည်ချွန် (၅၈)နှစ်**

**Sr Mgr (Yoma Bank)**

ညောင်ဦးမြို့နေ (ဦးဘိုကြီး)-ဒေါ်ကျင်ကျင်တို့၏သားကြီး၊ ဒေါ်ကြည်ကြည်ဦး၏ ချစ်လှစွာသောခင်ပွန်း၊ မအေးငြိမ့်ငြိမ့်စံ၊ မောင်စွမ်းရည်မောင်တို့၏ဖခင်သည် ၂၈-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၀၀း၄၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၆ ရက်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင် ရေကျော်၊ (၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ တိုက်အမှတ်(၄၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

**သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်မြင့် (၉၃)နှစ်**

**စိန်ကုန်သည် မန္တလေး**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ် (၁၅/ဒီ)နေ (ဦးလှတင်-ဒေါ်အုန်းတင်)တို့၏ သမီး၊ (ဦးဘိုကျော်)၏ ဇနီး၊ ဦးအေးမောင်-ဒေါ်နီနီ(စိန်စပွါယ်ဖူးစိန်တိုက်)၊ (ဦးစန်းဝင်း)၊ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာထွန်းထွန်းဦး-သီဟသုဓမ္မသိင်္ဂီ ဒေါ်မာမာ (Jewel Rock, Gems & Diamond)၊ ဒေါက်တာ ခင်မောင်ဝင်း-ဒေါက်တာဝေဝေ(Diamond Land စိန်အရောင်းပြခန်း)၊ (ဦးဝင်းနိုင်)-သီဟသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်း (Win & San Diamonds & Fine Jewelry)၊ ဒေါ်မိုးမိုး(ခ)မဘုတ် (စိန်ကမ္ဘာ စိန်ရောင်းဝယ်ရေး)၊ (ကိုကိုထွေး)တို့၏မွေးသမိခင်၊ မြေး ၁၂ယောက်၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီး သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်မြင့်သည် ၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၁း၃၅နာရီတွင် ဗဟိုရ်ရစည်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေါ်မြကြည် (ပဲခူး) (၈၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီကွန်ဒို၊ တိုက် (၇+၁/အေ)၊ အခန်း (၂၀၂)နေ (ဦးကျော်)၏ဇနီး၊ ဦးကျော်ဌေး-ဒေါ်ခင်အေးမြင့် (ဘုရင့်နောင်စျေး)၊ ဒေါ်မိမိခိုင်၊ ဒေါ်ဝင်းကြည်(ခ)ဒေါ်ဥမ္မာတို့၏ မွေးသမိခင်ကျေးဇူးရှင်ကြီး ဒေါ်မြကြည်သည် ၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ကျောင်း ဒါယကာကြီး**

**ဦးအောင်မြင့် [တဆရ (၂/၅၀၀)ငြိမ်း] (၈၂)နှစ်**

မန္တလေးတိုင်းဒေသကြီးနေ တိုင်းရင်းမြန်မာသမားတော်ကြီး (ဦးချစ်လှိုင်-ဒေါ်ယဉ်ယဉ်)တို့၏သား၊ မုံရွာမြို့နေ (ဦးညိုကြီး-ဒေါ်ချစ်စိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ အမှတ်(၅၀၃)၊ တမ္ဗဝတီလမ်းနေ (ဒေါ်တင်စန်း)၏ ချစ်လှစွာသောခင်ပွန်း၊ CE ဦးအောင်ဆန်း (Uniteam Marine)-ဒေါ်သီတာမိုး၊ ဒေါ်နုယဉ်၊ တကကစိန်သောင်း (ကကကြည်း၊ ငွေစာရင်းဌာန၊ နေပြည်တော်)-ဒေါ်စန်းယဉ်၊ BSN ဦးမောင်မောင်စိုး(Uniteam Marine)-ဒေါ်ကြည်မြင့်၊ J/E မောင်ဏီလင်းအောင် (Uniteam Marine)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မသုအိခက်ပြည် (ILBCမန္တလေး)၊ မောင်ကောင်းမြတ်အောင်(Light House)၊ မောင်ကျော်ဇင်သက် (အထက ဖေယျာသီရိ၊ နေပြည်တော်)၊ မဆုသက်ထားနွယ်(အထက-၃၊ မြောက်ဥက္ကလာ)၊ မဝိုင်းသီတာ (အမေ့အိမ်)တို့၏ ချစ်လှစွာသောအဘိုးသည် ၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၃ နာရီတွင် ရွှေလမင်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးသောင်းမြင့် (ဓနုဖြူ/ရေလဲ) (၇၃)နှစ်**

**အထက်တန်းပြ(ငြိမ်း)**

**အထက(ဓနုဖြူ)၊ အထက(ဖောင်ကြီး)၊ အထက(၅)၊ မင်္ဂလာတောင်ညွန့်**

ရန်ကုန်မြို့နေ [ဦးစိန်ကြိုင်(ခ)ဦးညွန့်စိန်-ဒေါ်မြရီ]တို့၏တစ်ဦးတည်းသောသား၊ (ဦးဖေစိန်-ဒေါ်ကြည်)တို့၏သားသမက်၊ အမှတ်(၇၂)၊ ဗိုလ်လက်ျာလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်လှလှကြိုင် (ညွှန်ကြားရေးမှူး-ငြိမ်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုဦး-ဒေါ်ယဉ်မျိုးသူ၊ ဗိုလ်မှူးကျော်စည်သူ (တပ်မတော်ရေ)-ဒေါ်ပန်းအိဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မဖြူနှင်းသူ (Grade-5-B၊ အထက-၁၊ ဒဂုံ)၊ မောင်ခန့်မင်းထက်(Grade-3-A၊ အထက-၁၊ ဒဂုံ)၊ မခေတ်သံစဉ်တို့၏အဘိုးသည် ၂၉-၈-၂၀၁၆ရက် နံနက် ၀၀း၄၅ နာရီတွင် ရွှေလမင်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်လှထွန်း (၅၂)နှစ်**

**ကထိက၊ သင်္ချာဌာန၊ မအူပင်တက္ကသိုလ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ တတိုင်းမွှေးလမ်း၊ အမှတ် (၈၅/၂)နေ ဦးဉာဏ်ထွန်း-(ဒေါ်မြသိန်း)တို့၏သမီး၊ ဒေါ်ခင်မြထွန်း၊ (ဦးရဲထွန်း)၊ ဒေါက်တာခင်စန်းထွန်း (သတ္တဗေဒဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၏ညီမ၊ ဦးရန်လင်းအောင် (ဒု-ညွှန်မှူး၊ နယ်စပ်ရေးရာ)-ဒေါ်ခင်သန်းထွန်း၊ ဒေါ်ခင်သက်လွင်ထွန်းတို့၏ အစ်မ၊ မောင်ကျော်ဇေယျာလင်း (အထက-၁၊ ဒဂုံ)၊ မထူးထူးလှိုင် (အမက-၃၁၊ တောင်ဥက္ကလာပ)တို့၏ကြီးကြီး ဒေါ်ခင်လှထွန်းသည် ၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်နန်းအုန်းခင် (၇၃)နှစ်**

**(ကျောက်မဲမြို့)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်(၁၇၀)နေ (ဦးစိုင်းအောင်ကျော်) (ကျောက်မဲ)၏ဇနီး၊ ဦးမြင့်ထွေး-ဒေါ်နန်းသန်းသန်းနု၊ ဦးစိုင်းစွမ်ဖ-မမီး၊ ဦးလွင်မိုးအောင်-ဒေါ်နန်းစံဟွမ်တို့၏ မိခင်၊ မြေးငါးယောက်တို့၏အဘွား ဒေါ်နန်းအုန်းခင် (ကျောက်မဲ)သည် ၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၁း၂၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ICU ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးဝင်းချမ်(ခ)ဝေါင်ဝင်းချမ်**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့နေ (ဝေါင်ကြည်ခင်-ဒေါ်ဝူပီလန်)တို့၏သားကြီး၊ ဝါးခယ်မမြို့နေ (ဦးကင်စု-ဒေါ်ကွီးလှိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၁)လမ်း၊ အမှတ်(၄၅/ဘီ)၊ မြေညီထပ်နေ ဒေါ်ထွေးရီ၏ခင်ပွန်း၊ ဝေါင်စင်းယွန်၊ ဒေါ်ယုလွင်၊ ဒေါ်ခင်ခင်ရီ၊ ဒေါ်ခင်ခင်ကြည်၊ ဒေါ်ခင်ခင်အေး၊ ဒေါ်ခင်ခင်နီ၊ ဦးဝင်းကြည်၊ ဦးဝင်းစိန်-ဒေါ်ဝင်းပပအေး၊ ဒေါ်စိန်မေတို့၏အစ်ကိုကြီး၊ မဖြူဖြူခင်၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်စွမ်းရည်ပိုင်၊ မောင်ဇွဲထက်နိုင်တို့၏ ဘကြီးသည် ၂၉-၈-၂၀၁၆ရက် နံနက် ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ၂၀၁၆ တိုယိုတာ မဲခေါင်ဖလားပြိုင်ပွဲ ရတနာပုံအသင်း ယှဉ်ပြိုင်မည်

သတင်း - ရှိုင်းထက်ဇော် ၊ ဓာတ်ပုံ - စိုးညွန့်

**ရန်ကုန် ဩဂုတ် ၃၀**

၂၀၁၆ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည့် ရတနာပုံအသင်းသည် မဲခေါင်ဒေသနိုင်ငံများအတွက် ကျင်းပသည့် တိုယိုတာမဲခေါင်ဖလားပြိုင်ပွဲကို ရာသီသစ်အတွက် ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ဇန်နဝါရီ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲကို ၂၀၁၅ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲပြိုင်ဆိုင်မှု ပြင်းထန်စေရန် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ၂၀၁၅ ပြိုင်ပွဲရလဒ်အပေါ် မူတည်၍ ပွဲစဉ်ရေးဆွဲထားပြီး ချန်ပီယံဖြစ်ခဲ့သည့် ထိုင်းကလပ်အသင်းမှာ ဗိုလ်လုပွဲ၊ ဗိုလ်လုပွဲရောက်ခဲ့သည့် ကမ္ဘောဒီးယား ကလပ်အသင်းမှာ ဆီမီးဖိုင်နယ်နှင့် အခြားကလပ်အသင်းများဖြစ်သည့် မြန်မာ၊ ဗီယက်နမ်၊ လာအိုအသင်းတို့မှာ ပထမအဆင့်မှစတင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် အသင်းများ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



၂၀၁၆ MNL အမှတ်ပေးချန်ပီယံ ရတနာပုံအသင်း။



စေတနာကြီးဘုရား ငြမ်းဆင်ပြီးစီးမှုကို ဩဂုတ် ၃၀ ရက်က တွေ့ရစဉ်။

# ပုဂံဒေသ၌ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်သင့်ရိုးရာကျယ်ပြန့်၍ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ အဖွဲ့ငါးဖွဲ့ခွဲကာ ဆောင်ရွက်လျက်ရှိ

ညောင်ဦး ဩဂုတ် ၃၀

**ငလျင်ဒဏ်သင့်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် နယ်မြေအားဖြင့် ကျယ်ဝန်းခြင်းကြောင့် ပြန်လည်ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် နယ်မြေပိုင်းခြားမှုများပြုလုပ်ကာ အဖွဲ့ငါးဖွဲ့ ခွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

# စက်တင်ဘာ ၁ ရက်မှစ၍ တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းနယ်စပ်ဂိတ်များမှ Online စနစ် e-Visa ဖြင့် ပြည်ဝင်ခွင့်ပြုမည်

**နေပြည်တော် ဩဂုတ် ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံတော်၏ ပြောင်းလဲတိုးတက်လာသည့် အခြေအနေများနှင့်အညီ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လိုသည့် နိုင်ငံပေါင်း ၁၀၀ မှ ကမ္ဘာလှည့်ခရီးသည်များအတွက် online မှ Visa လျှောက်ထားသည့် e-Visa စနစ်ဖြင့် ကမ္ဘာလှည့်ဗီဇာ(Tourist Visa)ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စတင်ခွင့်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် ဆက်လက်ခွင့်ပြုပေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ရင်းနှီးလုပ်ကိုင်လိုသော နိုင်ငံပေါင်း ၅၁ နိုင်ငံမှ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

# ထူးကဲဒီရေတက်မည်

**နေပြည်တော် ဩဂုတ် ၃၀**

စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက်အမြင့်ပေ ၂၀ ဒသမ ၁၁ ပေခန့်မှ ၂၀ ဒသမ ၅၃ ပေခန့်အထိ သာမန်ထက် ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက်အမြင့်ပေ ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက်အမြင့် ပေ ၂၀ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသော ပြည်သူများအား ယခုကဲ့သို့ သတိပေး သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က အသိပေးအကြောင်းကြားထားသည်။ **(ကြေးမုံ)**


